မြန်မာ့အလင်း

၁၂၇၅ ခုနစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၂၅၅)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၉ ရက်

၂၀၁၂ ခုနှစ်၊ ဇွန် ၁၇ရက်၊ တနင်္ဂနွေ။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိုက်စလန်နိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဇွန် ၁၇

၂၀၁၂ ခုနှစ် ဇွန် ၁၇ ရက်တွင် ကျရောက်သော အိုက်စလန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အိုက်စလန်သမ္မတနိုင်ငံသမ္မတ မစ္စတာ အော်လာဖျူဂရင်မ်ဆန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၂ ခုနှစ် ဇွန် ၁၇ ရက်တွင် ကျရောက်သော အိုက်စလန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အိုက်စလန်သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာ ဆစ်မန်ဒါ ဒေးဗစ်ဂွန်လက်ဆွန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နောင်ချိုမြို့ ချောင်းကြီးကျေးရွာအနီးရေတံခွန်မှ ရေအားလျှပ်စစ်ထုတ်ရန်တိုင်းတာ ပတ်ဝန်းကျင်ကျေးရွာများ မီးလင်းစေပြီး ဒေသဖွံ့ဖြိုးရေး ထိရောက်စွာလုပ်နိုင်မည်

နေပြည်တော် ဇွန် ၁၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဇွန် ၁၅ ရက် နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပွဲကောက်ရေတံခွန်၏ မြောက်ဘက်တစ်မိုင်ခန့်အကွာ တစ်ဆက်တစ်စပ်တည်း ပျားလိမ္မော်ဧက ၄၀၀ ရှိ ပုဂ္ဂလိကခြံစိုက်ကွင်းသို့ ရောက်ရှိပြီး Honey ပျားလိမ္မော်၊ No-1 ပျားလိမ္မော်၊ Fermond ပျားလိမ္မော်၊ ကော်ဖီစိုက်ခင်းတို့၏ ဖြစ်ထွန်းအောင်မြင်နေမှုများနှင့် နဂါးမောက်သီးပင်များ စိုက်ပျိုးထားရှိမှုများကို ကွင်းဆင်းကြည့်ရှုရာ စိုက်ကွင်းတာဝန်ခံများက မျိုးကောင်းမျိုးသန့်များမှာယူ၍ ခေတ်မီစိုက်နည်းစနစ်နှင့် အဆင့်မြင့်ရေပေးစနစ်များဖြင့် ဆောင်ရွက်ထားရှိမှု၊ တစ်နှစ်ပတ်လုံးအသီးများရရှိစေရန် ခေတ်မီနည်းပညာများဖြင့် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သစ်သီးအဆင့်မြှင့်တင်ရေး အလုပ်ရုံအတွင်း၌ ပျားလိမ္မော်သီးများကို စနစ်တကျ အရွယ်အစားခွဲခြားဆောင်ရွက်နေမှုများ၊ အရည်အသွေးမြှင့်တင်စက်များ စမ်းသပ်လည်ပတ်နေမှုများနှင့် ပျားလိမ္မော်သီးများအား ဈေးကွက်သို့တင်ပို့ရောင်းချရန် ရွေးချယ်ထုပ်ပိုးပြင်ဆင်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ဆီဆုံကျေးရွာအုပ်စု ချောင်းကြီးကျေးရွာအနီး လားရှိုး-မန္တလေး ပြည်ထောင်စုလမ်းမကြီးနှင့် ၁၄ မိုင်အကွာ စာမျက်နှာ ၈ ကော်လံ ၅ ✻

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် နောင်ချိုမြို့အနီး ချောင်းကြီးရေလျှောင်တမံ တည်ဆောက်မည့် နေရာ၏ အထက်ရှိ ရေတံခွန်နှင့် ရေဝေရေလဲသဘာဝသစ်တောများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

မြန်မာလူငယ်များ ဂျပန်၌ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်နေ

ရန်ကုန် ဇွန် ၁၆

မြန်မာနိုင်ငံရှိ မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများအတွက် ဂျပန်နိုင်ငံ၌ ပညာသင်ကြားနိုင်ရေး အခွင့်အလမ်းများရရှိစေရန် ပညာရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ တိုကျိုဖုခုရှိ တက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် ကြိုးစားလျက်ရှိနေပြီဖြစ်သည်။

“မြန်မာကျောင်းသား ကျောင်းသူတွေအနေနဲ့ ဂျပန်မှာ ပညာဆက်လက်သင်ကြားရင်း မြန်မာနိုင်ငံမှာ သင်ယူနေတဲ့ ပညာရေးကိုလည်း ထိခိုက်မှုမရှိစေအောင် ပညာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းညှိနှိုင်းမှုတွေ ပြုလုပ်နေပါတယ်။ မြန်မာကျောင်းသား ကျောင်းသူတွေ ပညာရည်မြင့်မားပြီး သူတို့ရဲ့ အနာဂတ်ဘဝလှပစေဖို့ ကူညီဆောင်ရွက် စီမံပေးနေတာဖြစ်ပါတယ်”ဟု ရန်ကုန်မြို့ အထက်ပန်းဆိုးတန်းလမ်း မြန်မာ့ဂုဏ်ရည်အိမ်ရာ တိုက် A-3-2 အခန်း ၁၀၂ တွင် ဇွန် ၁၆ ရက် နံနက်က ကျင်းပသော ဂျပန်နိုင်ငံ၌ ပညာ စာမျက်နှာ ၃ ကော်လံ ၅ ■

သတင်းမှတ်စု ➤ မောင်သစ္စာ

ယနေ့မာတိကာ

ပက်ထရီရော့စ် ဒုံးကျည်များနှင့် တိုက်လေယာဉ်များ အမေရိကန်က ဂျော်ဒန်တွင် ဆက်လက်ထားရှိမည် စာမျက်နှာ-၄

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် အများပြည်သူဝန်ဆောင်မှု မီဒီယာ (၆) ဆောင်းပါး စာမျက်နှာ-၆

ကျွန်တော်နဲ့ကုလသမဂ္ဂ ဆောင်းပါး စာမျက်နှာ-၇

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

သမိုင်းအမွေအနှစ် ထိန်းသိမ်းကြမည်

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်တွင် တည်ရှိသော အင်းလေးကန်သည် အာဆီယံယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ခြင်းခံရသော သဘာဝရေအိုင်ကြီးဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၈၈၀တွင် တည်ရှိသည်။ အင်းလေးကန်သည် မြန်မာနိုင်ငံအတွက် ရှည်လျားသောသမိုင်းအစဉ်အလာနှင့် ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သောကြောင့် ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

အင်းလေးကန်ရေရှည်တည်တံ့ရေး၊ အင်းလေးကန်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ပိုမိုထိရောက်ရေးအတွက် နည်းလမ်းများ ဖော်ထုတ်ရန် အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပပြုလုပ်ပြီး အင်းလေးကန်ဒေသဝန်းကျင် ရေသယံဇာတများ ရေရှည်အသုံးချနိုင်ရေး၊ အင်းလေးကန်ဒေသဝန်းကျင် မှန်ကန်သည့် မြေအသုံးချမှုစနစ် ဖော်ထုတ်ရေး၊ ဒေသညစ်ညမ်းမှုများ ကာကွယ်ရန်နှင့် ဒေသခံများ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက်ဆောင်ရွက်ခဲ့သည်။ ယခုအခါ နော်ဝေနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့က ရန်ပုံငွေနှင့် နည်းပညာ အကူအညီများပေး၍ ၂၀၁၂ ခုနှစ်မှစ၍ အင်းလေးကန် ထိန်းသိမ်းကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးစီမံကိန်းကို ဆောင်ရွက်လျက်ရှိသည်။

အင်းလေးကန်သည် ဇီဝမျိုးစုံမျိုးကွဲပေါကြွယ်ဝသည့် ရေတိမ်ဒေသတစ်ခု ဖြစ်သည်။ ရေတိမ်ဒေသ၌ပေါက်သော အပင်ဖြစ်သည့် ရေညှိ၊ ရေမှော်၊ ရေမျောပင်၊ ရွံ့ညွှန်တောများ၊ ကိုင်းမြက်တောများပေါက်ပြီး ကန်ဝန်းကျင်အထက် ရွက်ပြတ်ရောနှောတောများ၊ အင်တိုင်းတောများ၊ တောင်ပေါ်တောများ၊ ထင်းရှူးတောများနှင့် တောင်ပေါ်မြက်ခင်းများ ပေါက်ရောက်သည်။ ထို့အပြင် အင်းလေးဒေသတွင် ဆေးဖက်ဝင် ပရဆေးပင်ပေါင်းများစွာနှင့် သစ်ခွမျိုးများလည်း ပေါက်ရောက်လျက်ရှိသည်။ ရေပျော်ငှက်၊ ဆောင်းခိုငှက်အမျိုးမျိုးတို့ နေထိုင်ကျက်စားရာဖြစ်ပြီး ဂေဟစနစ်တန်ဖိုးမြင့်သောနေရာဒေသဖြစ်သည်။

အင်းလေးကန်၏ မူလရေပြင်ကျယ်သည် စတုရန်းမိုင် ၁၀၀ ခန့် ရှိသော်လည်း ၂၀၁၀ ခုနှစ် တိုင်းထွာချက်အရ ရေပြင်အကျယ် စတုရန်းမိုင် ၂၄နှင့် ကန်ရေအနက်ဆုံးနေရာတွင် မိုးရာသီ၌ ၁၂ ပေ၊ နွေရာသီတွင် ခြောက်ပေခန့်ရှိသည်။ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုများကြောင့် အင်းလေးကန် တဖြည်းဖြည်းတိမ်ကောလာရသည့်အခြေအနေတွင် ရာသီဥတုပြောင်းလဲမှု အကျိုးဆက်များလည်း ပါဝင်ခဲ့ရသည်။ အင်းလေးကန် ရေရှည်တည်တံ့စေရေးအတွက် ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့ပေသည်။ ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများနှင့် လက်ရှိဆောင်ရွက်မှုရလဒ်တို့နှင့် ပေါင်းစပ်ပြီး အင်းလေးကန်နှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးတို့အတွက် ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

အင်းလေးကန်သည် အာဆီယံယဉ်ကျေးမှုအမွေအနှစ်အဖြစ်သတ်မှတ်ထားသည့် မြန်မာနိုင်ငံ၏ ကုန်းတွင်းရေအိုင်ကြီးဖြစ်ရာ မြန်မာတို့အတွက် ဂုဏ်ယူစရာ ယဉ်ကျေးမှုအမွေဖြစ်သည်။ ဇီဝမျိုးစုံပေါကြွယ်ဝပြီး သဘာဝပေါက်ပင်များသည် တန်ဖိုးရှိသော သဘာဝပေါက်ပင်များဖြစ်သည်။ အင်းလေးဒေသကို ပြည်ပခရီးသွားများကလည်း အများအပြားသိရှိကြပြီး အင်းသားတို့ လှေကိုခြေနှင့်လှော်ခတ်သည့် ခလှေသည် ကမ္ဘာလှည့်ခရီးသွားလောကတွင် ကျော်ကြားလျက်ရှိသည်။ အင်းလေးရိုးရာလက်မှုလုပ်ငန်းဖြစ်သည့် ရိုးရာဒေသထွက်ကုန်ပစ္စည်းများကို ကမ္ဘာလှည့်ခရီးသွားများ ကြိုက်နှစ်သက်ကြသည်။ အင်းလေးဒေသသည် ပြည်တွင်း၌သာမက ကမ္ဘာလှည့်ခရီးသွား အများအပြား သိရှိသည့် အထင်ကရနေရာတစ်ခုဖြစ်ရာ အင်းလေးကန် ရေရှည်တည်တံ့ရန်နှင့် အစဉ်စိမ်းလန်းစိုပြည်ရန် ဝိုင်းဝန်းထိန်းသိမ်းကြရမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓယဉ်ကျေးမှုညီလာခံတက်ရောက်ရန် ပြည်ပခရီးထွက်ခွာ

ရန်ကုန် ဇွန် ၁၆

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြု၍ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် (သင်ကြား) ဆရာတော် ဒေါက်တာစန္ဒာဝရာဘိဝံသနှင့် မဟာဌာနမှူး ဆရာတော်ကြီးများ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်မြို့တွင် ကျင်းပမည့် (Preparatory Meeting of World Alliance for The Buddhist Culture Exchange and International Conference on Meditation And Zen) အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓယဉ်ကျေးမှုညီလာခံ အခမ်းအနားသို့ တက်ရောက်ရန်အတွက် ဇွန် ၁၅ ရက် နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်မြို့သို့ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(ယာပုံ)** **(သတင်းစဉ်)**

လျှပ်စစ်ဓာတ်အား ၂၄ နာရီ ပြန်လည်ဖြန့်ဖြူးပေးလျက်ရှိ

နေပြည်တော် ဇွန် ၁၅

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးအပါအဝင် ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနေသော အခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စက်မှုဇုန်များ၊ စက်ရုံများနှင့် အများပြည်သူများအား ဇွန် ၁၄ ရက်မှစတင်၍ ၂၄ နာရီ ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနေကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သတင်းရရှိသည်။

(သတင်းစဉ်)

အသက်ကယ်ဝတ်စုံ ဆောင်ထားကြရန် နှိုးဆော်

ယခုအခါ မိုးရာသီကာလရောက်ရှိနေပြီဖြစ်၍ပင်လယ်ကမ်းရိုးတန်းများနှင့် မြစ်/ချောင်းကမ်းဘေးများတွင်နေထိုင်သော ပြည်သူများသည် ရုတ်တရက် ရေကြီး ရေလျှံမှုကြောင့် ရေနစ်မြုပ်မှုဘေးအန္တရာယ်များ ကြုံတွေ့နိုင်သည့်အပြင် ပင်လယ်၊ မြစ်/ချောင်းများတွင် သွားလာနေသောရေယာဉ်များလည်း ရေယာဉ်နစ်မြုပ်မှု ကြုံတွေ့နိုင်သဖြင့် အသက်ဆုံးရှုံးမှုမရှိစေရန် အိမ်တိုင်း၊ ရေယာဉ်တိုင်းတွင် အသက်ကယ်ဝတ်စုံ (Life Jackets) လုံလောက်စွာဆောင်ထားကြပါရန် နှိုးဆော်အပ်ပါသည်။

မီးသတ်ဦးစီးဌာန

အမြန်ဆုံး ပြုပြင်ပေးစေချင်

ထင်သာမြင်သာ ပြုပြင်စရာ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့သည် အခြားသောဒေသများသို့ သွားလာရာ၌ ယခင်က ရေလမ်းခရီးကိုသာ အားထားအသုံးပြုခဲ့ကြသော်လည်း ယခုအခါ ခရီးသွားပြည်သူများအနေဖြင့် ကုန်းလမ်းခရီးကို တွင်ကျယ်စွာ အသုံးပြုလျက်ရှိသည်။ ကုန်းလမ်းခရီးကို အသုံးပြုရာတွင် ဖျာပုံမြို့ မြောက်ပိုင်း အဝေးပြေး ကားဝင်းကိုသာ အားထားလျက် လိုင်းကားများဖြင့် ခရီးသွားလာနေကြသည်။

ထိုသို့ ခရီးသွားပြည်သူများ အားထားနေသည့် ဖျာပုံမြောက်ပိုင်း အဝေးပြေးကားဝင်းကြီးသည် ယခုကဲ့သို့ မိုးရာသီတွင်ရေများလျှံပြီး ရွှံ့ဗွက်များရှိနေသဖြင့် ခရီးသွားပြည်သူများ အခက်ကြုံနေသည်။

"ဂိတ်ဝင်ကြေးကတော့ ယာဉ်တွေကားဝင်းထဲကိုဝင်မှသာ ပေးရတာပါ။ အခု ကျွန်တော်က ခရီးသွားမှာဆိုတော့ လမ်းလျှောက်ဝင်ခဲ့တာ၊ ရွှံ့တွေပေတဲ့အတွက် ခရီးသွားရတာ စိတ်အနှောင့်အယှက်ဖြစ်ရပါတယ်" ဟု ခရီးသည် ကိုမျိုးက ပြောကြားသည်။

အဆိုပါကားဝင်းအနီးရှိ ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်မှ ဦးတင်လှိုင်ကလည်း "ကျွန်တော်တို့ စာကြည့်တိုက်ရှေ့ လမ်းမပေါ်မှာ လိုင်းပြေးနေတဲ့ ကားကြီးတွေ ရှေ့ဆင့်နောက်ဆင့် တန်းစီပြီး လာရပ်ထားကြတယ်။ ညနေပိုင်းဆို ပိုဆိုးတယ်။ ငါးစီးခြောက်စီးလာရပ်ထားကြတယ်။ စာကြည့်တိုက်ကိုလာတဲ့သူတွေ ယာဉ်အန္တရာယ်ရှိနေပါတယ်။ ကျွန်တော်တို့ စာကြည့်တိုက်မှာ နေ့စဉ် စာဖတ်သူ အနည်းဆုံး ၁၀၀ ကျော် အဝင်အထွက်ရှိတယ်။ ကားတွေလာရပ်တော့ လမ်းက တစ်ခြမ်းပဲရှိတော့တဲ့အတွက် စာကြည့်တိုက်က ထွက်တဲ့ယာဉ်တွေ ဟိုဘက်ဒီဘက်ယာဉ်ကြောကို မမြင်ရဘူး၊ အဲဒီတော့ အထွက်မှာ ယာဉ်မတော်တဆ ထိခိုက်မိတာတွေ ရှိနေတဲ့အတွက် နေ့စဉ် စိုးရိမ်နေရပါတယ်" ဟု ပြောသည်။ "ကျွန်တော်တို့ ကားကြီးတွေက မိုးတွင်းရောက်ရင် ကားဝင်းထဲမှာ ရွှံ့ဗွက်တွေ၊ ရေဝပ်နေတာတွေရှိတော့ ကားဝင်းမှာ ကြာကြာရပ်ထားလို့မရတဲ့အတွက် နီးစပ်ရာ လမ်းမပေါ်လာရပ်ရပါတယ်" ဟု ယာဉ်မောင်းတစ်ဦးက ပြောပြသည်။

ဖျာပုံမြို့မြောက်ပိုင်း ကားဝင်းကြီးကို အားကိုးခရီးသွားနေကြရသည့် ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက်ကင်းစွာ သွားလာနိုင်ရေးနှင့် အများပြည်သူ အသုံးပြုနေသည့် လမ်းမပေါ် စည်းကမ်းမဲ့ ကားများရပ်နားခြင်းကြောင့် ယာဉ်အန္တရာယ်ရှိနေသည့် ပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးနိုင်ရေးအတွက် အဆိုပါကားဝင်းကြီးကို အမြန်ဆုံးပြုပြင်ရန် ပြည်သူများက လိုလားလျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။

သူဇာနွယ်(ဖျာပုံ)

iStock® ကုန်ပစ္စည်းထိန်းကွပ်မျှတာစနစ်
ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း
Galaxy Software Services Co., Ltd.
Contact Us ...
YGN 09-43064181, 09-73138079, 01-554206
MDY 09-43200283, 09-91050973

ပြည်တွင်းသတင်း

အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်မားရေး ဆောင်ရွက်ချက်များအစီရင်ခံစာကို ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံမှတင်သွင်းနိုင်ရေး ရင်းနှီးစွာဆွေးနွေး

နေပြည်တော် ဇွန် ၁၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်အား UNFPA မှ ဌာနေကိုယ်စားလှယ် Ms. Janet Jackson ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၄ ရက် နံနက် ၉ နာရီက အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် UNFPA တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျား/မ တန်းတူညီမှုရရှိရေးအတွက် အသိပညာပေးမှုများ၊ မျိုးဆက်ပွားကျန်းမာရေး၊ ဘဝတွက်တာကျွမ်းကျင်စရာ ဆောင်ရွက်ချက်များ၊ အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်မားရေး ဆောင်ရွက်ချက်များ အစီရင်ခံစာကို ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံမှ တင်သွင်းနိုင်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အိုက်စလန်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပို့

နေပြည်တော် ဇွန် ၁၇

၂၀၁၃ ခုနှစ် ဇွန် ၁၇ တွင်ကျရောက်သော အိုက်စလန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အိုက်စလန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂွန်နာ ဘရာဂေး ဆဗင်ဆွန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

လားရှိုးမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၆

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် ဇွန် ၁၄ ရက် ညနေ ၄ နာရီက နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာရှိ စက်မှုသီးနှံဖွံ့ဖြိုးရေးကော်ဖီခြံ၌ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူ လုပ်ငန်းရှင်များ၊ ဘန့်ဘွေး၊ ကုန်းကြီးရွာမ၊ ဆမ္မဆယ်ကျေးရွာတို့မှ ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး မြေယာဥပဒေ၊ နည်းဥပဒေများ၊ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ မြေယာမှုခင်းကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ နောင်ချိုမြို့ Mobile Team အဖွဲ့ရုံး၌ ကျင်းပသည့် Mobile Team လုပ်ငန်းတာဝန်များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဇွန် ၁၅ ရက် နံနက် ၈ နာရီတွင် Asia World ကုမ္ပဏီမှ တာဝန်ယူ ဖောက်လုပ်လျက်ရှိသော လားရှိုးမြို့ မြို့ရှောင်လမ်းဖောက်လုပ်ခြင်း စီမံကိန်းရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တွဲဖက်ပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးအောင်မြင့်ဦးနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို မှာကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ယာပုံ)**

လားရှိုးမြို့ မြို့ရှောင်လမ်းသည် ၁၅ မိုင် လေးဖာလုံ ရှည်လျား၍ ဟိုပိတ်ကျေးရွာမှ မယ်ဟန်ကျေးရွာထိ တစ်ကြောင်းထိုးလုပ်ငန်း ရာနှုန်းပြည့်နှင့် မြေသားလုပ်ငန်း ၉၉ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး တံတား ၅၇ စင်း အနက် ၅၃ စင်း တည်ဆောက်ပြီးစီးကာ ကျန်တံတားလေးစင်းကို ဆောင်ရွက်ဆဲဖြစ်သည်။ ဖြုန်းကျောက်သားလမ်းခင်းခြင်း ၅ ဒသမ ၂ မိုင် ဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ ၂၀၁၄ ခုနှစ် မေလတွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထောက်ပံ့ပေးအပ်

မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ လားရှိုးမြို့ ဘိုးဘွားဗိမာန်သို့ ရောက်ရှိပြီး အဘိုးခုနစ်ဦးနှင့် အဘွား ၂၂ ဦးတို့အား အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာကိုယ်စားလှယ်အဖွဲ့ ဖိလစ်ပိုင်နိုင်ငံ လေ့လာရေးခရီးမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၁၆

ကမ္ဘာ့ဘဏ်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုစေရန်အတွက် လူထုအခြေပြုဖွံ့ဖြိုးရေး စီမံကိန်း၏ ဖွံ့ဖြိုးဆဲနိုင်ငံများအကြား လေ့လာရေးခရီးစဉ်အဖြစ် ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ ဇွန် ၁၀ ရက်မှ ၁၆ ရက်အထိ သွားရောက်ခဲ့ပြီးနောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ဓါတ်ပုံ)**

ဒုတိယဝန်ကြီး ဦးဆောင်သော လေ့လာရေးအဖွဲ့တွင် အဖွဲ့ဝင်များဖြစ်သော မြန်မာနိုင်ငံတော်ဗဟိုဘဏ် အကြံပေးအရာရှိ ဒေါ်ခင်စောဦး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ညိုညိုဝင်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထွန်းလွင်တို့ ပြန်လည်လိုက်ပါလာသည်။ **(သတင်းစဉ်)**

■ ရှေ့ဖုံးမှ

သင်ယူနိုင်ရေးဆိုင်ရာဆွေးနွေးပွဲတွင် တိုကျိုဖုခုရှိတက္ကသိုလ်မှ ကျောင်းအုပ်ကြီး ဒေါက်တာ စုနဲအိုး နာကဂျီမက ပြောကြားသည်။

ယခုအခါ မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် ဆက်ဆံမှု များပြားလာပြီး ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများလည်း တိုးတက်များပြားလာသည်။ ယင်းတို့အနက် ဂျပန်နိုင်ငံမှ စီးပွားရေး၊ ပညာရေး၊ လူမှုရေးလုပ်ငန်းများလည်း တဖြည်းဖြည်း တိုးတက်များပြားလာလျက်ရှိသည်။

ထို့ကြောင့် မြန်မာလူငယ်များ ဂျပန်ဘာသာစကား ကျွမ်းကျင်စွာ တတ်မြောက်ရန်လိုအပ်ပြီး ဂျပန်နိုင်ငံတွင်လည်း ပညာသင်ယူရင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် ဂျပန်နိုင်ငံမှ တိုကျိုဖုခုရှိတက္ကသိုလ်က တတ်စွမ်းသမျှ ပါဝင်ကူညီဆောင်ရွက်ပေးခြင်းဖြစ်သည်။

ညှိနှိုင်းမှုများပြုလုပ်

မြန်မာဘွဲ့ကြို ကျောင်းသားကျောင်းသူများသည် မြန်မာနိုင်ငံတွင် သင်ကြားနေဆဲဖြစ်သော ပညာရေးကို မထိခိုက်စေဘဲ ဂျပန်နိုင်ငံ၌ ပညာသင်ကြားနိုင်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် အဆိုပြုညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကျန်းမာဖွံ့ဖြိုး ဉာဏ်ရည်တိုးဖို့ နွားနို့ နေ့စဉ် သောက်သုံးစို့

ဖိတ်ကြားအပ်ပါသည်

UMFCCI Tower

နိုင်ငံတကာသတင်း

တူရကီရင်ပြင်ဆန္ဒပြသူများအား အဓိကရုဏ်းရဲတပ်ဖွဲ့ကဖြိုခွင်း

အစ္စတန်ဘူလ် ဇွန် ၁၆

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ တက်ခ်ဆမ်ရင်ပြင်တွင် အစိုးရဆန့်ကျင် ဆန္ဒပြသူများအား ဝန်ကြီးချုပ်ရေးဆက်တေ ရစ်အာဒိုဂန်က ယင်းနေရာမှ ဖယ်ရှားရန် အမိန့်ပေးလိုက်ပြီးနောက် အဓိကရုဏ်း ရဲများက တိုက်ခိုက်ဖြိုခွင်းခဲ့ကြောင်း ဇွန် ၁၆ ရက်က ပရက်စ် တီဗွီသတင်းတွင် ဖော်ပြသည်။

တူရကီရဲတပ်ဖွဲ့ဝင်များသည် ဇွန် ၁၅ ရက်က ဂေးဇီဥယျာဉ်အတွင်း ဝင်ရောက်ခဲ့ပြီး ဝန်ကြီးချုပ်၏ အမိန့်ကိုဖီဆန်၍ ဆန္ဒပြနေကြသူများအား မျက်ရည်ယိုဗုံးများ၊ ရေသေနတ်များ သုံးပြီး တိုက်ခိုက်ဖြိုခွင်းခဲ့ကြသည်။ ရဲတပ်ဖွဲ့က ဥယျာဉ်အတွင်းရှိ ယာယီတဲများ၊ နဖူးစီးစာတန်းများကို ဖျက်ဆီးသည်။ မြို့တော်သန့်ရှင်းရေးအဖွဲ့က မြေထိုး စက်များခြံရံလျက် အပျက်အစီးများကို ရှင်းထုတ်ခဲ့သည်။ ဆန္ဒပြသူများသည် အနီးဝန်းကျင်ရှိ နေအိမ်များသို့ တက်ပြေးသွားကြပြီးနောက် တစ်အိမ် တက်ဆင်း ရှာဖွေဖမ်းဆီးခဲ့သည်။ ယင်းတိုက်ခိုက်မှု ဖြစ်စဉ်အတွင်း လူအချို့ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး ရော်ဘာကျည်ဆန် အသုံးပြုတိုက်ခိုက်ခံခဲ့ရသည်ဟုဆိုသည်။

(ဘီဘီစီ)

အီရန်သမ္မတအဖြစ် ဟတ်ဆန်ရိုဟာနီ ရွေးကောက်ခံရ ပြည်သူများစွာတို့ သမ္မတကို သောင်းသောင်းဖြဖြဂုဏ်ပြု

တီဟီရန် ဇွန် ၁၆

အီရန်နိုင်ငံ၏ သမ္မတရွေးကောက်ပွဲတွင် သမ္မတသစ်အဖြစ် ဟတ်ဆန် ရိုဟာနီ ရွေးကောက်ခံရပြီးနောက် မြို့တော် တီဟီရန်လမ်းမများတွင် အီရန်ပြည်သူထောင်ပေါင်းများစွာတို့က ကြွေးကြော်သံများ ဟစ်ကြွေးကာ ဂုဏ်ပြုခဲ့ကြကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဇွန် ၁၆ ရက်က ဖော်ပြသည်။

ရိုဟာနီသည် ပြုပြင်ပြောင်းလဲရေးဝါဒီခေါင်းဆောင်တစ်ဦးဖြစ်ပြီး ယခုသမ္မတရွေးကောက်ပွဲတွင် မဲရာခိုင်နှုန်း ၅၀ ကျော်ဖြင့် ခြွင်းချက်မရှိ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

"အစွန်းရောက်ဝါဒအပေါ် နိုင်ကွပ်နိုင်ရေးအောင်ပွဲတစ်ရပ်ပါပဲ"ဟု ရိုဟာနီက ၎င်းသမ္မတအဖြစ်ရွေးကောက်ခံရသည့် အနိုင်ရလဒ်နှင့်ပတ်သက်ပြီး ပြောကြားခဲ့သည်။

အီရန်သမ္မတသစ် ရွေးချယ်မှုနှင့် ပတ်သက်ပြီး အမေရိကန်နိုင်ငံက ပွင့်လင်းမြင်သာမှုအားနည်းခြင်းနှင့် ဆင်ဆာစနစ်တို့အရေးတွင် စိုးရိမ်မကင်းကြောင်း ပြသခဲ့သော်လည်း အီရန်ပြည်သူတို့အတွက် ချီးကျူးလိုက်ပြီး တီဟီရန်နှင့်လက်တွဲသွားရေး အဆင်သင့်ရှိနေကြောင်း ဖော်ပြခဲ့သည်။

ဇွန် ၁၄ ရက်က ကျင်းပသည့် သမ္မတရွေးချယ်မဲပေးပွဲများတွင် အီရန်ပြည်သူသန်း ၅၀ ၏ ၇၂ ဒသမ ၂ ရာခိုင်နှုန်းတို့က လက်ရှိ သမ္မတမာမွတ်အာမက်ဒီနီဂျက်နေရာတွင် ဆက်ခံမည့်သမ္မတသစ်ကို လျှို့ဝှက်မဲပေးခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံ့ဦးသျှောင် အယာတိုလာအလီခါမေနီက ရိုဟာနီသမ္မတအဖြစ် ရွေးချယ်ခံရသည့် အောင်မြင်မှုကို "နိုင်ငံသားတိုင်း သမ္မတသစ်ကို ကူညီအားဖြည့်သွားဖို့ ကျွန်ုပ်တိုက်တွန်းပါတယ်။ အစိုးရအဖွဲ့ အတွင်းမှာရှိတဲ့ သမ္မတရုံးအဖွဲ့ကိုလည်း ကူညီမှုတွေပေးကြစေလိုပါတယ်။ ရိုဟာနီဟာ တစ်နိုင်ငံလုံးရဲ့ တစ်ဦးတည်းသောသမ္မတပဲဖြစ်ပါတယ်"ဟု ပြောကြားပြီး ဂုဏ်ပြုလိုက်သည်။

ဩဂုတ် ၃ ရက်တွင် ဆန္ဒမဲရလဒ်ကို ခါမေနီက အတည်ပြုပေးမည်ဖြစ်ပြီး အီရန်သမ္မတသစ် ရိုဟာနီသည် ပါလီမန်တွင် ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်သည်။

(ဘီဘီစီ)

အီဂျစ်က ဆီးရီးယားကို အဆက်ဖြတ်

ကိုင်ရို ဇွန် ၁၆

အီဂျစ်နိုင်ငံအနေဖြင့် ဆီးရီးယားနှင့်သံတမန်ဆက်ဆံမှု အဆက်အသွယ်ဖြတ်တောက်လိုက်ပြီး ကိုင်ရိုမြို့ရှိ ဆီးရီးယားသံရုံးကိုလည်း ပိတ်လိုက်ပြီဖြစ်ကြောင်း အီဂျစ်သမ္မတ မိုဟာမက်မော်စီက ကြေညာသည်။

မိမိတို့အနေဖြင့် ဆီးရီးယားနှင့် ဆက်ဆံမှုကို ယနေ့ပင် ဖြတ်တောက်လိုက်ပြီဖြစ်ကြောင်း၊ လက်ရှိဆီးရီးယားအစိုးရနှင့် ဆက်ဆံရေး ပြုလုပ်တော့မည်မဟုတ်ကြောင်း ဇွန် ၁၅ ရက်က ကိုင်ရိုမြို့ လူထုဟောပြောပွဲတွင် မော်စီက ပြောကြားသည်။

ပြန်လည်ခေါ်ယူ

မိမိတို့ အစိုးရအနေဖြင့် ဒမတ်စကတ်မြို့မှ သံရုံးယာယီတာဝန်ခံကိုလည်း ပြန်လည်ခေါ်ယူထားပြီဖြစ်ကြောင်း ၎င်းကဆိုသည်။

ဆီးရီးယားနိုင်ငံ အတွင်း၊ အနောက်နိုင်ငံအတွင်း မပျံသန်းရဇုန် သတ်မှတ်ဆောင်ရွက်ရန်လည်း ၎င်းက ဆော်ဩတိုက်တွန်းလိုက်သည်။

ပရက်စ်တီဗွီ

ပက်ထရီရော့စ်ဒုံးကျည်များနှင့် တိုက်လေယာဉ်များ အမေရိကန်က ဂျော်ဒန်တွင် ဆက်လက်ထားရှိမည်

နယူးယောက် ဇွန် ၁၆

အမေရိကန်က ဂျော်ဒန်တွင် စစ်ရေးလေ့ကျင့်ပြီးနောက် ပက်ထရီရော့စ်ဒုံးကျည်များနှင့် F-16 တိုက်လေယာဉ်များ ဆက်လက်ထားရှိသွားမည်ဖြစ်၍ ရုရှားက ဒေါသထွက်နေကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ပြောကြား

အမေရိကန်အနေဖြင့် ဂျော်ဒန်နှင့် ရေရှည်မိတ်ဆွေဖြစ်လိုကြောင်း၊ ယင်းအတွက် စစ်ရေးလေ့ကျင့်ပြီးသော်လည်း ပက်ထရီရော့စ် ဒုံးကျည်များနှင့် F-16တိုက်လေယာဉ်များ ဆက်လက်ထားရှိသွားမည် ဖြစ်ကြောင်း ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူ ဂျော့လစ်တဲလ်က ပြောကြားသည်။

နောက်သီတင်းပတ်တွင်စစ်ရေးတာဝန်ထမ်းဆောင်မည့် အမေရိကန်တပ်ဖွဲ့ဝင်များ ထွက်ခွာလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

သို့သော်လည်း နိုင်ငံတကာဥပဒေကို ချိုးဖောက်သည့် F-16 တိုက်လေယာဉ်များ ဆီးရီးယား မပျံသန်းရဇုန်ကို အသုံးမပြုရန် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလာဗော့က ပြောကြားသည်။

(ဘီဘီစီ)



အမေရိကန်နိုင်ငံ ဘော်စတွန်မြို့တွင်းရှိ ဒေါ်လာ ၅၆၀၀၀၀ (ပေါင် ၃၅၇၀၀၀)ဖြင့် လေလံတင်ရောင်းချခဲ့သော ကားပါကင်နှစ်နေရာစာကို တွေ့ရစဉ်။ (ယင်းကားပါကင်သည် မြို့ရှိ ဈေးအခေါင်ခိုက်ဆုံးဘတ်ဘေးနယ်မြေတွင်ရှိပြီး ကားနှစ်စီးစာ ရပ်နားရာနေရာနှစ်ကွက်သည် ယင်းဒေသရှိ ပျမ်းမျှ အိမ်တစ်လုံး တန်ဖိုး၏ နှစ်ဆနီးပါးရှိသည်။ ပြည်တွင်းအခွန်ဦးစီးဌာနက ယင်း ကားပါကင်ပိုင်ရှင်ဖြစ်သူ အခွန်ကြွေးကျန်မှုကြောင့် သိမ်းဆည်းခဲ့ပြီး လေလံတင် ရောင်းချခြင်းဖြစ်သည်။ ဝယ်ယူသွားသူမှာ ထိုနေရာအနီးနေထိုင်သူ အမျိုးသမီးတစ်ဦးဖြစ်သည်။) **(ဘီဘီစီ)**

ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌

၂၀၁၃ခုနှစ် တရားမအထွေထွေမှုအမှတ်-၉၉

ကွယ်လွန်သူ ဒေါ်အုန်းမြင့်(ခ)ဒေါ်အုံးမြင့် ကျန်ရစ်ခဲ့သောမြေ၊ အိမ်တို့နှင့်စပ်လျဉ်းသောအမှု

ဦးစိန်ငွေး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်သန်းသန်းဝင်း) လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅-စီ)၊ မြေကွက်အမှတ် Northern 4/5 of Second Southern Quater of II Class 3၊ မြေအမျိုးအစား (မြေပိုင်မြေ) အကျယ်အဝန်းအလျား ပေ၂၀×အနံပေ၆၀ရှိ မြေနှင့် ယင်းမြေပေါ်ရှိ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရွှေတိဂုံဘုရားလမ်း၊ တိုက်အမှတ် (၅၆/၅၈) ဟုခေါ်တွင်သော လေးထပ်တိုက်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကွယ်လွန်သူ ဒေါ်အုန်းမြင့်(ခ)ဒေါ်အုံးမြင့်ပိုင်ဆိုင်ကျန်ရှိရစ်သော ပစ္စည်းဖြစ်ပြီး ယင်းပစ္စည်းနှင့် စပ်လျဉ်း၍ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့်အကြောင်း လျှောက်ထားသူက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၃ခုနှစ် ဇွန် ၂၈ရက် (၁၃၇၅ခုနှစ် နယုန်လပြည့်ကျော် ၅ရက်) နံနက် ၉း၃၀နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားပြီးဖြစ်သောကြောင့် ထိုကွယ်လွန်သူ ကျန်ရစ်သောအထက်ဖော်ပြပါမြေနှင့် အိမ်တို့အပေါ် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည်အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်ဆိုခဲ့သော ၂၀၁၃ခုနှစ် ဇွန် ၂၈ရက် (၁၃၇၅ခုနှစ် နယုန်လပြည့်ကျော် ၅ရက်) နံနက် ၉း၃၀နာရီတွင် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိနေရာတကျအမိန့်ပေးလွှဲအပ်ထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ သက်ဆိုင်ရာအမှုတွဲကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ရန်ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဦးစိန်ငွေး၏ လျှောက်ထားလွှာအပေါ် စစ်ဆေးကြားနာ၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် ဇွန် ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သန်းဝင်း

ဒုတိယခရိုင်တရားသူကြီး(၁)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

မြန်မာနိုင်ငံဆရာဝန်အသင်း၊ အကျိုးစီးပွားကာကွယ်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့်အသင်းပိုင်မြေနေရာအကျိုးရှိစွာအသုံးချရေးကိစ္စ အများစုဆန္ဒခံယူပွဲသို့

မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားခြင်း

မြန်မာနိုင်ငံဆရာဝန်အသင်း၊ အကျိုးတူစီးပွားထိန်းသိမ်းကာကွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းသူအသင်းသား ကိုယ်စားလှယ်များ(အသင်းအဖွဲ့များမှ တရားဝင်ရွေးချယ်ပေးပို့လာသော ကိုယ်စားလှယ်များ)အား ရှင်းလင်းတင်ပြခြင်းနှင့် အများစုဆန္ဒ(လျှို့ဝှက်မဲစနစ်) ခံယူဆုံးဖြတ်ခြင်းအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တက်ရောက်ခွင့်ရှိသူများနှင့် ဖိတ်ကြားထားသူများအားလုံး**(မပျက်မကွက်)**တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၀၁၃ခုနှစ် ဇူလိုင် ၁၃ရက်

ကျင်းပမည့်အချိန် - နံနက် ၁၀း၀၀ နာရီ

ကျင်းပမည့်နေရာ - ခန်းမဆောင်(အေ)၊ ၂၄၉၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

အကျိုးစီးပွားထိန်းသိမ်းကာကွယ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)

ဆီးရီးယားပြည်သူနဲ့ အမေရိကန်စစ်ကူ

မောင်နွေသစ်

မကြာသေးမီက ဆီးရီးယားအစိုးရတပ်တွေက ပြည်ပကျောထောက်နောက်ခံပြုထားတဲ့ သူပုန်တပ်တွေကို ဆက်တိုက်အနိုင်ရပြီး တစ်မြို့ပြီးတစ်မြို့ ပြန်လည်သိမ်းပိုက်လာတဲ့အချိန်ကစလို့ အမေရိကန်နဲ့ အနောက်အုပ်စုဟာ ဂိုးသွင်းခံလိုက်ရတဲ့ ဘောလုံးအသင်းလို စိုးရိမ်ပူပန်မှုတွေတိုးလာပါတယ်။ အဲဒါနဲ့ အမေရိကန်အစိုးရက ချက်ချင်းအစည်းအဝေးတစ်ရပ်ကျင်းပပြီး ဆီးရီးယားအရေး ဘယ်လိုကူညီဆောင်ရွက်မလဲဆိုတာနဲ့ပတ်သက်ပြီး ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်လိုက်ပါတယ်။ ဆီးရီးယားအစိုးရတပ်တွေက ဆန့်ကျင်ဘက်တပ်တွေကို တိုက်ခိုက်တဲ့နေရာမှာ ဓာတုလက်နက်တွေအသုံးပြုခဲ့တယ်လို့ အမေရိကန်သမ္မတ ဘားရက်အိုဘားမားရဲ့ ထိပ်တန်းလက်ထောက် ဘင်ဟိုဒက်စ်က ပြောဆိုလိုက်တဲ့အကြောင်း ဇွန် ၁၄ ရက်က သတင်းတွေမှာ ဖော်ပြထားပါတယ်။ တစ်ချိန်တည်းမှာပဲ အမေရိကန်အနေနဲ့ ဆီးရီးယားပြည်သူတွေ အထိမနာရေး အတိုက်အခံသူပုန်တွေကို တိုက်ရိုက်စစ်ရေး ကူညီဖို့ဆုံးဖြတ်လိုက်ပြီလို့လည်း သူကပြောကြားလိုက်ပါတယ်။

အိုဘားမားအစိုးရအနေနဲ့ ဆီးရီးယားသူပုန်တွေကို စစ်လက်နက်တွေဖြည့်ဆည်းကူညီသွားဖို့ ဆီးရီးယားနိုင်ငံအတွင်းမှာ မပျံသန်းရဇုန် ပြုလုပ်သွားဖို့ ပြင်ဆင်နေပြီဖြစ်တဲ့အကြောင်း ဇွန် ၁၄ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်မှာ ဖော်ပြထားပါတယ်။ ဝါရှင်တန်အနေနဲ့ အာဆတ်ရဲ့ ပြိုင်ဘက်တွေကို ကူညီသွားဖို့ မပျံသန်းရဇုန်လုပ်ဖို့ စဉ်းစားနေပြီလို့လည်း အမည်မဖော်လိုသူ အနောက်သံတမန်တစ်ဦးက ဇွန် ၁၄ရက်က ပြောကြားလိုက်ပါတယ်။ ဆီးရီးယားနိုင်ငံအတွင်းမှာ ပြုလုပ်မယ့် ဒီမပျံသန်းရဇုန်ဟာ ဂျော်ဒန်ပိုင်နက်ကို ကာကွယ်ဖို့နဲ့ သူပုန်တွေကို စစ်ရေးလေ့ကျင့်သင်ကြားပေးဖို့အတွက် အကျိုးဖြစ်ထွန်းစေမယ်လို့ အမေရိကန်တာဝန်ရှိသူတွေက ပြောပါတယ်။

ဆီးရီးယားအစိုးရအနေနဲ့ ပြိုင်ဘက်သူပုန်တွေကို ဓာတုလက်နက်တွေသုံးပြီး တိုက်ခိုက်နေတယ်လို့ အိမ်ဖြူတော် လုံခြုံရေးအကြံပေး ဘင်ဟိုဒက်စ်က ပြောကြားပြီးတဲ့နောက် ဒီမပျံသန်းရဇုန်ကိစ္စကို ချက်ချင်းဆုံးဖြတ်လိုက်တာ ဖြစ်ပါတယ်။ ဆီးရီးယားအစိုးရတပ်တွေကသူပုန်တွေကို တိုက်ခိုက်ရာမှာ ဓာတုလက်နက်ကြောင့် လူပေါင်း ၁၅၀ခန့် သေဆုံးခဲ့ရတယ်လို့ ဆိုပါတယ်။ ဒါပေမယ့်လည်း ဒမတ်စကတ်အစိုးရကတော့ ဒီစွပ်စွဲချက်ကို အပြတ်အသတ်ငြင်းဆိုထားပါတယ်။ သမ္မတဘာရက်အိုဘားမားကတော့ ဝါရှင်တန်က လုံးဝလက်မခံနိုင်တဲ့ ဓာတုလက်နက်ကိုမသုံးဖို့ ဆီးရီးယားအစိုးရကို သတိပေးထားပြီးဖြစ်ပါတယ်။

ဒီအတောအတွင်းမှာပဲ အမေရိကန်က ဆီးရီးယားနယ်စပ် ဂျော်ဒန်ကို ဒုံးခွင်းဒုံးတွေနဲ့ F-16 တိုက်လေယာဉ်တပ်တွေမှာ ပါဝင်ဖို့ တပ်ဖွဲ့ဝင် ၄၀၀၀ စေလွှတ်လိုက်ပြီဖြစ်ပါတယ်။ အမေရိကန်က ဂျော်ဒန်နယ်စပ်မှတစ်ဆင့် ဆီးရီးယားသူပုန်တွေကို အနီးကပ်စစ်ရေးတိုက်ရိုက်ကူညီပေးသွားမယ့် အနေအထားဖြစ်ပါတယ်။ ဒီလို အမေရိကန်အစိုးရအနေနဲ့ ဆီးရီးယားအရေးမှာ ပါဝင်လာခြင်းဟာ အရှေ့အလယ်ပိုင်းဒေသရဲ့ နောက်ထပ်စစ်ပွဲတစ်ပွဲကို ပါဝင်လာခြင်းပဲလို့ ပြောဆိုနေကြပါတယ်။

ဒါပေမယ့် အမေရိကန်ရဲ့ မဟာမိတ်ပြင်သစ်ကတော့ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်မရသေးတဲ့အတွက် မပျံသန်းရဇုန်ကိစ္စကို ယခုအထိတော့ သဘောမတူနိုင်သေးဘူးလို့ ပြောဆိုလိုက်ပါတယ်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်မပါဘဲနဲ့ သူတို့အနေနဲ့ သဘောမတူနိုင်တဲ့အကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ဖီးလစ်လာလ်ုိက်က ဇွန် ၁၄ ရက်က ကြေညာချက်တစ်ရပ်မှာ ထည့်သွင်းပြောကြားလိုက်ပါတယ်။

နှစ်နှစ်ကျော် ကြာညောင်းလာပြီဖြစ်တဲ့ ဆီးရီးယားပြည်တွင်းစစ်ပွဲကြောင့် လူပေါင်း ၉၃၀၀၀ သေဆုံးခဲ့ပြီးဖြစ်တဲ့အတွက်ကြောင့် ဆီးရီးယားပြည်တွင်းစစ် အမြန်ဆုံးချုပ်ငြိမ်းသွားဖို့ အမေရိကန်က ဘယ်အတိုင်းအတာအထိ ကူညီသွားမယ်ဆိုတာ ဆီးရီးယား ပြည်သူတွေက အမေရိကန်စစ်ကူကို မျှော်လင့်နေကြပါတယ်။ ။

ကုလသမဂ္ဂညီလာခံ ဥက္ကဋ္ဌရွေးချယ်

(၆၈)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံက အာတီဂွါနှင့်ဘာဘူဒါနိုင်ငံ၏ ကုလသမဂ္ဂဆိုင်ရာသံအမတ်ကြီး ဂျွန်ဝီလျံအာရှေးကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်လိုက်ကြောင်း ဇွန် ၁၄ ရက်က ကုလသမဂ္ဂညီလာခံသတင်း၌ ဖော်ပြသည်။ ၎င်းသည် ကုလသမဂ္ဂအထွေထွေညီလာခံကဒေသများအကြား အလှည့်ကျခန့်အပ်သည့် အထွေထွေညီလာခံဥက္ကဋ္ဌရာထူးကို စက်တင်ဘာလကစပြီး တစ်နှစ်အကြာ တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

ဂျော်ဒန်ပြည်သူ စီးပွားရေးပြုပြင်ပြောင်းလဲရန် တောင်းဆို

ဂျော်ဒန်နိုင်ငံ အမ္မန်မြို့တွင် ထောင်ပေါင်းများစွာသော ပြည်သူများက ဇွန် ၁၄ ရက် ဆုတောင်းပွဲအပြီး နိုင်ငံအတွင်း နိုင်ငံရေးနှင့်စီးပွားရေး ပြုပြင်ပြောင်းလဲရန် ဆန္ဒပြတောင်းဆိုခဲ့ကြောင်း ဇွန် ၁၅ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။ ဆန္ဒပြသူများက အစိုးရဆန့်ကျင်ရေး ကြွေးကြော်သံများ ကြွေးကြော်ပြီး အကျင့်ပျက်နေသော အစိုးရဟူသောစာတန်းများ ကိုင်ဆောင်ချီတက်ခဲ့ကြသည်။

တူရကီမှတစ်ဆင့် ဆီးရီးယားကို အမေရိကန်လက်နက်ပို့

ဆီးရီးယားအစိုးရကို တိုက်ခိုက်နေသော ပြည်ပကျောထောက်နောက်ခံသူပုန်များအား အမေရိကန်က လက်နက်များတူရကီလေတပ်အခြေစိုက်စခန်းမှ ပေးပို့လျက်ရှိကြောင်း မီဒီယာများက သတင်းဖော်ပြသည်။ အမေရိကန်အနေဖြင့် တူရကီအင်ဆာလစ် လေတပ်အခြေစိုက်စခန်းကိုသုံးပြီး လက်နက်များ ကုန်တင်လေယာဉ်ဖြင့် ပေးပို့လျက်ရှိကြောင်း စစ်ပွဲလေ့လာသုံးသပ်ရေးဌာနမှ လေ့လာအကဲခတ်သူ ခရစ္စတိုဖာဟမ်းမား၏ ပြောကြားချက်ကို ကိုးကားလျက် အမေရိကန်သတင်းစာ ယူအက်စ်တုဒေးက သတင်းဖော်ပြသည်။

အမေရိကန်က ဆီးရီးယားသူပုန်ထောက်ပံ့ရေးလမ်းကြောင်းကို ထူထောင်လိုက်ပြီဖြစ်ကြောင်း ဟမ်းမားက ထပ်လောင်းပြောကြားသည်။ အမေရိကန်က ထောက်ပံ့ပေးသော လက်နက်များကို တူရကီတောင်ပိုင်းကိုဖြတ်ပြီး ဆီးရီးယားမြောက်ပိုင်း အလက်ပိုမြို့ရှိ တိုက်ခိုက်ရေးသမားများလက်သို့ရောက်အောင် စီစဉ်ထားကြောင်း သတင်းတွင် ဖော်ပြသည်။ ဝါရှင်တန်က တိုက်ခိုက်ရေးသမားများသို့ ဆက်သွယ်ရေးပစ္စည်းများလည်း ပို့နေပြီဖြစ်ကြောင်း အမေရိကန်သတင်းစာတစ်စောင်က အတည်ပြုပြောကြားသည်။ တူရကီဝန်ကြီးချုပ် အာဒိုဂန်ဗျူနှင့် ကာတာနိုင်ငံတို့မှလည်း လက်နက်များ ပို့ခွင့်ပြုထားကြောင်း၊ ၎င်းသည် ဆီးရီးယားသမ္မတ ဖြုတ်ချရေးကို ထောက်ခံကြောင်း ယူအက်စ်အေတုဒေးတွင် ဖော်ပြသည်။

မြင့်မောင်စိုး-စုစည်းသည်

တောင်အာရှ အမျိုးသမီးများ ရင်သားကင်ဆာပိုဖြစ်

တောင်အာရှဒေသများရှိ အမျိုးသမီးများသည် ရင်သားကင်ဆာဖြစ်ပေါ်မှုမှာ များပြားလာနေသည်ဟု လေ့လာမှုသစ်တစ်ရပ်က ဆိုထားသည်။

များပြား

ခေတ်ကာလတစ်လျှောက် အာရှဒေသအမျိုးသမီးများသည် ဗြိတိသျှလူဖြူအမျိုးသမီးများထက် ရင်သားကင်ဆာဖြစ်ပေါ်မှု နည်းပါးခဲ့သော်လည်း မကြာသေးခင်နှစ်များကစကာ တောင်အာရှ အမျိုးသမီးများအကြား အဆိုပါရောဂါဖြစ်ပေါ်မှု များပြားလာလျက်ရှိသည်ကို တွေ့ရကြောင်း ရှက်ဖီးတက္ကသိုလ်မှ လေ့လာရေးအဖွဲ့က ဆိုသည်။

သက္ကရာဇ် ၂၀၀၀ နှင့် ၂၀၀၄ ခုနှစ်ကြားကာလကမူ တောင်အာရှအမျိုးသမီးများသည် ဗြိတိသျှအမျိုးသမီးများအောက် အဆိုပါကင်ဆာဖြစ်ပေါ်မှုနှုန်း ၄၅ ရာခိုင်နှုန်းလျော့နည်းလျက်ရှိကြောင်း တွေ့ခဲ့ရသော်လည်း ၂၀၀၅ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်ကြားကာလတွင်မူ တောင်အာရှအမျိုးသမီးများ ရင်သားကင်ဆာဖြစ်ပေါ်မှုနှုန်းသိသိသာသာတိုးလာခဲ့ပြီး ဗြိတိသျှအမျိုးသမီးများထက်ပင် ဖြစ်ပွားမှုနှုန်း ၈ ရာခိုင်နှုန်း များနေသေးသည်ဟု ဆိုသည်။

ဗြိတိသျှ အမျိုးသမီးများတွင် ရောဂါဖြစ်ပွားမှု ယခင်ကထက် သိသိသာသာ တိုးမလာခဲ့ဟုသိရသည်။

နေခြည်-ရေးသားသည်

သက်ရှိသတ္တဝါများတွင် နည်းပညာဖြင့် အီလက်ထရွန်နစ် စက်ကိရိယာအစိတ်အပိုင်းတို့ ထည့်သွင်းတပ်ဆင်ထားခြင်းကို cyborg ဟုခေါ်တွင်သည်။ စကော့တလန်ရှိ ပညာရှင်အဖွဲ့တစ်ဖွဲ့က cyborg cockroaches (စက်နှင်ထည်ပိုးဟပ်များ) ဖန်တီးရေးစီမံကိန်းကို ပွဲထုတ်ရန် စီမံလျက်ရှိသည်။

အီဒင်ဘတ်ချ်ရှိ TEDGlobal ကွန်ဖရင့်တွင် စက်နှင်ထည်ပိုးဟပ်များ တီထွင်ဖန်တီးမှုကို သဘောတူလုပ်ဆောင်ရေး ဆုံးဖြတ်ခဲ့ကြသည်။

cyborg ပိုးဟပ်များကို အာရုံကြော သိပ္ပံသင်ထောက်ကူကိရိယာများအဖြစ် ရည်ရွယ်တီထွင်ခြင်းဖြစ်ပြီး ယင်းပိုးဟပ်များကို မိုဘိုင်းဖုန်းမှတစ်ဆင့် ထိန်းချုပ်စေခိုင်းနိုင်သည်ဟု ဆိုသည်။ အဆိုပါနည်းပညာသည် ခေတ်သစ်နည်းပညာနယ်ပယ်တွင် အခရာကျလာမည့် နည်းပညာတစ်ရပ်လည်း ဖြစ်သည်။

နည်းပညာမြင့် တီထွင်ထားသော အီလက်ထရွန်နစ်ချစ်ပ်ပြားကို ပိုးဟပ်ကိုယ်တွင် ပူးချည်ထားစေပြီး ပိုးဟပ်ဦးမျှင်များရှိ (neurons)အာရုံခံကြောဆိုင်များနှင့်တိုက်ရိုက်ဆက်သွယ်ကာ စက်နှင်ထည်ပိုးဟပ်များအဖြစ် ပညာရှင်များက ဖန်တီးကြခြင်းဖြစ်သည်။

သတင်းအချက်အများကို လျှပ်စီးပတ်ကြောင်း အသုံးပြုပြီး neurons များမှတစ်ဆင့် ပိုးဟပ်၏ဦးနှောက်ဆီသို့ ပို့ဆောင်ပေးသည်။

ပိုးဟပ်ဦးမျှင်နှင့် အီလက်ထရွန်နစ်ချစ်ပ်ပြားမှ နန်းမျှင်တို့ ချိတ်ဆက်မှုလုပ်ဆောင်ရန် ပညာရှင်ဂါဂျီ၏ အဆိုအရ ထုံဆေးမေ့ဆေးပေး ကုသ

ပိုးဟပ်များကို မိုဘိုင်းဖုန်းဖြင့် ထိန်းချုပ်နှင်ကျောင်းမည်

ချိန်တိုကို ပိုးဟပ်များတွင် ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ပြီးနောက် စက်ကိရိယာပစ္စည်းကို ပိုးဟပ်ကိုယ်တွင် တွဲကပ်စေပြီး မိုဘိုင်းဖုန်း သို့မဟုတ် အခြားစက်ကိရိယာတစ်ခုခုမှတစ်ဆင့် ပိုးဟပ်၏ လှုပ်ရှားဆောင်ရွက်မှုများကို ထိန်းချုပ်နှင်ကျောင်းနိုင်မည်ဖြစ်သည်။

စီမံကိန်းတစ်ခုလုံး၏ အရေးပါပုံကို မစ္စတာဂါဂျီက လာမည့် ဇွန်လ ၁၉ ရက်တွင် TED စာတမ်းဖတ်ပွဲ စင်မြင့်ပေါ်၌ ရှင်းလင်းပြောကြားမည်ဖြစ်ပြီး အင်းဆက်ပိုးမွှားများ၏ လုပ်ကိုင်ဆောင်ရွက်နိုင်ရည်ကို သရုပ်ခွဲ ရှင်းပြမည်လည်းဖြစ်သည်။

"ဒါဟာ ထွင်လုံးသက်သက်မဟုတ်ပါဘူး။ ဒီနည်းပညာက ပါကင်ဆန်ရောဂါ(အကြောအားနည်းပြီး ခြေလက်တုန်တဲ့ရောဂါ) တိုက်ဖျက်ဖို့နဲ့ခန္ဓာကိုယ်တွင်း စက်ကိရိယာထည့်သွင်းကုသမှုတို့မှာ အသုံးဝင်မှာပါ။ စီမံကိန်းတစ်ခုလုံးရဲ့ အဓိကပစ်မှတ်ဟာ ဦးနှောက်လုပ်ဆောင်ပုံကို သင်ယူနိုင်တဲ့ ကိရိယာပစ္စည်း တီထွင်ဖန်တီးနိုင်ဖို့ပါပဲ"ဟု ဂါဂျီက ဘီဘီစီသတင်းဌာနသို့ ပြောကြားခဲ့သည်။

မောင်သံဆင့်-ရေးသားသည်



ပြည်မြန်မာနေ့စဉ်သတင်းစာကို တစ်ခဲနက်ဝယ်ယူဖတ်ရှုကြသည့် ပရိသတ်ကြီးအား အထူးကျေးဇူးတင်ရှိပါသည်။

PYI MYANMAR DAILY NEWSPAPER

ပြည်မြန်မာ

The Pyi Myanmar Daily

နေ့စဉ် သတင်းစာ

စာဖတ်သူများ၏ ဆန္ဒအရ ဈေးနှုန်းတိုးမြှင့်ခြင်းမရှိဘဲ စာမျက်နှာ လေးမျက်နှာတိုးကာ ၂၄ မျက်နှာအထိ ရိုက်နှိပ်ထားပြီး လုံလောက်စွာ ဖတ်ရှုနိုင်ရန် စောင်ရေ တိုးမြှင့်ထားပါသည်။

ဦးဦးဖျားဖျား ထူးထူးခြားခြား ပြည်တွင်းပြည်ပ သတင်းစုံကို နေ့စဉ် အားပါးတရ ဖတ်ရှုရပါမည်။

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် အများပြည်သူဝန်ဆောင်မှုမီဒီယာ (၆)

ဗညားအောင်

ယမန်နေ့မှအဆက်

အာရှဒေသအခြေအနေ

ဥရောပတိုက်တွင် အများပြည်သူဝန်ဆောင်မှုမီဒီယာများ အားကောင်းမောင်းသန် ဖွံ့ဖြိုးတိုးတက်နေသော်လည်း အာရှဒေသမှာ နောက်ကျကျန်နေခဲ့ပြီး အိန္ဒိယ၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံများတွင် သာအများပြည်သူဝန်ဆောင်မှုမီဒီယာများ ခိုင်ခိုင်မာမာ ထွန်းကားသည်ကို တွေ့ရသည်။ ထို့ကြောင့်လည်း Asia-Pacific Institute of Broadcast Developement-AIBD က ၁၉၉၀ပြည့်နှစ်အစပိုင်းများမှပင်စတင်ပြီး ဒေသတွင်း၌ အများပြည်သူဝန်ဆောင်မှုမီဒီယာများ ပေါ်ထွက်လာစေရန်အတွက် ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။

သို့သော် AIBD၏ ညွှန်ကြားရေးမှူး ဒေါက်တာဂျာဗတ်မိုတာဂီက စီးပွားရေးကဏ္ဍကို အလေးထားမှု၊ ပြည်သူ့ဘဏ္ဍာငွေကန့်သတ်ချက်ရှိမှု၊ ဩဇာကြီးမားသည့် ပုဂ္ဂလိက မီဒီယာများ၏ ဆန့်ကျင်မှု၊ အများပြည်သူဝန်ဆောင်မှုမီဒီယာ၏ သဘောသဘာဝအပေါ် သဘောမပေါက်မှု၊ လူ့စွမ်းအားအရင်းအမြစ်ချို့တဲ့မှုနှင့် နိုင်ငံရေးအရ စိတ်အားထက်သန်မှုမရှိခြင်းများကြောင့် အာရှ-ပစိဖိတ်ဒေသ အများပြည်သူဝန်ဆောင်မှုမီဒီယာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုအများအပြားနှင့် ရင်ဆိုင်နေရကြောင်း ဝန်ခံပြောဆိုခဲ့သည်။ မည်သို့ပင်ဖြစ်စေ ဗဟုမီဒီယာအခြေအနေကို ဖော်ဆောင်နိုင်ရန်နှင့် မီဒီယာလက်ဝါးကြီးအုပ်မှုအခြေအနေကို ကာကွယ်ရန်၊ နိုင်ငံသားအားလုံးထံသို့ သတင်းအချက်အလက်များ လွတ်လပ်စွာစီးဆင်းနိုင်စေရန်အတွက် အများပြည်သူဝန်ဆောင်မှုမီဒီယာပုံစံတစ်ခုကို ဖော်ထုတ်ရန်လိုအပ်နေပြီဆိုသည့် အချက်ကို ဒေသတွင်းနိုင်ငံများက လက်ခံလာခဲ့ကြသည်။

ထို့ကြောင့် ၂၀၀၄ ခုနှစ် မေ ၂၇ရက်နေ့ ဘန်ကောက်မြို့တွင် ပြုလုပ်ခဲ့သည့် အာရှ-ပစိဖိတ် ပြန်ကြားရေးဝန်ကြီးများအစည်းအဝေးက ထုတ်ပြန်ခဲ့သည့် ဘန်ကောက်ကြေညာချက်တွင် **ပြည်သူများကို အသိပေးရန်၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို မြှင့်တင်ရန်၊ သတင်းအချက်အလက်များ လွတ်လပ်စွာစီးဆင်းမှုကို အထောက်အကူပြုရန်၊ ပြည်သူများပါဝင်နိုင်မှုကို မြှင့်တင်ရန် စသည့် အကျိုးကျေးဇူးများကို ဖော်ဆောင်နိုင်ရန်အတွက် အများပြည်သူဝန်ဆောင်မီဒီယာများကို ဖော်ဆောင်ပေးရန်** ဟု ဖော်ပြလာသည်ကို တွေ့ရသည်။

အဆိုပါ ဘန်ကောက်ကြေညာချက်၌ပင် အများပြည်သူဝန်ဆောင်မှုမီဒီယာများအနေဖြင့် ဘဏ္ဍာရေးလွတ်လပ်မှု၊ အယ်ဒီတာလွတ်လပ်မှုတို့ကို အာမခံနိုင်စေရန်အတွက် လိုက်နာသင့်သည့်အချက်များ၊ နိုင်ငံသားအားလုံးသို့ သတင်းအချက်အလက်များ ဖြန့်ဝေနိုင်ရန်အတွက် လိုက်နာသင့်သည့်အချက်များနှင့် ရန်ပုံငွေထောက်ပံ့ရမည့် နည်းလမ်းများ စသည်တို့ကို ထည့်သွင်းဖော်ပြခဲ့ပါသည်။

မြန်မာနိုင်ငံအပါအဝင်ဖြစ်သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်းတွင် အင်ဒိုနီးရှားနိုင်ငံသည် အများပြည်သူဝန်ဆောင်မှုမီဒီယာကို အစောဆုံးစတင်အကောင်အထည်ဖော်ခဲ့သည့်နိုင်ငံဖြစ်သည်။ ၁၉၉၈ ခုနှစ် ပြုပြင်ပြောင်းလဲရေးစတင်ချိန်တွင် နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် အသံလွှင့်ဌာနကို အများပြည်သူဝန်ဆောင်မှုမီဒီယာအဖြစ်သို့ အသွင်ကူးပြောင်းခဲ့သည်။ သို့သော် ၂၀၁၂ ခုနှစ် မတ်လတွင် ဖို့ဒ်ဖောင်ဒေးရှင်း၏ အကူအညီဖြင့် Center for Innovation Policy and Governance က ပြုစုခဲ့သည့် Mapping Media Policy in Indonesiaအစီရင်ခံစာ၌ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် မီဒီယာကို စနစ်တကျစီမံခန့်ခွဲရန် ပျက်ကွက်ခဲ့ကြောင်း၊ ထို့ကြောင့် အကျိုးအမြတ်ကို အဓိကထားသည့် မီဒီယာများသာ အလွန်အကျွံဖွံ့ဖြိုးတိုးတက်လာပြီး မီဒီယာလက်ဝါးကြီးအုပ်မှုအခြေအနေဖြစ်လာကြောင်း၊ အင်ဒိုနီးရှား အများပြည်သူဝန်ဆောင်မှုမီဒီယာများမှာလည်း အဖွဲ့အစည်းအတွင်း ပြဿနာများကြောင့် ထိရောက်စွာစွမ်းဆောင်နိုင်မှုမရှိကြောင်း၊ မီဒီယာလွတ်လပ်ခွင့်ကို ပြည်သူ့အကျိုးစီးပွားအတွက် ထည့်သွင်းစဉ်းစားမှု မပြုဘဲ စီးပွားရေးအကျိုးအမြတ်အတွက် သက်သက်စဉ်းစားခြင်းမှာ မသင့်တော်ကြောင်း၊ မီဒီယာလုပ်ငန်းများကို အခြားစီးပွားရေးလုပ်ငန်းများနှင့်မတူ သီးခြားစဉ်းစားသင့်ကြောင်း ထောက်ပြထားသည်ကို တွေ့ရပါသည်။ လက်တွေ့တွင်လည်း အင်ဒိုနီးရှားနိုင်ငံ၏ သတင်းစာနှင့် ဂျာနယ်မဂ္ဂဇင်းများ၊ ပုဂ္ဂလိက ရုပ်မြင်သံကြားနှင့် ရေဒီယို အသံလွှင့်ဌာနများသာမက လူကြိုက်များသည့် အင်တာနက်မီဒီယာဝက်ဘ်ဆိုက်များအပါအဝင် မီဒီယာအားလုံးနီးပါးသည် မီဒီယာအုပ်စု ၁၂ခု၏ လက်ဝယ်တွင်ရှိနေသည်ကို လေ့လာတွေ့ရှိရပါသည်။

ထိုင်းနိုင်ငံတွင်မူ ယခင်ပုဂ္ဂလိကပိုင် Thai Independent Television TITVကို ၂၀၀၈ ခုနှစ်တွင် ဥပဒေဖြင့် အများပြည်သူဝန်ဆောင်မှုမီဒီယာအဖြစ်သို့ ပြောင်းလဲခဲ့သည်။ ပြောင်းလဲသည့်နှစ် မကြာမြင့်သေးသော်လည်း ထိုင်းနိုင်ငံ အများပြည်သူဝန်ဆောင်မှုရုပ်သံလွှင့်ဌာန Thai PSB သည် သတင်းအရည်အသွေးမြင့်မားမှုကြောင့် ပြည်တွင်း၊ ပြည်ပမှ အသိအမှတ်ပြုခံရသည်ကို တွေ့ရပါသည်။

ဖိလစ်ပိုင်နိုင်ငံတွင်မူ အများပြည်သူဝန်ဆောင်မှုမီဒီယာတစ်ခု ထူထောင်ရန်အတွက် ၂၀၀၇ ခုနှစ်မှ စတင်ကြိုးစားခဲ့သော်လည်း အောင်မြင်မှုမရှိသေးပါ။ University of the Philippines Visayas မှ ရုပ်သံလွှင့်ပညာရပ်ဆိုင်ရာ လက်ထောက်ပါမောက္ခ Amy Daquilanea-Tanoy ကမူ ထိုကဲ့သို့ အောင်မြင်မှုမရှိရခြင်းမှာ အစိုးရနှင့် လွှတ်တော်အနေဖြင့် နိုင်ငံရေးအရ စိတ်အားထက်သန်မှုမရှိခြင်း၊ လက်ရှိ ပုဂ္ဂလိကမီဒီယာအုပ်စုကြီးများက ကိုယ်ကျိုးစီးပွားအပေါ် အခြေခံ၍ ဆန့်ကျင်နေခြင်းနှင့် ပြည်သူလူထုအနေဖြင့် အများပြည်သူဝန်ဆောင်မှုမီဒီယာအကြောင်းကို ကောင်းစွာမသိခြင်းတို့ကြောင့် ဖြစ်သည်ဟု သုံးသပ်ပြောကြားခဲ့ပါသည်။

ထိုကဲ့သို့ အာဆီယံနိုင်ငံများတွင် အများပြည်သူဝန်ဆောင်မှုမီဒီယာအယူအဆ စတင်မိတ်ဆက်နေချိန်၌ မိမိတို့ မြန်မာနိုင်ငံ၌လည်း အများပြည်သူဝန်ဆောင်မှုမီဒီယာများ စတင်ဖွဲ့စည်းနိုင်ရန်အတွက် အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းထားပြီဖြစ်ပါသည်။ ဒီမိုကရေစီနိုင်ငံဖြစ်သည်နှင့်အညီ ထိုဥပဒေကြမ်းအပေါ် အယူအဆအမျိုးမျိုး၊ အမြင်အမျိုးမျိုးဖြင့် တုံ့ပြန်ဆွေးနွေးကြသည်မှာလည်း သဘာဝကျပါသည်။ ကြိုဆိုရမည့်အချက်လည်းဖြစ်ပါသည်။

သို့သော် မိမိတို့နိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ဆောင်ရွက်ရာတွင် ယခင်ရှိပြီးဖြစ်သည့် အင်စတီကျူးရှင်းများကို ပိုမိုကောင်းမွန်အောင် ပြုပြင်ခြင်း၊ အချို့ အင်စတီကျူးရှင်းများကို ဖျက်သိမ်းခြင်း၊ အင်စတီကျူးရှင်းအသစ်များကို ဖွဲ့စည်းတည်ထောင်ခြင်းများကို တစ်ပြိုင်တည်း လုပ်ဆောင်နေရသည့်အချိန်ဖြစ်သည်။

ယခုတင်သွင်းထားသည့် အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကြမ်းမှာ မြန်မာနိုင်ငံတွင် မရှိခဲ့ဖူးသည့် အင်စတီကျူးရှင်းအသစ်တစ်ခုကို တည်ထောင်နိုင်ရန်အတွက် ရည်ရွယ်ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် အများပြည်သူဝန်ဆောင်မှုမီဒီယာကို စတင်ထူထောင်ခဲ့သည့်အပြင် နိုင်ငံတကာက အလေးထားရသည့် အများပြည်သူဝန်ဆောင်မှုမီဒီယာစံနှုန်းများကို ကျင့်သုံးနေသည့် ဥရောပနိုင်ငံများမှ စံနှုန်းများကို အခြေပြုပြီး မြန်မာနိုင်ငံအခြေအနေနှင့် အသင့်တော်ဆုံးဖြစ်အောင် ရေးဆွဲထားခြင်းဖြစ်ပါသည်။

သို့သော် ယနေ့အချိန်အထိ ဥပဒေကြမ်းအပေါ် ဝေဖန်ထောက်ပြမှုအများစုသည် နိုင်ငံတကာစံနှုန်းများကို အခြေခံခြင်းထက် မိမိတို့ ခံစားချက်များ၊ သံသယများ၊ ပုဂ္ဂလိက အကျိုးစီးပွားများအပေါ်တွင်သာ အခြေခံနေသည်ကို လေ့လာတွေ့ရှိရပါသည်။ တကယ်တော့ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုသည်မှာ မြန်မာနိုင်ငံတွင် မရှိခဲ့သေးသည့် အင်စတီကျူးရှင်းတစ်ခုဖြစ်ရာ ဥပဒေကြမ်းကို ဝေဖန်ရာ၌ မိမိတို့ ကိုယ်ပိုင်ခံစားချက်များ၊ အတိတ်အတွေ့အကြုံများကို အခြေခံပြီး ဝေဖန်နေခြင်းထက် အများပြည်သူဝန်ဆောင်မှုမီဒီယာနှင့်ပတ်သက်သည့် နိုင်ငံတကာစံနှုန်းများကို အခြေခံပြီး ဝေဖန်သုံးသပ်မှသာ အားလုံးအတွက် အကျိုးရှိမည်ဖြစ်ပါသည်။ ထိုသို့ ဓမ္မဓိဋ္ဌာန်ကျကျ ဝေဖန်နိုင်ရန်အတွက် ယခုဆောင်းပါးပါ အချက်အလက်များက အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ပါသည်။

နိုင်ငံသားစိစစ်ရေးကတ်များ သီပေါ၌ ထုတ်ပေးနေ

သီပေါ ဇွန် ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့် ၅ စီမံချက်ဆောင်ရွက်ခဲ့ပြီး နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇွန် ၁၃ ရက်က ကွန်ခိုက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံသား အရည်အချင်းပြည့်မီသူ ကျေးရွာသူ ကျေးရွာသား ၇၅ ဦးတို့ကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်နိုင်မြင့်က ကွန်ခိုက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုင်းစန်းလွင်ထံ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၀၇၂)

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲမှူး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖများ၏ ဦးဆောင်ပံ့ပိုးဝိုင်းဝန်းဆောင်ရွက်မှုဖြင့် မြို့နယ်အတွင်းရှိ ရေနုတ်မြောင်းများ ပြည်လည်တူးဖော်ခြင်း၊ ချုံနွယ်နှင့် အမှိုက်များရှင်းလင်းခြင်းကို ဇွန် ၁၅ ရက် နံနက်က ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ မြို့နေပြည်သူများ စုပေါင်းဆောင်ရွက်ကြစဉ်။ (၀၄၂)

အခြေခံလူတန်းစားများအား ပိတောက်မြိုင်ဈေး သမဝါယမ အသင်းလီမိတက် ငွေထုတ်ချေးပေး

ရန်ကုန် ဇွန် ၁၆

လှိုင်သာယာမြို့နယ် အမှတ် (၇) ရပ်ကွက်၌ ပိတောက်မြိုင်ဈေးရှိ သမဝါယမအသင်းလီမိတက်မှ အခြေခံလူတန်းစားနှင့် ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များအား အတိုးနှုန်း ငွေကျပ် ၂၅၀ ဖြင့် လူတစ်ဦးလျှင် ၂၀၀၀၀ ချေးပေးလျက်ရှိရာ ကျောင်းဖွင့်ရာသီ၌ ကျောင်းသားများ၏ လိုအပ်ချက်ကို မိဘများက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့်အတွက် ဝမ်းသာပီတိဖြစ်လျက်ရှိကြောင်း သိရသည်။

အသင်းဝင် ထောင်ကျော်ရှိပြီး နှစ်စဉ် အသင်းဝင်သားသမီးများအား ပညာသင်စရိတ်နှင့် ဗလာစာအုပ်၊ စာရေးကိရိယာများကို ထောက်ပံ့ကူညီလျက်ရှိရာ တက္ကသိုလ်ဝင်တန်း အောင်မြင်သူတစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀ နှင့် ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ် ၂၀၀၀၀ ချီးမြှင့်၍ မူလတန်း၊ အလယ်တန်းအဆင့်နှင့် သာရေးနာရေးကိစ္စများပါမကျန် အတိုးနှုန်းဝင်ငွေမှ ထောက်ပံ့လှူဒါန်းလျက်ရှိသောကြောင့် အခြေခံလူတန်းစားနှင့် ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များအပေါ်၌ အမှန်ကူညီဆောင်ရွက်ပေးသည့်အတွက် အားကိုးယုံကြည်မှု တိုးလာကြောင်းသိရသည်။

“ဒီမှာ အခြေခံလူတန်းစားများတယ်ဆိုတော့ ကျွန်တော်တို့အသင်း အနေနဲ့ တတ်နိုင်သမျှ ဆက်လက်ဆောင်ရွက်သွားမှာပါ။ ကျန်းမာရေးနဲ့ပတ်သက်လာရင် အခြေခံလူတန်းစားတွေအတွက် အခက်အခဲတွေ ရှိကြတယ်။ ဆေးခန်းတစ်ခါပြရင် ငွေကျပ် ၂၀၀၀၊ ၃၀၀၀ ဆိုတော့ အဆင်မပြေကြတာများတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အသင်းက စရိတ်အနည်းဆုံး အခြေခံလူတန်းစားတွေအတွက် ဆေးခန်းတစ်ခန်းဆောက်ဖို့ ဆန္ဒရှိကြတယ်။ မြေနေရာက အခက်အခဲတစ်ခုဖြစ်နေတယ်”ဟု အသင်း၏ ဥက္ကဋ္ဌဖြစ်သော ဦးဌေးရှိန်က ရင်တွင်းဆန္ဒကို ပြောကြားသည်။ (၁၆၄)

ရပ်ထားသော နောက်တွဲပါကုန်တင်ယာဉ်ကို ဒိုင်နာယာဉ်ဝင်တိုက် ယာဉ်မောင်းသေဆုံး

ရန်ကုန် ဇွန် ၁၆

ဇွန် ၁၅ ရက် နံနက် ၆ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ၆၀ ရပ်ကွက် ရတနာလမ်းမကြီးအတိုင်း အနောက်မှ အရှေ့သို့ အရှိန်မြင့်မောင်းနှင်လာသော အစိမ်းရောင် ၈၉ ယာဉ်လိုင်း ခရီးသည်တင် ဒိုင်နာယာဉ် ၆က/---သည် လမ်းဘေးတွင် ရပ်ထားသော ကွန်တိန်နာနောက်တွဲပါ ယာဉ်နစ်ဆန်း အဖြူရောင် ၅ခ/--- ယာဉ်ကိုအရှိန်ပြင်းစွာဖြင့် နောက်မှဝင်တိုက်ပြီး **(အပေါ်ပုံ)** ခရီးသည်တင် ယာဉ်မောင်း မြင့်သိန်းဦး (၄၂နှစ်) သည် အခင်းဖြစ်နေရာမှာပင် ဒဏ်ရာပြင်းထန်စွာဖြင့် သေဆုံးပြီး ခရီးသည်နှစ်ဦး ဒဏ်ရာရရှိသဖြင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ရဲတပ်ဖွဲ့စခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၀၈၁)**

အခြေခံပညာမူလတန်းကျောင်း တိုးမြှင့်ဖွင့်လှစ်ပွဲကျင်းပ

ကလေး ဇွန် ၁၆

ချင်းပြည်နယ် တီးတိန်မြို့နယ် ရှောင်စောန်းစံပြကျေးရွာ အမှတ်(၃) အမက၏ တွဲဖက်မူလတန်းကျောင်းကို အခြေခံပညာမူလတန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့် ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို ဇွန် ၆ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်၊ မြို့နယ်ပညာရေးမှူး ဦးဂင်ခန့်ခွာလ်နှင့် ကျေးရွာနာယက ဆရာတော် ဦးကမ်းဆွင်းမန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်က အမှာစကားပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခမ်ဆွင်းမုန်က နိုင်ငံတော်၏ ပညာရေးတိုးမြှင့်ဖွံ့ဖြိုးရေး ရည်မှန်းချက်၊ လိုအပ်ချက်နှင့် ဆောင်ရွက်ချက်များကို ပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးဂင်ခန့်ခွာလ်က ပညာရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးသည် အဓိကဖြစ်ပါသဖြင့် ရှောင်စောန်းစံပြကျေးရွာ၌ အခြေခံပညာမူလတန်းကျောင်းကို တိုးမြှင့်ဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးစောထွန်းနှင့် ဇနီးဒေါ်နီနီဝင်းမိသားစုတို့က ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံး ဗလာစာအုပ်၊ ခဲတံနှင့် တိုင်ကပ်နာရီတစ်လုံး လှူဒါန်းခဲ့ပြီး ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးဇမ်းထန့်စိန်က ကျေးဇူးတင်စကား ပြောကြားကာခဲ့ကြောင်း သိရသည်။

ဂျူနိုင်း

ဆောင်းပါး

ကျွန်တော်နဲ့ ကုလသမဂ္ဂ

ပါမောက္ခ၊ ဒေါက်တာ အောင်ထွန်းသက်

ကျွန်တော်ဟာ ကုလသမဂ္ဂအဖွဲ့အစည်းမှာ နှစ်ကျော့တာဝန်ယူဆောင်ရွက်ခဲ့ရပါတယ်။ ၁၉၉၂ခုနှစ်ကစပြီး ၂၀၀၈ ခုနှစ်အထိ တစ်ကြိမ်၊ ၂၀၀၈ ခုနှစ်မှ ယခုအထိ နောက်တစ်ကြိမ် တာဝန်ယူခဲ့ရပါတယ်။ အခုလိုနိုင်ငံမှာ ထူးခြားတဲ့ ပြုပြင်ပြောင်းလဲမှုတွေကို အကောင်ထည်ဖော်နေတဲ့အချိန်မှာ မြန်မာနိုင်ငံနဲ့ ကုလသမဂ္ဂအကြား ဆက်သွယ်၊ ဆက်ဆံမှုတွေမှာလည်း တိုးတက်ပြောင်းလဲလာပြီး နိုင်ငံဟာ ကမ္ဘာ့အလယ်မှာ တင့်တင့်တယ်တယ် ပြန်လည်ရောက်ရှိလာတဲ့အချိန်ဖြစ်နေပါတယ်။

ယခုလိုပြောင်းလဲလာတဲ့အချိန်မှာ မြန်မာနိုင်ငံသားတွေအနေနဲ့ ကုလသမဂ္ဂနဲ့ ပတ်သက်ပြီး ပိုမိုပြည့်စုံတဲ့ နားလည်မှုတွေရှိဖို့ အရေးကြီးလှပါတယ်။ ဒီနားလည်မှုတွေနဲ့ ကုလသမဂ္ဂလှုပ်ရှားမှုတွေမှာ ပိုပြီးပါဝင်ပတ်သက်လာနိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်ဟာ ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)မှာ စပြီး အလုပ်လုပ်ခွင့်ရပါတယ်။ အခုလိုအခွင့်အရေးရခဲ့တာကလည်း ကျန်းမာရေးဝန်ကြီးဌာနမှာ တာဝန်ယူရင်း ကုလသမဂ္ဂအဖွဲ့အစည်းမျိုးစုံနဲ့ ထိတွေ့ဆက်ဆံခွင့်ရပြီး နာမည်ရလာပြီး နိုင်ငံတော်ရဲ့ တာဝန်ပေးချက်အရ သွားရောက်ခဲ့ခြင်း ဖြစ်ပါတယ်။ အမှန်တော့ ကုလသမဂ္ဂမှာ အလုပ်လုပ်ခွင့်ရတာက ၁၉၈၀ ခုနှစ်လောက်ကတည်းကဖြစ်ပါတယ်။ ကျွန်တော် ပါရဂူဘွဲ့ယူပြီး မြန်မာပြည်ကိုပြန်ရောက်ခဲ့ပြီးနောက် ကျန်းမာရေး၊ သမဝါယမနဲ့ လူမှုရေးနယ်ပယ်မှာ သုတေသနလုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ပါတယ်။ ဒါနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းမှာ တစ်ကြိမ်၊ ထိုင်းနိုင်ငံမှာရှိတဲ့ ESCAP အဖွဲ့အစည်းမှာတစ်ကြိမ် တာဝန်ထမ်းဆောင်ပေးဖို့ ကမ်းလှမ်းခံခဲ့ရပါတယ်။ ဒါပေမယ့် တစ်ချိန်က ရှိခဲ့တဲ့ အခြေအနေတွေကြောင့် သွားခွင့်မရခဲ့ပါဘူး။

အမှန်တော့ ကျွန်တော်ဟာ ကုလသမဂ္ဂမှာ တာဝန်ယူခဲ့ကြတဲ့ မြန်မာတွေကို အားကျခဲ့သူ ဖြစ်ပါတယ်။ လူတိုင်းသိတဲ့ ဦးသန့်ရှိသလို ECAFE မှာ တာဝန်ယူခဲ့တဲ့ ဦးညွန့်၊ ပြီးတော့ ကမ္ဘာ့ဘဏ်မှာ တာဝန်ယူခဲ့တဲ့ ဒေါက်တာထွန်းဝေ၊ ဦးတင်ထွန်း၊ ဒေါက်တာမောင်ရှိန်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှာ တာဝန်ယူခဲ့တဲ့ ဒေါက်တာဦးကိုကို၊ UNDP မှာ အရှေ့တောင်အာရှဗျူရိုရဲ့ အကြီးအကဲ ဒေါက်တာငွေဒွန်း၊ ကုလသမဂ္ဂအဖွဲ့အစည်းရဲ့ လုံခြုံရေးတာဝန်ခံ ဦးထွန်းမြတ်၊ ကလေးများ ရန်ပုံငွေအဖွဲ့မှာ တာဝန်ယူခဲ့တဲ့ ဒေါက်တာညီညီ။ ဒီပုဂ္ဂိုလ်တွေဟာ ကျွန်တော်အားကျခဲ့ရတဲ့သူတွေသာ ဖြစ်ပါတယ်။

ကုလသမဂ္ဂလို့ပြောရင် မလုံလောက်ပါဘူး။ ကုလသမဂ္ဂမှာ အဖွဲ့အစည်းတွေက အမျိုးစုံလှပါတယ်။ ကုလသမဂ္ဂရုံးချုပ်တည်နေရာဖြစ်တဲ့ နယူးယောက်မြို့မှာ အထွေထွေအတွင်းရေးမှူးချုပ်ရုံးစိုက်တဲ့ UN Secretariat တည်ရှိပြီး သူ့လက်အောက်ခံ အဖွဲ့အစည်းတွေလည်း မျိုးစုံရှိပါတယ်။ ကုလသမဂ္ဂအဖွဲ့အစည်းများအနက် Funds and Programmes ဆိုပြီး အမျိုးအစားခွဲခြားလို့ ရပါတယ်။ ရန်ပုံငွေနဲ့ အစီအစဉ်များဆိုပြီး ယေဘုယျအားဖြင့် ခွဲခြားနိုင်ပါတယ်။ ဒါကြောင့် ရန်ပုံငွေ (Funds) လို့ပြောရင် UNICEF နဲ့ UNFPA ပါဝင်ပြီး အစီအစဉ် (Programmes)လို့ သတ်မှတ်ရင် UNDP နဲ့ WFP ရယ်လို့ သတ်မှတ်နိုင်တာတွေ့ရပါတယ်။ တစ်ဖက်ကလည်း Specialized Agencies (အထူးပြုအဖွဲ့အစည်းများ) အဖြစ် FAO, WHO, ILO, UNESCO စတာတွေကိုလည်း ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ ဒီအဖွဲ့အစည်းတွေရဲ့ ရုံးချုပ်များကိုလည်း ကမ္ဘာအနှံ့ မြို့ကြီးတွေမှာ ဖွင့်လှစ်ထားပါတယ်။

နယူးယောက်မြို့မှာ UNDP, UNFPA, UNICEF, UN WOMEN စတဲ့အဖွဲ့အစည်းတွေ ရုံးစိုက်ပြီး UNESCO ကတော့ ပါရီမြို့မှာ ရုံးစိုက်ပါတယ်။ ရောမမြို့မှာတော့ FAO, WFP နဲ့ IFAD အဖွဲ့အစည်းတွေ ရုံးစိုက်လျက်ရှိပါတယ်။ ကုလသမဂ္ဂအဖွဲ့ရဲ့ သင်ကြားရေးနဲ့ သုတေသနလုပ်ငန်းတွေကို ဂျပန်နိုင်ငံ တိုကျိုမြို့မှာ ရှိတဲ့ UN University ၊ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှာရှိတဲ့ သုတေသနဌာနနဲ့ အီတလီတူရင်မြို့မှာရှိတဲ့ UN System Staff College တွေကို လည်း ဖွင့်လှစ်ထားပါတယ်။

ကုလသမဂ္ဂရဲ့ ဒေသဆိုင်ရာလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ Regional Commission (ဒေသဆိုင်ရာ ကော်မရှင်များ) ကိုလည်း ထိုင်းနိုင်ငံရှိ ESCAP ၊ အီသီယိုးပီးယားနိုင်ငံမှာရှိတဲ့ ECA ၊ ဆွစ်ဇာလန်နိုင်ငံမှာရှိတဲ့ ECE နဲ့ ပနားမားနိုင်ငံမှာရှိတဲ့ ECLAE နဲ့ ဂျော်ဒန်နိုင်ငံမှာ ရှိတဲ့ အာရပ်နိုင်ငံများနဲ့ အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ ကော်မရှင်များကို ဖွဲ့စည်းခဲ့ပါတယ်။

ကျွန်တော်ဟာ ကုလသမဂ္ဂကလေးများရန်ပုံငွေ (UNICEF) မှာ တာဝန်ယူစဉ် အဖွဲ့အစည်းရဲ့ အဆင့်သုံးဆင့်စလုံးမှာ တာဝန်ယူခွင့်ရပါတယ်။ ပထမအဆင့်ဖြစ်တဲ့ ရုံးချုပ်ရှိရာ နယူးယောက်မြို့မှာ ငါးနှစ်ခန့် တာဝန်ယူခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့မှာ သုံးနှစ်လောက် တာဝန်ယူခဲ့ပါတယ်။ ဆက်လက်ပြီး ဒေသရုံးချုပ်စိုက်တဲ့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာလည်း နှစ်နှစ်ကျော် တာဝန်ယူခဲ့ရပါတယ်။ ဗန်ကောက်မှာ တာဝန်ယူရင်း မိမိဝါသနာပါလှတဲ့ သင်ကြားရေးတာဝန်ကို အီတလီနိုင်ငံ တူရင်မြို့မှာ ၂၀၀၀ ခုနှစ်မှ စတင်ပြီး တည်ထောင်ခဲ့တဲ့ UN System Staff College မှာ Principal Officer အဖြစ် ရှစ်နှစ်လောက် တာဝန်ယူခဲ့ပါတယ်။

နောက်ဆုံးတာဝန်ယူခဲ့တဲ့ ကုလသမဂ္ဂ ဝန်ထမ်းတက္ကသိုလ်မှာ တာဝန်ယူရင်း ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုလုံးအတွက် သော့ချက်ဖြစ်တဲ့ ညှိနှိုင်းဆောင်ရွက်မှု (Coordination) နဲ့ ပတ်သက်ပြီး သင်ကြားရေးအပိုင်းမှာ ကူညီပံ့ပိုးခဲ့ပါတယ်။ ကုလသမဂ္ဂအဖွဲ့အစည်းကြီးရဲ့ ပြုပြင်ပြောင်းလဲမှုကို ၁၉၉၇ ခုနှစ်မှ စတင်ပြီး ဆောင်ရွက်ခဲ့ပါတယ်။ အခြေခံစိန်ခေါ်မှုက နိုင်ငံတစ်နိုင်ငံအတွင်း ကုလသမဂ္ဂ အဖွဲ့အစည်းရဲ့ ကူညီပံ့ပိုးမှုကို ဘယ်နည်းဘယ်ပုံကိုင်တွယ် ဖြေရှင်းသင့်သလဲဆိုတဲ့အချက်ပဲဖြစ်ပါတယ်။

ဒီစိန်ခေါ်မှုကို ဖြေရှင်းဖို့ ကုလသမဂ္ဂအဖွဲ့အစည်းများ ချဉ်းကပ်မှုနှစ်ရပ်ကို အသုံးပြုခဲ့ပါတယ်။ ပထမအနေနဲ့ တိုင်းပြည်တစ်ပြည်ရဲ့ ပကတိအခြေအနေကို ခြုံငုံသုံးသပ်ဖို့ Common Country Assessment (CCA) ကို ဆောင်ရွက်ခဲ့ပါတယ်။ ကုလသမဂ္ဂအဖွဲ့အစည်းများအနေနဲ့ သီးခြားဆန်းစစ်မှုတွေ မဆောင်ရွက်နိုင်ဘဲ နိုင်ငံမှာရှိတဲ့ ကုလသမဂ္ဂ အဖွဲ့အစည်းတွေက ပူးပေါင်းပြီး ဆန်းစစ်တဲ့ပုံစံဖြစ်ပါတယ်။ အခုလို ဆောင်ရွက်တဲ့နေရာမှာ ကုလသမဂ္ဂအဖွဲ့အစည်းများသာမက နိုင်ငံတော်အစိုးရနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေကလည်း ပူးပေါင်းဆောင်ရွက်ကြပါတယ်။ အခုလို နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးမှု အနေအထားကို ကျကျနန ဆန်းစစ်ပြီး တုံ့ပြန်မှု အစီအစဉ်များကို ဖော်ထုတ်ရန် UN Development Assistance Framework (UNDAF) ကို ပြုစုရပါတယ်။

အဓိပ္ပာယ်ကတော့ ဖွံ့ဖြိုးမှုအထောက်အပံ့အတွက် ပြည့်စုံတဲ့ အစီအစဉ်တစ်ရပ်ကို ဖော်ထုတ်တာပဲဖြစ်ပါတယ်။ ဒီချဉ်းကပ်မှု နှစ်ခုဖြစ်တဲ့ CCA နဲ့ UNDAF ကို ငါးနှစ်တစ်ကြိမ် ပြုစုဖော်ထုတ်ပါတယ်။ မြန်မာပြည်မှာ ၂၀၀၈ ခုနှစ်အထိ CCA နဲ့ UNDAF ကို ပြုစုခွင့် မရခဲ့ပါဘူး။ ရင်ဆိုင်ခဲ့ရတဲ့ နိုင်ငံရေးအကျပ်အတည်းတွေကြောင့် ကုလသမဂ္ဂအဖွဲ့အစည်းတွေဟာ မြန်မာပြည်မှာ အကန့်အသတ်နဲ့ လှုပ်ရှားခွင့်သာရရှိခဲ့ပါတယ်။ ၂၀၀၈ခုနှစ် နာဂစ်မုန်တိုင်းဖြစ်ပြီးချိန်မှာ ကုလသမဂ္ဂအဖွဲ့အစည်းများရဲ့ လှုပ်ရှားမှုတွေဟာ ပိုပြီးကျယ်ပြန့်လာခဲ့ပါတယ်၊ ဒါကြောင့်လည်း CCA နဲ့ UNDAF တွေကို ပြုစုခွင့်ရခဲ့တယ်။ အခေါ်အဝေါ်ကတော့ အခြေအနေနဲ့ သင့်မြတ်တဲ့အခေါ်အဝေါ်တွေကို သုံးစွဲခဲ့ရပါတယ်။

နိုင်ငံတစ်နိုင်ငံမှာ ကုလသမဂ္ဂအဖွဲ့အစည်းတွေဟာ ဘာတွေဆောင်ရွက်ကြသလဲ။ အကျဉ်းချုပ်ပြီး ပြောရရင် Humanitarian (လူသားချင်းစာနာထောက်ထားမှု) လုပ်ငန်းများနဲ့ Development (ဖွံ့ဖြိုးမှု) လုပ်ငန်းများကို ဆောင်ရွက်နေတာသာ ဖြစ်ပါတယ်။

အမှန်တော့ ကုလသမဂ္ဂရဲ့ လှုပ်ရှားမှုကို လွတ်လပ်မှုသုံးသပ်၍ ဖန်တီးခြင်းသာဖြစ်ပါတယ်။ ပထမလွတ်လပ်မှုကတော့ တမ်းတခြင်းမှ လွတ်လပ်ခြင်း Freedom from Want ဖြစ်ပါတယ်။ လူတစ်ယောက်မှာ တမ်းတခြင်းရှိ

ပါမောက္ခဒေါက်တာအောင်ထွန်းသက်

နေသရွေ့ ဆင်းရဲနေမှာဖြစ်တယ်။ ဒါကြောင့် တမ်းတခြင်းမှ လွတ်မြောက်ခြင်းဟာ မြန်မာနိုင်ငံမှာ သမ္မတကြီးတိုက်တွန်းနေတဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးသာဖြစ်ပါတယ်။ ဒုတိယလွတ်လပ်မှုကတော့ ကြောက်ရွံ့ခြင်းမှ လွတ်လပ်ခြင်း Freedom from Fear ဖြစ်ပါတယ်။ တစ်နည်းပြောရရင် လူသားလုံခြုံမှု Human security ဖြစ်ပါတယ်။ နောက်ဆုံးလွတ်လပ်မှုကတော့ ဂုဏ်သိက္ခာရှိရှိ နေထိုင်လှုပ်ရှားနိုင်ခြင်း Freedom to Live in Human Dignity ဖြစ်ပါတယ်။ ဒီလွတ်လပ်မှုကတော့ လူ့အခွင့်အရေး(Human Rights) ပဲဖြစ်ပါတယ်။

အခုဆိုရင် မြန်မာပြည်မှာ လူ့အခွင့်အရေးကိစ္စတွေကို တောင်းဆိုကြတယ်၊ ဖော်ထုတ်ကြတယ်။ ဝမ်းသာစရာအကောင်းဆုံးက မြန်မာ့လူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ လူ့အခွင့်အရေးနဲ့ ပတ်သက်ပြီး ဆွေးနွေးကြတဲ့နေရာမှာ လူ့အခွင့်အရေး(၅)ရပ်ရှိတာကို သတိမမူကြပါဘူး။ အမှန်တော့ လူ့အခွင့်အရေးနဲ့ ပတ်သက်လာရင် (၅)ရပ်ရှိပါတယ်။ ပထမလူ့အခွင့်အရေးက Political (နိုင်ငံရေး)နဲ့ ပတ်သက်တဲ့ လူ့အခွင့်အရေးဖြစ်ပါတယ်။ ဒုတိယလူ့အခွင့်အရေးကတော့ Civil Rights ဖြစ်ပြီး တတိယအခွင့်အရေးကတော့ Economic Rights (စီးပွားရေး)နဲ့ ပတ်သက်ပါတယ်။ စတုတ္ထလူ့အခွင့်အရေးက လူမှုရေးအခွင့်အရေး (Social rights) ဖြစ်ပြီး နောက်ဆုံးကတော့ ယဉ်ကျေးမှုနဲ့ ပတ်သက်တဲ့ လူ့အခွင့်အရေး Culture Rights ဖြစ်ပါတယ်။

ဒီလွတ်လပ်မှု (၅)ရပ်ရရှိခံစားနိုင်ဖို့ ကုလသမဂ္ဂအဖွဲ့အစည်းများ ဆောင်ရွက်လျက်ရှိပြီး ရည်မှန်းချက်အနေနဲ့ ထောင်စုနှစ်ရည်မှန်းချက်များဖြစ်တဲ့ Millennium Development Goals (MDGs) ကို ပြည့်မီအောင် ကြိုးစားလျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ အကောင်အထည်ဖော်လျက်ရှိတဲ့ ပြုပြင်ပြောင်းလဲမှုများဖြစ်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ ပုဂ္ဂလိကကဏ္ဍတိုးတက်ဖွံ့ဖြိုးမှုမှာ ကုလသမဂ္ဂအဖွဲ့အစည်းအသီးသီးဟာ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်နဲ့ တရားဥပဒေမဏ္ဍိုင် သုံးရပ်စလုံးနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံမှာ အကောင်အထည်ဖော်လျက်ရှိတဲ့ ပြုပြင်ပြောင်းလဲမှုများဖြစ်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ ပုဂ္ဂလိကကဏ္ဍတိုးတက်ဖွံ့ဖြိုးမှုမှာ ကုလသမဂ္ဂအဖွဲ့အစည်းအသီးသီးဟာ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်နဲ့ တရားဥပဒေမဏ္ဍိုင် သုံးရပ်စလုံးနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ကုလသမဂ္ဂအဖွဲ့အစည်းများဟာ ငြိမ်းချမ်းရေးအတွက် ရှေ့တန်းမှာ နိုင်ငံတော်အစိုးရနဲ့ ပူးပေါင်းပြီး တာဝန်ယူလျက်ရှိပါတယ်။ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ၊ မီဒီယာလောကသားတွေနဲ့ ပူးပေါင်းပြီး လိုအပ်တဲ့ ပံ့ပိုးမှုတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

ပွင့်လင်းလာတဲ့ စီးပွားရေးအခြေအနေတွေကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခဲ့ပါတယ်။ ဒီရင်းနှီးမြှုပ်နှံမှုတွေဟာ မှန်မှန်ကန်ကန်ရှိစေနိုင်ဖို့ ကုလသမဂ္ဂအဖွဲ့အစည်းတွေဟာ UN Global Compact အစီအစဉ်ကို ပြည်တွင်းမှာ စတင်အကောင်အထည်ဖော်လျက်ရှိပါတယ်။ ကုလသမဂ္ဂအစီအစဉ်နဲ့ ပြည်တွင်းစီးပွားရေးလုပ်ငန်းများသာမက အရပ်ဘက် လူ့အဖွဲ့အစည်းအတွင်းမှာ UN Global Compact လှုပ်ရှားမှုကို ဦးစီးလျက်ရှိပါတယ်။

ဒီ UN Global Compact ဟာ အမှန်တော့ Corporate Social Responsibility (CSR) လှုပ်ရှားမှုသာ ဖြစ်ပါတယ်။ CSR က လူမှုရေးတာဝန်ကျေပွန်တဲ့ စီးပွားရေးလုပ်ငန်းတွေ ဖြစ်လာအောင် ကြိုးစားခြင်းတစ်ရပ် ဖြစ်ပါတယ်။ အခြေခံ (၄)ရပ်ဖြစ်တဲ့ လူ့အခွင့်အရေး၊ ပြန်တမ်းတွေရဲ့အခွင့်အရေး၊ ပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှုနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွေ ပါဝင်ပါတယ်။

မြန်မာပြည်မှာ ရုံးစိုက်တဲ့ ကုလသမဂ္ဂအဖွဲ့အစည်း စုစုပေါင်း(၁၆)ဖွဲ့ရှိပါတယ်။ မြန်မာပြည်မှာ အခြေမစိုက်ပေမယ့်ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ အခြေစိုက်တဲ့ အဖွဲ့အစည်းတွေလည်း ပါဝင်ပါတယ်။ ဒီကုလသမဂ္ဂအဖွဲ့အစည်းတွေရဲ့ လှုပ်ရှားမှုတွေ ညှိနှိုင်းဆောင်ရွက်ဖို့ UN Resident Coordinator (ကုလသမဂ္ဂညှိနှိုင်းမှု ဌာနေကိုယ်စားလှယ်)ကို တာဝန်ပေးပါတယ်။ ဗန်ကောက်အနေနဲ့ UNRC လို့ ခေါ်ဝေါ်ပါတယ်။ ဒီ UN RC ဟာ စောစောက တင်ပြခဲ့တဲ့ ဖွံ့ဖြိုးမှုလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ညှိနှိုင်းဆောင်ရွက်ပေးသူဖြစ်ပါတယ်။ ဒီပုဂ္ဂိုလ်ဟာ တစ်ချိန်တည်းမှာပဲ UNDP ရဲ့ Resident Representative (ဌာနေကိုယ်စားလှယ်) လည်း ဖြစ်ပါတယ်။

တစ်ခါတလေ အခုလိုတာဝန်နှစ်ရပ်ရှိတာကို နားလည်မှုနည်းပါးတာ တွေ့ရပါတယ်။ လူသားချင်းစာနာတဲ့လုပ်ငန်းတွေကို ညှိနှိုင်းဆောင်ရွက်ဖို့ UN Humanitarial Coordinator (UNHC) ကို ခန့်ထားပါတယ်။ မြန်မာပြည်မှာ တာဝန်ယူလျက်ရှိတဲ့သူဟာ ဒီတာဝန်သုံးရပ်စလုံးကို ပူးတွဲတာဝန်ယူနေတာဖြစ်ပါတယ်။ ကျွန်တော်ဟာ တစ်ကျော့ပြန် ကုလသမဂ္ဂအဖွဲ့အစည်းမှာ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးချိန်မှစပြီး တာဝန်ယူလျက်ရှိပါတယ်။ ယခုဆိုရင် မြန်မာနိုင်ငံသားဖြစ်ရတာ မျက်နှာပွင့်လှပါတယ်။ ဂုဏ်ယူရတဲ့ အလုပ်ဖြစ်နေပါတယ်။ တခြားနိုင်ငံတွေမှာရှိတဲ့ UN Association (ကုလသမဂ္ဂအသင်း) ကို ဖွဲ့စည်းဖို့လည်း ကြိုးစားလျက်ရှိပါတယ်။ မြန်မာလူငယ်တွေအနေနဲ့ ကုလသမဂ္ဂအဖွဲ့အစည်းများမှာ တာဝန်ယူနိုင်အောင်လည်း ကူညီရမှာဖြစ်ပါတယ်။

ကုလသမဂ္ဂအဖွဲ့အစည်းဟာ လူသားတစ်ဦးအတွက် အမြင့်မြတ်ဆုံးဖြစ်တဲ့ အေးချမ်းခြင်း၊ ငြိမ်းချမ်းခြင်း၊ လူသားချင်းစာနာထောက်ထားခြင်း၊ မတူညီမှုကို လက်ခံတန်ဖိုးထားနိုင်ခြင်းစတဲ့ မြင့်မြတ်တဲ့ ခံယူချက်တွေ၊ အတွေးအခေါ်တွေနဲ့ တည်ဆောက်ထားတာမို့ မြန်မာပြည်သူပြည်သားများပါ တက်တက်ကြွကြွ ပါဝင်လှုပ်ရှားကြစေဖို့ တိုက်တွန်းမိပါတယ်။ ။

ပြည်တွင်းသတင်း

နေပြည်တော်ကောင်စီနယ်မြေ ကျေးရွာချင်းဆက်မြေသားလမ်းသစ်ဖွင့်

နေပြည်တော် ဇွန် ၁၆

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့အရှေ့ခြမ်းတောင်ပေါ်ဒေသရှိ ဇီးရိုင်း- မရမ်းတောင်-မြလင်း-မြသာ-လွှတ်တောင် ကျေးရွာချင်းဆက် မြေသားလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြလင်းကျေးရွာအဝင်၌ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်းနှင့် ဦးကံချွန်၊ ပျဉ်းမနားမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ပြည်သူများတက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မြင့်အောင်သန်းက နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်ပေးထားမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝင် ဦးကျော်မြင့်က ဇီးရိုင်း-မရမ်းတောင်- မြလင်း- မြသာ- လွှတ်တောင်ကျေးရွာချင်းဆက် မြေသားလမ်းသစ်နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ဇီးရိုင်း- မရမ်းတောင်- မြလင်း- မြသာ- လွှတ်တောင် ကျေးရွာချင်းဆက် မြေသားလမ်းသစ်အား နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မြင့်အောင်သန်း၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝင် ဦးမျိုးအောင်နှင့် မြလင်းကျေးရွာ အလုပ်အမှုဆောင် ဦးဝင်းဗိုလ်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**(အပေါ်ယာပုံ)**

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်များနှင့် ဧည့်သည်တော်များသည် မြလင်းကျေးရွာ အမှတ်- ၁၆၈ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည့် တောင်ပေါ်ဒေသရှိ ကျောင်းသား ကျောင်းသူ များအား စာရေးကိရိယာနှင့် ကျောင်းဝတ်စုံ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မြင့်အောင်သန်းက ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် ကျောင်းသုံး စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းအမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်းနှင့် တာဝန်ရှိသူများက ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့လှူဒါန်းကြရာ ကျောင်းသားကျောင်းသူများက လက်ခံယူကြပြီး မြလင်း အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးသန့်ဇင်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ချောမွေ့စွာသွားလာနိုင်

ယနေ့ဖွင့်လှစ်သည့် ပျဉ်းမနားမြို့ အရှေ့ခြမ်းတောင်ပေါ်ဒေသရှိ ဇီးရိုင်း- မရမ်းတောင်- မြလင်း- မြသာ- လွှတ်တောင်ကျေးရွာချင်းဆက်မြေသားလမ်းသစ်သည် ယခင်က လမ်းပန်းဆက်သွယ်မှုသွားလာရန် ခက်ခဲမှုများ ဖြစ်ပေါ်နေသဖြင့် နေပြည်တော် စည်ပင်သာယာရေး ကော်မတီက အရှည် ၂၂ ဒသမ ၅ မိုင်ရှိ ကျေးရွာချင်းဆက်လမ်းအား အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် ကျေးရွာနေပြည်သူများအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊လူမှုရေး၊ စီးပွားရေးများ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အဆင်ပြေချောမွေ့စွာဖြင့် သွားလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

❊ **ရှေ့ဖုံးမှ**

ချောင်းကြီးချောင်းပေါ်၌ တည်ဆောက်မည့် ချောင်းကြီးရေလှောင်တမံစီမံကိန်း တမံအုချောင်းနေရာသို့ရောက်ရှိပြီး ဆည်တမံ တည်ဆောက်ရန်အတွက် ရေအရင်းအမြစ်တည်ရှိရာ ချောင်းကြီးရေတံခွန်သို့ ပညာရှင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူ၊ ဒေသခံတောင်သူလယ်သမားများ၊ အင်ဂျင်နီယာ ပညာရှင်တို့နှင့်အတူ တမံတည်ဆောက်မည့်နေရာ၏အထက်ရှိ ရေတံခွန်နှင့် ရေဝေရေလဲသဘာဝ သစ်တောများကို ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ စီမံကိန်းယာယီရှင်းလင်းဆောင်၌ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ရှမ်းပြည်နယ်အစိုးရနှင့် ဒေသနေပြည်သူတို့၏ တင်ပြတောင်းခံချက်အရ တမံတည်ဆောက်ပေးနိုင်ရန် ကွင်းဆင်းဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးက ပြည်နယ်ပြည်မ မခွဲခြားဘဲ ပြည်ထောင်စုတစ်ဝန်းလုံးရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၊ ကျေးလက်နေ အခြေခံတောင်သူလယ်သမားများအတွက် ပြည်ထောင်စုအစိုးရအနေဖြင့် လယ်ယာကဏ္ဍအပါအဝင်ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဤစီမံကိန်းဆောင်ရွက်နိုင်ခြင်းအားဖြင့် နောင်ချိုမြို့နယ်တွင် စပါးသီးနှံပိုမိုစိုက်ပျိုးနိုင်ပြီး နွေစပါး မိုးစပါးနှင့် ကြံသီးနှံ၊ အစေ့ထုတ်ပြောင်းသီးနှံများကို တိုးတက်စိုက်ပျိုးလာနိုင်မည်ဖြစ်ကြောင်း၊ တောင်သူများအတွက် အခြေခံလူနေမှုဘဝနှင့် ဝင်ငွေတိုးတက်လာစေမည့် အပြင်ပညာရှင်များ၏ လေ့လာချက်အရလက်ရှိရေတံခွန်မှ ရေအားလျှပ်စစ်ထုတ်နိုင်ရန် အသေးစိတ်တိုင်းတာပြီး လျှပ်စစ်ထုတ်လုပ်ရန် စက်ရုံတည်ဆောက်တပ်ဆင်ကာ ရရှိလာသောလျှပ်စစ်ဓာတ်အားကို ပတ်ဝန်းကျင်ကျေးရွာများ (၂၄)နာရီမီးလင်းစေပြီး ဒေသဖွံ့ဖြိုးရေး ထိထိရောက်ရောက်လုပ်နိုင်မည်ဖြစ်ကြောင်း။

တောင်သူများအနေဖြင့် နိုင်ငံတော်၏စေတနာကိုသိရှိပြီး ဆည်တမံတည်ဆောက်ရေးတွင် ပါဝင်ကူညီရိုင်းပင်းရန်နှင့် ဖြစ်ပေါ်လာမည့် ဆည်တမံနှင့်စိုက်ပျိုးရေးအပေါ် မိမိမိသားစုအကျိုးစီးပွားနှင့် ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်မြှင့်တင်ဆောင်ရွက်ကြရန်၊ ကိုယ်တိုင် တိုးတက်ကြီးပွားလိုစိတ်ဖြင့် ဝီရိယစိုက်ထုတ် လုပ်ကိုင်ကြရန် တိုက်တွန်းဆွေးနွေးမှာကြားသည်။

ချောင်းကြီးရေလှောင်တမံစီမံကိန်းသည် အပြီးသတ်လေ့လာဆန်းစစ်မှုများ ဆောင်ရွက်ပြီးသည်နှင့် ကာလတိုအတွင်း တည်ဆောက်ပြီးစီးနိုင်မည်ဖြစ်၍ ဆီဆုံကျေးရွာအုပ်စုရှိ ကျေးရွာများ စပါးသီးနှံအပါအဝင် သီးနှံစုံသီးထပ်သီးညှပ်ဧက ၁၀၀၀၀ ခန့်ကို အကျိုးပြုနိုင်မည့်အလားအလာရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဗဟိုစံပြငါးဈေးကြီးသို့ နေ့စဉ်ငါး၊ ပုစွန်ပိသာချိန်တစ်သိန်းရှစ်သောင်းကျော်ဝင်နေ

သတင်းမှတ်စုနှင့် ဓာတ်ပုံ
အောင်သန်း
(မင်္ဂလာတောင်ညွန့်)

ရန်ကုန် ဇွန် ၁၆

ဇွန် ၁၆ ရက်နံနက်က ပိတ်ရက်မရှိ ၂၄ နာရီ ဖွင့်လှစ်နေသော ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီးသို့ ရောက်ရှိခဲ့သည်။ ဇွန် ၁ ရက်မှ ၁၅ ရက်အထိ မွေးမြူရေး ရေချိုငါးများနှင့် မြစ်ချောင်း၊ အင်းအိုင်၊ ရေပေါ်ရေလျှံငါး၊ ပုစွန်မျိုးစုံပိသာချိန် ၂၇၂၁၀၂၇ ဝင်ရောက်ခဲ့သဖြင့် ပျမ်းမျှနေ့စဉ်ပိသာချိန် တစ်သိန်းရှစ်သောင်းကျော်ဝင်ရောက်နေကြောင်း ငါးဒိုင် ကိုယ်စားလှယ်ရုံးစာရင်းအရ သိရသည်။

မေလ နောက်ဆုံးအပတ်က တစ်ရက် နှစ်သိန်းကျော်အထိ ဝင်ရောက်ခဲ့သဖြင့် ယခုဝင်ရောက်မှု လျော့နည်းလာခြင်းမှာ မွေးမြူရေး အစာဈေးမြင့်လာ၍ မွေးမြူထားပြီးသည့် လက်ကျန်ငါးများကိုသာ ကန်ဖော်ရောင်းချလာသည့်အတွက် ဖြစ်သည်ဟု သိရသည်။ ဧရာဝတီတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်း ငါးကန်များဆီမှ တင်ပို့မှုလျော့နည်းလာခြင်းဖြစ်သည်။ မွေးမြူရေး ငါးကန်ဖော်ရာတွင် မိုးတွင်းကာလဖြစ်၍ ရေစုပ်စက်များဖြင့် ရေကိုစုပ်ထုတ်ပြီးမှ ဖော်ရခြင်းဖြစ်ရာ မိုးပြန်လည်ရွာသွန်းခြင်း၊ လုပ်ငန်းမတွင်ကျယ်ခြင်းကြောင့်လည်း ဖြစ်သည်ဟုဆိုသည်။ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များမှာမူ လှေ၊ သင်္ဘော၊ စက်သမ္ဗန်ကြီးများဖြင့် ငါး၊ ပုစွန်များ ပုံမှန်ဝင်ရောက်နေသည်။

ငါးမြစ်ချင်းကို အသားချည်းလွှာပြီး ငါးမြစ်ချင်းရောင်းသူ ဦးအေးဝင်းက "အသင့်ချက်ပြုတ်စားသောက်နိုင်အောင် ဈေးကြီးတဲ့ ငါးဖယ်အစား ငါးမြစ်ချင်းခြစ် လုပ်ရောင်းတာပါ။ လေးဆယ်ကျပ်သားအရွယ် အကောင်လေးတွေ ရွေးဝယ်ပြီး ခြစ်ရတာပါ။ တစ်ပိသာ ဒီနေ့ ငွေကျပ် ၂၂၀၀ နဲ့ဝယ်ရပါတယ်။ သင်္ကြန်မတိုင်ခင်က တစ်ပိသာ ငွေကျပ် ၁၆၀၀ လောက်ပဲရှိတာ။ ငါးမြစ်ချင်းခြစ်ကို အရင်က ငွေကျပ် ၄၅၀၀ နဲ့ ရောင်းပြီး အခုတော့ ငွေကျပ် ၆၅၀၀ နဲ့ရောင်းရပါတယ်။ ငါးဈေးကျရင် ခြစ်ဈေးလည်း ကျလာပါမယ်"ဟု ငါးမြစ်ချင်းခြစ်အကြောင်း တစေ့တစောင်း သိရသည်။

ငါးပတ်၊ငါးရောင်များကို မြန်မာပြည်အနှံ့ရေခဲရိုက် ကတ်ထူပုံးများဖြင့် တင်ပို့ပေးနေသော နယ်ပို့ငါးလုပ်ငန်းရှင် ဦးအေးလွင်က "အခုရက်ပိုင်း ငါးအဝင်နည်းလာတယ်။ သင်္ကြန်ပြီးခါစက တစ်ပိသာ ငွေကျပ် ၂၂၀၀လောက်ရှိတဲ့ငါးက အခုငွေကျပ် ၂၆၀၀ လောက်ဖြစ်နေတယ်လေ။ ဈေးနည်းနည်းတက်လာတာပေါ့။ မကိုက်လို့ ရပ်ထားလို့လည်း မဖြစ်ဘူး။ ဖောက်သည်တွေ စိတ်ပျက်ကုန်မှာပေါ့" ဟု ငါးပတ်၊ ငါးရောင် ဈေးအနည်းငယ်မြင့်လာပုံကို ရှင်းပြသည်။

ဇွန် ၁၆ ရက်နေ့ ကုန်စည်ဒိုင်လက်ကားဈေးနှုန်းမှာ အကောင်အရွယ်အစား အကြီးအသေးကိုလိုက်၍ တစ်ပိသာ ဈေးနှုန်းများမှာ ငါးမြစ်ချင်း ငွေကျပ် ၂၁၀၀မှ ၂၆၀၀၊ ငါးကြင်း ငွေကျပ် ၂၅၀၀မှ ၃၇၀၀၊ ငါးရံ့ ငွေကျပ် ၃၀၀၀မှ ၅၀၀၀၊ ငါးကျည်း၊ ငါးခူ ငွေကျပ် ၃၅၀၀မှ ၆၀၀၀၊ ငါးတန် ငွေကျပ် ၁၃၀၀မှ ၇၆၀၀၊ ငါးပတ် ငွေကျပ် ၄၅၀၀မှ ၈၅၀၀၊ ကကတစ် ငွေကျပ် ၄၅၀၀ မှ ၇၅၀၀၊ ငါးပုဏ္ဏား ငွေကျပ် ၄၈၀၀မှ ၆၅၀၀၊ ပုစွန်ကျော့ ငွေကျပ် ၁၈၀၀မှ ၂၈၀၀၊ ဖောင့်ချိတ် ငွေကျပ် ၃၈၀၀ မှ ၄၅၀၀၊ ပုစွန်ဆတ်သေး ငွေကျပ် ၆၅၀၀ မှ ၈၀၀၀၊ ပုစွန်ဆတ်ကြီး ငွေကျပ် ၉၀၀၀ မှ ၁၂၀၀၀၊ ပုစွန်ကျား ပြောင်တုပ်ကြီး ငွေကျပ် ၁၂၀၀၀မှ ၂၆၀၀၀၊ ငါးသလောက် အကောင်အသေး ငွေကျပ် ၃၅၀၀ မှ ၆၈၀၀၊ တီလားပီးယား ငွေကျပ် ၁၈၀၀ မှ ၂၀၀၀ ရှိသည်။ ဇွန် ၁၅ ရက်က တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကား/ရထားများဖြင့် ငါး၊ ပုစွန် ပိသာချိန် ၂၂၆၆၀ ကို ပို့ပေးလိုက်သည်ဟု သိရသည်။

ငါးပတ်၊ ငါး ရောင်များ ကို မြန်မာပြည် အနှံ့ တင်ပို့ ပေး ရန် ကတ် ထူ စက္ကူပုံးများ ဖြင့် ရေခဲ ရိုက် ထည့် သွင်း ပြင် ဆင်နေပုံ။

တောင်ပိုင်းဒေသများ မိုးဆက်လက်ပိုမည်

နေပြည်တော် ဇွန် ၁၆

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ စဉ့်ကိုင်မြို့တွင် ၂ ဒသမ ၆၀ လက်မ၊ ကော့သောင်းမြို့တွင် ၂ ဒသမ ၀၉ လက်မ၊ ပုသိမ်မြို့တွင် ၁ ဒသမ ၆၅ လက်မ၊ မချမ်းဘောမြို့တွင် ၁ ဒသမ ၃၄ လက်မနှင့် မန္တလေးမြို့တွင် ၁ ဒသမ ၁၀ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်- တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

ပြည်တွင်းသတင်း

ကျောက်စိမ်း၊ ကျောက်မျက်ရတနာနှင့် ပုလဲများရောင်းချပေးမည့် အကြိမ်(၅၀)မြောက် ရွှေရတုမြန်မာ့ကျောက်မျက်ရတနာပြပွဲကြီး စတင်ဖွင့်လှစ်

အမေး၊ အရေး – အောင်သိယ်နှင့် သူရဇော်
ဓာတ်ပုံ – ထိန်နန်နော်

ဇွန် ၁၅ ရက် နံနက်ခင်း။ သာယာကြည်လင်သော နေခြည်နု အောက်တွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမကြီး၌ အကြိမ်(၅၀)မြောက် ရွှေရတုမြန်မာ့ကျောက်မျက်ရတနာပြပွဲကြီးကို စတင်ဖွင့်လှစ်ခဲ့ပေပြီ။ အဆိုပါ ပြပွဲကြီးတွင် မြန်မာ့မြေ၊ မြန်မာ့ရေမှထွက်ရှိသော ကျောက်စိမ်း၊ ကျောက်မျက်ရတနာများနှင့်ပုလဲများကို ပြသရောင်းချပေးမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအနေဖြင့် ကျောက်မျက်ရတနာပြပွဲများကို မြန်မာနိုင်ငံတွင် ကျင်းပပေးလာခဲ့သည်မှာ နှစ်ပေါင်း ၅၀ ကြာမြင့်ခဲ့ပြီဖြစ်သည်။ ပထမဆုံး မြန်မာ့ကျောက်မျက်ရတနာပြပွဲကြီးကို ၁၉၆၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ မြန်မာ့ကျောက်မျက်ရတနာများကို မြန်မာတို့ ကြိုက်နှစ်သက်သောဈေးဖြင့် မြန်မာ့မြေပေါ်တွင် ရောင်းချနိုင်ရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်သည်။ အဆိုပါ ပထမအကြိမ် ပြပွဲမှ ၁၉၉၃ ခုနှစ်တွင် ကျင်းပသည့် အကြိမ်(၃၀)မြောက် ပြပွဲအထိ ပြပွဲပေါင်း ၃၁ ပွဲကို ရန်ကုန်မြို့ အင်းယားလိတ် ဟိုတယ်တွင် ကျင်းပခဲ့သည်။ ထို့နောက် ၁၉၉၃ ခုနှစ် နှစ်လယ်ရတနာပြပွဲမှ ၂၀၀၃ ခုနှစ် (၄၃)ကြိမ်မြောက် ရတနာပြပွဲအထိ ပြပွဲပေါင်း ၃၅ ပွဲကို ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမတွင် လည်းကောင်း၊ ၂၀၀၆ ခုနှစ် အထူးရောင်းချပွဲမှ ၂၀၁၀ ခုနှစ် အထူးရောင်းချပွဲအထိ ပြပွဲ ၁၃ ပွဲကို ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာတွင်လည်းကောင်း ကျင်းပခဲ့သည်။ ၂၀၁၀ခုနှစ် နှစ်လယ်ရတနာပြပွဲမှ ၂၀၁၂ ခုနှစ် မြန်မာကျပ်ငွေဖြင့် ကျောက်စိမ်း အသားကျောက် ရောင်းချပွဲနှင့် နိုင်ငံခြားငွေဖြင့် ကျောက်မျက်၊ ပုလဲရောင်းချပွဲအထိ ပြပွဲခြောက်ပွဲကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမကြီးတွင် ကျင်းပခဲ့သည်။ ကျောက်မျက်ပြပွဲ စုစုပေါင်း ၈၅ ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ယခုပြပွဲကြီးမှာ (၈၆)ကြိမ်မြောက် ပြပွဲဖြစ်သကဲ့သို့ နေပြည်တော်တွင် (၇)ကြိမ်မြောက်ကျင်းပသည့် ပြပွဲကြီးလည်း ဖြစ်သည်။

ကျောက်မျက်ရတနာ ပြပွဲများသည်ကား ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ကြိုက်နှစ်သက်သည့် ဈေးဖြင့် စိတ်ကြိုက်ရောင်းချနိုင်သကဲ့သို့ လာရောက်ဝယ်ယူသူ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များအနေဖြင့်လည်း မိမိတို့စိတ်ကြိုက် ရွေးချယ်ဝယ်ယူနိုင်ကြသဖြင့် ရောင်းသူရော၊ ဝယ်သူပါ အထူးစိတ်ဝင်စားကြသည့် ပြပွဲများဖြစ်သည်။

ဦးတေဇ
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်

ယခုကျင်းပသည့် ပြပွဲကြီးမှာလည်း ရွှေရတုပြပွဲကြီးဖြစ်သည့်အားလျော်စွာ ယခင်ပြပွဲများကထက် ပို၍ ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိပြီး မဏိရတနာကျောက်စိမ်းခန်းမကြီး၌ ကျောက်မျက်လုပ်ငန်းရှင်များ၊ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များဖြင့် ပြည့်လျှံလျက်ရှိသည်။ ပိုမိုထူးခြားသည်မှာ ပြပွဲသို့ ယခင်ကထက် ပြည်ပနိုင်ငံ အများအပြားမှ ကျောက်မျက်ရတနာကုန်သည်များ တက်ရောက်လာကြခြင်းဖြစ်သည်။ ထို့ကြောင့် မိမိတို့သတင်းအဖွဲ့အနေဖြင့် ပြပွဲကျင်းပမှုနှင့် မြန်မာ့ကျောက်စိမ်းနှင့်ကျောက်မျက်ရတနာ ဈေးကွက်အခြေအနေတို့ကို သိရှိနိုင်ရန် ပြပွဲသို့တက်ရောက်လာသူအချို့အား တွေ့ဆုံဆွေးနွေးမေးမြန်းခဲ့ပါသည်။

ဦးတေဇ
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်

ကျွန်တော်တို့ အသင်းအနေနဲ့ မြန်မာ့ ကျောက်မျက်ရတနာတွေကို ကမ္ဘာ့အဆင့်မီဈေးရဖို့၊ နောက်ပြီး ကမ္ဘာမှာ မြန်မာ့ရဲ့ကျောက်မျက်အစစ်ဆိုတာ လူသိများလာဖို့၊ ကျောက်မျက်အရိုင်းထည်ကနေ အချောထည်ဖြစ်ဖို့ရည်ရွယ်ပြီး အသင်းသားအားလုံးက ရည်ရွယ်ချက် (၁၀)ချက်နဲ့ ဝိုင်းဝန်းဆောင်ရွက်နေပါတယ်။

ကျွန်တော်တို့ ကျောက်မျက်ရတနာဈေးကွက်မှာ ကျောက်မျက်ဈေးတွေ တစ်နှစ်တခြား တက်လာတာကို အားလုံးအသိပဲ ဖြစ်ပါတယ်။ အဲဒါက ကျွန်တော်တို့က ကမ္ဘာရဲ့ လိုအပ်ချက်နဲ့ ပံ့ပိုးပေးနိုင်မှုဆိုတဲ့ သီအိုရီနဲ့ ဆိုင်ပါတယ်။ ကျောက်မျက်အသင်းရဲ့ဈေးကွက် မဟာဗျူဟာထက် အသင်းရဲ့ CEC တွေ အကုန်လုံးက လူကိုယ်တိုင် တကယ်ဝယ်မယ့် နိုင်ငံတွေနဲ့ တကယ်လိုအပ်နေတဲ့ နေရာတွေကို ကွင်းဆင်းသွားရောက်လေ့လာပါတယ်။ သူတို့ကိုလည်း ဖိတ်ကြားပါတယ်။ သူတို့လာရင် အဆင်ပြေအောင် ကျွန်တော်တို့က စီစဉ်ပေးပါတယ်။ အရိုးသားဆုံး အခြေခံ မဟာဗျူဟာကို ကျင့်သုံးပါတယ်။ ကျန်တာကတော့ ကျောက်မျက်ပွဲတွေမှာ ပြည်ပရတနာကုန်သည်တွေပဲ လေလံဆွဲသလို မဖြစ်အောင်ရယ်၊ ကျွန်တော်တို့နိုင်ငံရဲ့ ကျောက်မျက်ရတနာ တန်ဖိုးတက်အောင်ရယ်၊ ဒီလိုရည်မှန်းပြီး ပါဝင်ပြီးတော့ လေလံဆွဲ ပါတယ်။ ဒါမှ ကျွန်တော်တို့ ကျောက်မျက်ဈေးကွက် တန်ဖိုးတက်မှာပါ။

အခုပြပွဲက နှစ်(၅၀)ရွှေရတုပွဲမို့လို့လားမသိဘူး။ နိုင်ငံအတော်များများ တက်ရောက်ပါတယ်။ သီရိလင်္ကာကျောက်မျက်အသင်း ဥက္ကဋ္ဌ အပါအဝင် တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ ကိုရီးယား၊ ထိုင်း၊ ဟောင်ကောင်နဲ့ တရုတ်တိုင်ပေ(ထိုင်ဝမ်)တို့ တက်ရောက်ပါတယ်။

အခုအခါမှာ ကျောက်စိမ်းနဲ့ ကျောက်မျက်တွေကို ဥရောပဈေးကွက်ကိုလည်း စရောင်းနေပါပြီ။ ကျောက်စိမ်းကိုလည်း ဈေးကွက်အကြိုက် ပုံစံထုတ်ပြီး ဆိုင်တချို့မှာ စတင်ပြီး ရောင်းချနေတာကို တွေ့ရပါတယ်။ ကျောက်စိမ်းအကြမ်းထည်ကို ရောင်းချမှုတွေလည်း ရှိပါတယ်။

ကျွန်တော်တို့ ကျောက်မျက်အသင်း အောင်မြင်ဖို့အတွက် မီဒီယာလောကလည်း အရေးကြီးပါတယ်။ ပြီးတော့ ကျောက်မျက်လောက ဖွံ့ဖြိုးတိုးတက်ဖို့၊ ကျောက်မျက်ကိုမှီပြီးတော့ မြန်မာပြည်သူပြည်သားတွေ စီးပွားဖွံ့ဖြိုးတိုးတက်ဖို့ကို မီဒီယာကလည်း ဝိုင်းကူပေးဖို့ ပြောချင်ပါတယ်။

Ms. Truong Thuy Ha
ဒုတိယဥက္ကဋ္ဌ၊ ဗီယက်နမ် ကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်း

Ms. Truong Thuy Ha
ဒုတိယဥက္ကဋ္ဌ၊ ဗီယက်နမ် ကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်း

ပထမဆုံး ဒီနိုင်ငံကိုရောက်ဖူးတာပါ။ ဒီပွဲကိုလည်း ပထမဦးဆုံး တက်ရောက်ဖူးတာပါ။ မြန်မာကျောက်တွေကို အလွန်ကြိုက်ပါတယ်။ အများကြီး စိတ်ဝင်စားမှုလည်းရှိပါတယ်။

Mr. Samai Tocharoen
ပြည်သူ့ဆက်ဆံရေးညွှန်ကြားရေးမှူး၊ ထိုင်းနိုင်ငံ ကျောက်မျက်ရတနာအသင်း

ဒီလိုမျိုးပွဲကို တစ်ခါမှမရောက်ဖူးပါဘူး။ ဒါက ပထမဦးဆုံးအကြိမ်ပါပဲ။အရင်တုန်းက ဒီမလာခင်က ထင်ထားတာထက်ပိုပြီး စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ရင်းနှီးမြုပ်နှံမှု မဟုတ်ပေမယ့် ဒီကို အခုလာကြည့်တာက အကြမ်းထည်တွေ ဘယ်လိုရောင်းလည်း လာလေ့လာတာပါ။ ထိုင်းမှာက အချောထည်ပဲ ရောင်းတာပါ။ နောက်တစ်ခေါက် ကျောက်မျက်ပွဲလုပ်မယ်ဆိုရင် ဖိတ်ကြားပေးဖို့ ဒီအသင်းကို ပြောထားပါတယ်။ ဖိတ်ကြားပေးမယ်ဆိုရင် ထိုင်းကုမ္ပဏီကြီး ၂၀လောက်နဲ့ တက်ရောက်ပါ့မယ်။ ဒီကကုမ္ပဏီတွေနဲ့ အပြိုင်ဆွဲမှာပါ။

ဒီနိုင်ငံမှာ အချောထည်လုပ်ငန်း လာဖွင့်ဖို့ အရမ်းစိတ်ဝင်စားပါတယ်။ ဒါပေမယ့် ဒီက အခြေခံအဆောက်အအုံတွေကောင်းဖို့ လိုပါတယ်။ အဓိကကတော့ တိကျသေချာတဲ့ အခွန်ကိစ္စပါ။ လုပ်ငန်းဆောင်ရွက်နိုင်တဲ့ အခွန်ပေးဆောင်မှုစနစ် ရှင်းလင်းဖို့ လိုအပ်ပါတယ်။ အားလုံးက စိတ်ဝင်စားပြီးသားပါ။ ကျောက်အကြမ်းထည် အများစုထွက်တဲ့ နိုင်ငံမို့ လာရောက်လုပ်ကိုင်ဖို့ ပိုစိတ်ဝင်စားပါတယ်။ အခု ဒီက အပြောင်းအလဲတွေက လာရောက်ရင်းနှီးမြုပ်နှံဖို့ကို အရမ်းအားတက်ပါတယ်။ ဒီလို လုပ်ငန်းတွေက ငွေအား၊ လူအား အများကြီးသုံးရတဲ့အတွက် စားသောက်ကုန်လုပ်ငန်းတွေလို အလွယ်တကူ မလုပ်နိုင်တဲ့အတွက် အများကြီး စဉ်းစားရပါတယ်။ Trade Mission တစ်ခု ဖွင့်ပြီးတော့ စလုပ်ဖို့ စီစဉ်နေပါတယ်။

ဦးထွန်းလှအောင်
တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းချုပ်

ရွှေရတုကျောက်မျက်ပွဲဖြစ်တဲ့အတွက် ထူးထူးခြားခြားဖြစ်အောင် နာမည်ကြီး ရတနာဆိုင်တွေက အသင်းကတစ်ဆင့် မော်ဒယ်ရှိုးစီစဉ်ပေးပါတယ်။ ရွှေရတုမဂ္ဂဇင်းထုတ်ဖို့လည်း ရှိပါတယ်။ အသင်းအနေနဲ့ အာဆီယံနိုင်ငံတွေကနေ ကျောက်မျက်အသင်းဥက္ကဋ္ဌနဲ့ တာဝန်ရှိသူတွေကို ဖိတ်ကြားထားပါတယ်။ အခုပွဲကို ကျောက်စိမ်းကြိုက်တဲ့ တရုတ်၊ ကိုရီးယားနဲ့ ဂျပန်နိုင်ငံတွေ သာမက ဥရောပနိုင်ငံတချို့လည်း တက်ရောက်ပါတယ်။ ကျောက်မျက်အသင်းသားတွေကို ပံ့ပိုးပေးနိုင်ဖို့ ကျောက်မျက်ဘဏ် ဖွင့်ဖို့ရှိပါတယ်။ အများပိုင်ဘဏ်အဖြစ် ထူထောင်သွားမှာပါ။ ကျောက်စိမ်းလုပ်ငန်းတွေ တိုးတက်ဖို့ရည်ရွယ်ထားပါတယ်။ နီ/ပြာ စတဲ့ကျောက်မျက်တွေကလည်း ဈေးကွက် ထိုးဖောက်ဖို့ရှိပါတယ်။ ကျောက်မျက်ရဲ့ သဘောသဘာဝအရ လူသုံးကုန်ပစ္စည်းလို အများကြီးထုတ် ရောင်းလို့တော့ မရပါဘူး။

ကျောက်စိမ်းတူးဖော်တဲ့ နေရာတွေမှာ တည်ငြိမ်အေးချမ်းမှုရှိမှ စီးပွားရေးလုပ်လို့ ကောင်းမှာပါ။ အခုညှိနှိုင်းနေတော့ မကြာခင် ပြန်လည်လုပ်ကိုင်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ကိုယ့်ပြည်သူတွေ ကျောက်စိမ်း၊ ကျောက်မျက်လုပ်ငန်းနဲ့ ပတ်သက်ပြီး အလုပ်အကိုင်နဲ့ နည်းပညာရရှိအောင် တန်ဖိုးမြင့် အချောထည်ထုတ်လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ အချောထည်တွေ များများထုတ်ရောင်းနိုင်အောင် လုပ်ဆောင်သွားပါ့မယ်။

ဦးအေးချို
ဒုတိယညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း

(၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၁၂ ခုနှစ် မတ်လက ကျင်းပခဲ့ပါတယ်။ အခု ၂၀၁၃ဆိုတော့ တစ်နှစ်ကွာခြားတာပေါ့။ ဒီကြားထဲမှာ ပြည်တွင်းကလုပ်ငန်းရှင်တွေ ကုန်ကြမ်းမပြတ်ဖို့အတွက် အသားကျောက်ရောင်းပွဲကို ကျင်းပခဲ့ပါတယ်။

ပြပွဲလာတဲ့ ပြည်တွင်းပြည်ပ ရတနာကုန်သည်တွေ အဆင်ပြေဖို့ တည်းခိုနေထိုင်ရေးအတွက် ပြည်တွင်းက ဝန်ဆောင်မှုကုမ္ပဏီတွေနဲ့ ချိတ်ဆက်ပေးသလို သွားလာမှုအဆင်ပြေရေးအတွက်လည်း ဗန္ဓုလအငှားယာဉ်လုပ်ငန်းနဲ့ နေပြည်တော်စည်ပင်တို့က အငှားယာဉ်တွေကို စီစဉ်ထားပါတယ်။

ဒီပြပွဲကိုတက်ရောက်ဖို့ တရုတ်၊ မကာအို၊ ဟောင်ကောင်၊ အိန္ဒိယ၊ ဂျပန်၊ စင်ကာပူ၊ထိုင်းနဲ့ အရှေ့ဥရောပနိုင်ငံတွေကို ဖိတ်ကြားထားပါတယ်။ အခုချိန်ထိကို ပြည်ပကုမ္ပဏီ ၄၅၆ ခုနဲ့ ရတနာကုန်သည် ၃၉၄၀ တက်ရောက်ပါတယ်။ ပြည်တွင်းကျောက်မျက်လုပ်ငန်းရှင်က ၄၉၀၄ ဦးပါ၊ စုစုပေါင်း ၈၈၄၄ ဦး တက်ရောက်တာကို တွေ့ရပါတယ်။ ပြပွဲကြီးပြီးဆုံးသည်အထိဆိုရင် ပြည်တွင်းပြည်ပ ရတနာကုန်သည် တစ်သောင်းကျော်လောက် တက်ရောက်မယ်လို့ ခန့်မှန်းထားပါတယ်။

ပြပွဲမှာ ကျောက်စိမ်း၊ ကျောက်မျက်နဲ့ ပုလဲအတွဲပေါင်း ၁၀၀၀၀ ကျော်ကို ရောင်းချသွားမှာပါ။ ဒီပွဲမှာထူးခြားတာက သတ္တုတွင်းဝန်ကြီးဌာနက အငြိမ်းစားဝန်ထမ်းများကိုလည်း ဂုဏ်ပြုတဲ့အနေနဲ့တက်ရောက်ဖို့ ဖိတ်ကြားခဲ့ပါတယ်။ ဒီကျောက်မျက်ရတနာပြပွဲကျင်းပတဲ့ ရည်ရွယ်ချက်က မြန်မာနိုင်ငံဟာ ကျောက်မျက်ရတနာ ပေါကြွယ်ဝတဲ့နိုင်ငံဖြစ်တဲ့အတွက် ကိုယ့်နိုင်ငံကထွက်တဲ့ ကျောက်မျက်ရတနာတွေကို ပြည်တွင်းမှာပဲ ကိုယ်ကြိုက်တဲ့ဈေးနဲ့ နိုင်ငံခြားသားတွေကို ရောင်းမယ်ဆိုပြီးရည်ရွယ်လုပ်ဆောင်ခဲ့တာပါ။ ၁၉၆၄ ခုနှစ်ကစပြီး ယခုအချိန်ထိ ပြပွဲပေါင်း ၈၆ပွဲ ကျင်းပခဲ့ပြီးပါပြီ။ ပြပွဲကြီးအနေနဲ့က အခုအကြိမ်နဲ့ဆို ၅၀ ရှိပါပြီ။ ဒီလို ကျင်းပတဲ့အတွက် လုပ်ငန်းရှင်တွေအနေနဲ့ ပစ္စည်းတွေကို တိုက်ရိုက်ရောင်းချခွင့်ရရှိပါတယ်။ ပွဲစားနဲ့မဟုတ်ဘဲ တိုက်ရိုက်ရောင်းချရတဲ့အကျိုး ခံစားနိုင်သလို နိုင်ငံအတွက်လည်း နိုင်ငံခြားငွေ အများကြီး ရှာဖွေပေးနိုင်ပါတယ်။ ကျွန်တော်တို့နိုင်ငံက ကျောက်မျက်ပေါကြွယ်ဝတဲ့ နိုင်ငံဖြစ်တဲ့အတွက် ဘိုးစဉ်ဘောင်ဆက်ကနေ သားစဉ်မြေးဆက်ထိ ခံစားနိုင်အောင် ထိန်းသိမ်းရောင်းချသွားမယ်ဆိုရင် နိုင်ငံအတွက် အများကြီး အကျိုးရှိမယ်လို့ ထင်ပါတယ်။ ။

※ *ကျောဖုံးမှ*

ကျောက်မျက်လက်ဝတ်ရတနာများ ပေါင်းစပ်တွဲယှဉ်ပြသမှုကို အလွန်အမင်း သဘောကျနှစ်ခြိုက်ကြသူ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက မှတ်တမ်းတင် ဗီဒီယိုများ၊ ဓာတ်ပုံများ ရိုက်ကူးခြင်းတို့ ပြုလုပ်နေကြသည်ကိုလည်း မြင်တွေ့ရသည်။

စည်ကားလျက်ရှိ

ကျောက်စိမ်းခန်းမ အောက်ထပ်တွင် ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာအရောင်းဆိုင်များ ခင်းကျင်းပြသရောင်းချလျက်ရှိရာ စိတ်ဝင်တစား လေ့လာကြည့်ရှုသူ၊ ဝယ်ယူအားပေးသူ ပရိသတ်များ စည်ကားလျက်ရှိသည်။

မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် ပုလဲအတွဲ ၇၈ တွဲကို နံနက်ပိုင်းတွင် တင်ဒါစနစ်ဖြင့် ရောင်းချရာ ၇၆ တွဲ အောင်မြင်စွာ ရောင်းချနိုင်ခဲ့ပြီး ဂျပန်၊ စင်ကာပူ၊ အိန္ဒိယ၊ ထိုင်း၊ ကိုရီးယားနှင့် ဟောင်ကောင်နိုင်ငံများရှိ ကုမ္ပဏီ ၁၇ ခုတို့မှ ရတနာကုန်သည်များ စိတ်ဝင်တစား လေ့လာဝယ်ယူကြသည်ဟု သိရသည်။

ရောင်းချသွား

ကျန်ရှိနေသည့် ပုလဲအတွဲများကို ဇွန် ၁၇ ရက်မှ စတင်ကာ ဈေးပြိုင်စနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း၊ ကျောက်စိမ်းနှင့် ကျောက်မျက်အတွဲများကို ဇွန် ၁၈ ရက်မှစတင်ကာ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေးပွဲကျင်းပ

ရှောင် ဇွန် ၁၅

ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အဆင့်ဖွဲ့စည်းထားသော ကော်မတီများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၁၂ ရက် နံနက် ၁၀ နာရီက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှောင်မြို့နယ် ဗထူးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အတွင်းရေးမှူး ဦးကိုကိုအောင်က အမှာစကားပြောကြားပြီး ရှောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်မှ ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် တက်ရောက်လာသော ကော်မတီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက အကြံပြုဆွေးနွေးတင်ပြကြပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အတွင်းရေးမှူးမှ နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

❀ *ကျောဖုံးမှ*

“ကျွန်တော်တို့အနေနဲ့ဒီကညွတ်တွေကို အောင်ပန်းဒေသကဝယ်ယူပြီးတင်ပို့တာဖြစ်ပါတယ်။အောင်ပန်းဒေသမှာ ယခုနှစ်အတွင်း ကညွတ်စိုက်ပျိုးမှုဧက ရာနှင့်ချီပြီးရှိပါတယ်။ တစ်ဧကကို ကညွတ်နှစ်တန်ခွဲလောက် ထွက်ရှိပါတယ်။ ဒီနှစ်ထဲမှာ အောင်ပန်းဒေသက ကညွတ်တန်ချိန် ၂၅၀လောက် ထွက်ရှိလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ အောင်ပန်းဒေသကထွက်ရှိတဲ့ ကညွတ်တွေတင်ပို့လို့ ကုန်သွားရင် ပြင်ဦးလွင်ဘက်က ကညွတ်တွေကိုလည်း ဆက်ပို့ဖို့ စီစဉ်ထားပါတယ်” ဟု ဦးသိန်းထွန်းက ဆက်လက်ရှင်းပြသည်။

မြန်မာနိုင်ငံတွင် ကညွတ်ကို မကြာသေးသည့် နှစ်များက ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့်(တောင်ပိုင်း)တို့တွင် အဓိကစိုက်ပျိုးလာကြသည်။ ကညွတ်ကို မြန်မာနိုင်ငံဈေးကွက်တွင် ဈေးကြီးပေး ဝယ်စားရ၍ စားသုံးမှုနည်းပါးနေသည်။ သို့သော် ထိုင်းနိုင်ငံတွင် ကညွတ်ကို အထူးတန်ဖိုးထား စားလာကြသည်။ ကညွတ်စိုက်ပျိုး တောင်သူများအနေဖြင့် ပြည်ပဝယ်လိုအားကောင်းသည့် ကညွတ်ကို တိုးချဲ့စိုက်ပျိုးပြီး အရည်အသွေးမီ ပို့ကုန်ပစ္စည်းအဖြစ် ထုပ်ပိုးကာ ယခုထက် အောင်မြင်သည်အထိ အမြောက်အမြား ထုတ်လုပ်တင်ပို့နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ကြိုးကြပ်ဆောင်ရွက်သင့်ပါသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အလျောက် ပြည်ပဝယ်လိုအားရှိသည့် စိုက်ပျိုးရေးထုတ်ကုန် အမယ်သစ်များ စိုက်ပျိုးထုတ်လုပ်တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေတိုးတက်ရရှိကာ ပို့ကုန်ဝင်ငွေတိုးလာပြီး နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူဖြစ်လာနိုင်မည် ဖြစ်ပါသည်။ **(အောက်ပုံ)**

(မြန်မာ့အလင်း)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ဆရာ ဆရာမများအနေဖြင့် ပညာရေး၏အခြေခံအုတ်မြစ်ကို ခိုင်မာအောင်တည်ဆောက်

နေပြည်တော် ဇွန် ၁၆

အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၅၁) သင်တန်းဆင်းပွဲအခမ်းအနားကို ဇွန် ၁၅ ရက် နံနက် ၉ နာရီက ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ကျင်းပပြုလုပ်ရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးတက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်ဒေါက်တာကျော်ကျော်ငြေး၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် တာဝန်ရှိသူများ၊ အခြေခံပညာ ဆရာ ဆရာမ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၄၉၅ ဦး တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်း အမှာစကားပြောကြားရာတွင် အခြေခံပညာရေးကဏ္ဍတွင် တာဝန်ယူဆောင်ရွက်နေကြရသည့် အခြေခံပညာဆရာ ဆရာမများအနေဖြင့် ပညာရေး၏အခြေခံအုတ်မြစ်ကို ခိုင်မာအောင်တည်ဆောက်နေကြသူများဖြစ်ကြောင်း၊ အလုံးစုံသော ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်တွင် ပညာသည်သာလျှင်ပဓာန၊ ပညာသည်သာလျှင် အဓိက၊ ပညာသည်သာလျှင်အခရာဖြစ်ကြောင်း၊ ဆရာ ဆရာမတို့အနေဖြင့် ဝိဇ္ဇာပညာရပ်ကိုဖြစ်စေ၊ သိပ္ပံပညာရပ်ကိုဖြစ်စေ ကျောင်းသင်ခန်းစာမှသည်ဘဝအတွက် ထဲထဲဝင်ဝင် အရေးပါသော သင်ခန်းစာများဖြစ်သွားသည်အထိ သင်ကြားပေးကြရမည်ဖြစ်ကြောင်း၊ စိတ်ဓာတ်ကို ခွန်အားဖြစ်စေသော၊ အတွေးအမြင်ကို ကျယ်ပြန့်စေသော၊ စာရိတ္တကိုစင်ကြယ်စေသော၊ ကိုယ်ကျင့်တရားကို ဖြောင့်မတ်စေသော လောကနီတိနှင့် ပြည်သူ့နီတိအလေ့အကျင့်ကောင်းများကို (Second Nature) အလေ့အထဖြစ်သွားသည်အထိ လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း၊ သင်ရိုးဝင်ဘာသာရပ်များနှင့် တွဲဖက်သင်ရိုးဝင် ဘာသာရပ်များကို ရက်သတ္တပတ်သင်ချိန်ဇယားနှင့်အညီ လေ့ကျင့်သင်ကြားပေးကြရန်လိုကြောင်း၊ ဆရာ ဆရာမများအနေဖြင့် အခြေခံပညာကျောင်းအလိုက် ပညာသင်နှစ်တစ်လျှောက်လုံးကျောင်းပျက်ကွက်လျော့နည်းမှုမရှိစေရန် ကြပ်မတ်ဆောင်ရွက်ခြင်း၊ကျောင်းနေရန်အခက်အခဲရှိသည့်ကလေးများ၊ ကျောင်းပျက်သည့်ကလေးများအတွက် ဖြည့်ဆည်းပံ့ပိုးခြင်း၊ မိဘများအား ဆွေးနွေးခြင်းဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေမြဲရေးနှင့် သင်ယူမှုပြီးမြောက်ရေးတို့အတွက် တာဝန်သိ၊ တာဝန်ခံပြီး တာဝန်ကျေအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် လိုကြောင်း၊ အခြေခံပညာကျောင်းများသည် ဖွဲ့စည်းရမည့်ကျောင်းကောင်စီအဖွဲ့ကနေပြီး ဒီမိုကရေစီအခြေခံအလေ့အကျင့်ကောင်းများကို လေ့ကျင့်ပေးကြရမည်ဖြစ်ကြောင်း၊ ကျောင်းကောင်စီအဖွဲ့များကို ဒီမိုကရေစီနည်းကျကျဖွဲ့စည်းပြီး ကျောင်းကောင်စီလုပ်ရှားမှုများကို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆောင်ရွက်ကြဖို့ရန် လိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ထူးချွန်ဆုရသင်တန်းသား သင်တန်းသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို တပ်ခွဲအလိုက်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်နိုင်ငံချစ်ကြည်ရေးကိစ္စရပ်များဆွေးနွေး

မန္တလေး ဇွန် ၁၆

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Yang Houlan သည် မန္တလေးမြို့ အခြေစိုက်တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်လိုက်ပါလျက် ဇွန် ၁၄ ရက် မွန်းလွဲ ၂ နာရီက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမြင့်ကြူ၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ ဝင်းလှိုင်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအုန်းလွင်တို့တက်ရောက်ကြပြီး နှစ်နိုင်ငံချစ်ကြည်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တင်မောင်(ကိုယ်ပွား)

မြစ်ငယ်-စစ်ကိုင်းဖြတ်လမ်းလေးလမ်းသွားတိုးချဲ့ဖောက်လုပ်

မန္တလေး ဇွန် ၁၆

မြစ်ငယ်-စစ်ကိုင်းဖြတ်လမ်းကို ကုန်တင်ယာဉ်ကြီး/ငယ်များ စီးရေ ၁၀၀၀ ခန့် နေ့စဉ်ဖြတ်သန်းနေရာ လက်ရှိနှစ်လမ်းသွား၏ မူလလမ်းအကျယ် ၁၆ ပေ မှ ၂၄ ပေအကျယ် နှစ်လမ်းသွားအဆင့်ထိ မေလကုန်တွင် တိုးချဲ့ခြင်းလုပ်ငန်းအားဆောင်ရွက်ပြီးဖြစ်၍ လေးလမ်းသွားအဖြစ် သော်တာဝင်းကုမ္ပဏီက တာဝန်ယူတိုးချဲ့ဖောက်လုပ်နေကြောင်း သိရသည်။

မြစ်ငယ်-စစ်ကိုင်းဖြတ်လမ်းလေးမိုင် ခြောက်ဖာလုံကို လေးလမ်းသွားအဖြစ်တိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းကို ဇွန် ၁၃ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက ကြည့်ရှုစစ်ဆေးပြီး လမ်းပိုင်းတိုးချဲ့ရာတွင် သတ်မှတ်လမ်းအူကြောင်း၊ လမ်းနယ်နိမိတ်နှင့်မလွတ်ကင်းသည့် ဝင်း၊ ခြံများကို ဖယ်ရှားစေရေးအတွက် အမရပူရမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာနနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့တို့က ဇွန် ၁၄ ရက်တွင်ကွင်းဆင်းတိုင်းတာပြီး လမ်းပိုင်းတိုးချဲ့ရာတွင် သတ်မှတ်ရက်အတွင်း ပြီးမြောက်အောင်ဆောင်ရွက်ရန်နှင့် အဆိုပါလမ်းပိုင်းတိုးချဲ့ဖောက်လုပ်ပြီးစီးပါက မန္တလေးမြို့တွင်းသို့ ဝင်ရောက်ဖြတ်သန်းသွားရန်မလိုတော့ဘဲ လိုရာခရီးသို့ အမြန်ဆုံးရောက်ရှိနိုင်ကြောင်း၊ မြို့တွင်း၌ ယာဉ်ကြီးများ ဖြတ်သန်းမှုမရှိတော့သဖြင့် ယာဉ်ကြောပိတ်ဆို့မှုလျော့နည်းသွားမည်ဖြစ်၍ ယာဉ်မတော်တဆမှုမှာလည်း လျော့နည်းသွားမည်ဖြစ်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လုပ်ငန်းများပြီးအောင်ဆောင်ရွက်ရေး မှာကြားခဲ့သည်။

(အပေါ်ပုံ)

တင်မောင်(မန္တလေးကိုယ်ပွား)

ONE MORE အဖွဲ့က မိတ္ထီလာဒုက္ခသည်စခန်းမှ ကျောင်းသား ကျောင်းသူများအတွက် ငွေလှူဒါန်း

မိတ္ထီလာ ဇွန် ၁၆

ရန်ကုန်မြို့ရှိ ONE MORE အဖွဲ့က မိတ္ထီလာဒုက္ခသည်စခန်းမှ ကျောင်းသား ကျောင်းသူများအတွက် အလှူငွေ ၃၅ သိန်း ပေးပို့လှူဒါန်းခဲ့သည်။ ONE MORE အဖွဲ့က ပေးပို့လှူဒါန်းခဲ့သောအလှူငွေကျပ် ၃၅သိန်းကို မိတ္ထီလာမြို့ ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးဒီမောဆိုး၊ ဦးထိန်မင်းခိုင်၊ မမေသက်ဦးနှင့် အဖွဲ့ဝင်များက ဇွန် ၁၂ ရက်တွင် မိတ္ထီလာဒုက္ခသည် စခန်းငါးခုမှ ကျောင်းသား ကျောင်းသူများအတွက် မူလတန်းကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ကျောင်းသားကျောင်းသူ ၆၆ ဦးအတွက် အလှူငွေကျပ် ၁၃၂၀၀၀ ၊ အလယ်တန်းကျောင်းသား ကျောင်းသူတစ်ဦးလျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့် ကျောင်းသားကျောင်းသူ ၃၂၀ အတွက်အလှူငွေကျပ် ၁၉၂၀၀၀၀၊ အထက်တန်းနှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအတွက် တစ်ဦး လျှင်ငွေကျပ် ၁၂၀၀၀ နှုန်းဖြင့် ကျောင်းသား ကျောင်းသူ ၁၁၄ ဦး အတွက် အလှူငွေကျပ် ၁၃၆၈၀၀၀ နှင့် ဆင်းရဲချို့တဲ့ ကျောင်းသားသုံးဦးအတွက် အလှူငွေကျပ် ၈၀၀၀၀ စုစုပေါင်းအလှူငွေကျပ် ၃၅ သိန်းကို ပေးအပ်လှူဒါန်းခဲ့သည်။ ဤကဲ့သို့ဒုက္ခသည်စခန်းများမှ ကျောင်းသားကျောင်းသူများအတွက် ONE MORE အဖွဲ့မှ ပညာရေးအလှူငွေပေးအပ်သဖြင့် ကျောင်းသား ကျောင်းသူများက ONE MOER အဖွဲ့အား ကျေးဇူးတင် ဝမ်းမြောက်လျက်ရှိကြသည်။ **တင်လှိုင်(မိတ္ထီလာ)**

ဆိုင်များတွင် Wi-Fi အခမဲ့အသုံးပြုနိုင်ရေး ညောင်ဦး(ပုဂံ)တွင် ဝန်ဆောင်မှုပေးလျက်ရှိ

ညောင်ဦး ဇွန် ၁၆

ညောင်ဦး(ပုဂံ)ဒေသရှိ စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များတွင် စားသုံးသူများကို Wi-Fi အခမဲ့အသုံးပြုနိုင်အောင် ဝန်ဆောင်မှုပေးသည့်ဆိုင်များ ပိုမိုများပြားလာကြောင်း သိရသည်။

ယခင်က စားသောက်ဆိုင်များကသာ နိုင်ငံခြားခရီးသွားဧည့်သည်များ အသုံးပြုနိုင်အောင် ဝန်ဆောင်မှုပေးသည့်အနေဖြင့် တပ်ဆင်အသုံးပြုခဲ့ရာ ယခုတွင်မူ တန်ဖိုးနည်းဖုန်းများပေါ်များလာသည်နှင့်အမျှ လူငယ်များသည် အင်တာနက်အသုံးပြုနိုင်သည့် Android ဟန်းဆက်များ အသုံးများလာကြပြီး Wi-Fi စနစ်ဖြင့် အင်တာနက်သုံးခြင်းကို စိတ်ဝင်စားလာကြကြောင်း သိရသည်။

"အရင်ကဆိုရင် လက်ဖက်ရည်ဆိုင်မှာ ဘောလုံးပွဲပြမှ၊ သီချင်းဖွင့်မှ စသဖြင့်ပေါ့၊ အခုတော့ Wi-Fi ခေတ်ဖြစ်လာပြန်ပြီဗျ။ အရင်က လူငယ်တွေ လက်ဖက်ရည်ဆိုင်ထိုင်ရင် စကြ နောက်ကြ ငြင်းကြ ခုန်ကြနဲ့ အခုတော့ ဖုန်းတစ်ယောက်တစ်လုံးနဲ့ ရောက်တာနဲ့ Wi-Fi ဖွင့်ပြီး အင်တာနက်သုံးကြတော့တာပဲ၊ ဒါကြောင့် Wi-Fi က စားသုံးသူတွေကို ဆွဲဆောင်မှုတစ်ခုဖြစ်လာတယ်"ဟု လက်ဖက်ရည်ဆိုင်ပိုင်ရှင်တစ်ဦးက ဆိုသည်။

ညောင်ဦး(ပုဂံ)ဒေသတွင် Red-link Company က ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ Wi-Fi အခမဲ့အသုံးပြုနိုင်ရန်အတွက် အာနန္ဒာဘုရား၊ ရွှေဆံတော်ဘုရား၊ ရွှေစည်းခုံဘုရားနှင့် ပုဂံ-ညောင်ဦးလေဆိပ် စသည့် အသွားအလာများသောနေရာများတွင် Wi-Fi Hotspot Zone အဖြစ် လှူဒါန်းထားရှိရာ အခမဲ့အသုံးပြုနိုင်ကြောင်း၊ ညောင်ဦးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း ခရိုင်ပြည်သူ့စာကြည့်တိုက်နှင့် ပေ ၂၀၀ ပတ်လည်တွင် Wi-Fi အခမဲ့အသုံးပြုနိုင်အောင် ဆောင်ရွက်ထားကြောင်း သိရသည်။ Wi-Fi အသုံးများလာမှုနှင့် ဆက်စပ်၍ ညောင်ဦးဟန်းဆက် ဈေးကွက်တွင် ဆမ်ဆောင်း၊ ဟွာဝေးစသော Android ဟန်းဆက်များ ရောင်းအားကောင်းနေပြီး အဆိုပါဖုန်းများကို Root Access ပြုလုပ်ခြင်း၊ မြန်မာဖောင့်ထည့်သွင်းခြင်း၊ ဂိမ်းနှင့် ဆော့ဖ်ဝဲများထည့်သွင်းပေးခြင်းဖြင့် ဟန်းဆက်ရောင်းဝယ်သူများနှင့် ဟန်းဆက်ပြုပြင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ရဲသူရအောင်(ညောင်ဦး)

အမြို့မြို့အနယ်နယ်မှပို့သည့် သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

၁၉၈၈ ခုနှစ် မြန်မာနိုင်ငံအရေးအခင်း

၁၉၉၄ ခု၊ ဇူလိုင်လ (၂)ရက်နေ့ အသက် (၆၉)နှစ် အရွယ်တွင် ဒေါက်တာမောင်မောင် ကွယ်လွန်ခဲ့သည်။

ငယ်စဉ်ရှိန်ခါကပင် စာပေကို မွေ့လျော်ခဲ့ပြီး နိုင်ငံရေးစာပေ၊ နိုင်ငံ့ ခေါင်းဆောင်တို့၏ အတ္ထုပ္ပတ္တိ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရား ဥပဒေ ကျင့်ထုံးနှင့် ကျမ်းဂန်များ၊ နိုင်ငံ့ဝန်ထမ်းရေးရာ စာပေများကို ကိုယ်ပိုင် လက်နှိပ်စက်လေး တစ်လုံးဖြင့် အိမ်ရှိ စာကြည့်ခန်းငယ်တွင် ရိုက်နှိပ် ရေးသား ပြုစုနေရခြင်းသည် သူ၏ တစ်ခုတည်းသော ဝါသနာဖြစ်ပါသည်။

ကွယ်လွန်ပြီးနောက် လပေါင်းများစွာ ကြာသည့်အခါမှသာ သူ၏ စာကြည့်ခန်းကို မိသားစုမှ သန့်ရှင်းရေး လုပ်ဖြစ်ခဲ့သည်။ စာကြည့်စားပွဲ ဘေးဝယ် ဖုံတက်အောင် အလွယ်တကူ အဝတ်ဖြင့် ဖုံးအုပ်ထားသော Desk Top Computer ကိုလည်း သန့်ရှင်းရေး ပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် ဖွင့်ကြည့်သော အခါမှသာ သူနောက်ဆုံး ရေးသားပြုစုခဲ့သော "The 1988 Uprising in Myanmar" အင်္ဂလိပ်စာမူကို ထုတ်ယူ ဖတ်ရှုရတော့သည်။

၁၉၈၈ ခုနှစ်သည် မြန်မာ့ရာဇဝင်သမိုင်းတွင် လွယ်လွယ်နှင့် မေ့ပျောက်လို့ ရမည် မဟုတ်သော ခုနှစ်ဟု ဆိုကြပါက၊ ဤစာအုပ်သည် ထိုစဉ်ကာလ၏ အဖြစ်အပျက်များကို စေ့စေ့စပ်စပ် ချက်နှာလိုက်ခြင်းမပြုဘဲ အမှန်ကန်ဆုံး၊ အမှန်ဆုံး ဖြစ်အောင် ပြုစုသွားခဲ့သော နိုင်ငံတော်သမ္မတဟောင်း၊ ဒေါက်တာမောင်မောင်၏ နောက်ဆုံးလက်ရာ သမိုင်းကြောင်းမှတ်တမ်းပင်ဖြစ်ပါသည်။

မှတ်တမ်းပြုစုသူ။ ဒေါက်တာမောင်မောင် ဘာသာပြန်ဆို။ သားမောင်စစ်သည် ၃၅၀၀ ကျပ်

ပုံနှိပ်ဖြန့်ချိရေး ။ (၁) Digest Media Bank အမှတ် (၈၁) ၄၉ လမ်း (အလယ်)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း/ ဖက်စ် - ၀၁ ၂၉၃၇၃၉
(၂) ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇)
ဖုန်း – ၀၆၇ ၄၀၇၀၄၄ ဖက်စ် – ၀၆၇ ၄၀၇၂၅၉

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရှေးဟောင်းကြေးသွန်းရုပ်ပွားတော်များနှင့် ရုပ်တုများ ဖမ်းဆီးရမိ

ကျိုင်းတုံ ဇွန် ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု ကျိုင်းဖောင်းကျေးရွာအနီးရှိ ကျိုင်းတုံမြို့အဝင် ကျိုင်းဖောင်းတံတားလုံခြုံရေးဂိတ်၌ ဇွန် ၁၁ ရက် နံနက် ၁၀ နာရီခွဲခန့်က ရှေးဟောင်းကြေးသွန်းရုပ်ပွားတော်များဟု ထင်မြင်ယူဆရသော ကြေးသွန်းရုပ်ပွားတော်များ၊ ရဟန္တာရုပ်တုများနှင့် အရုပ်များကို ရှာဖွေစစ်ဆေးဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ကျိုင်းတုံမြို့အဝင် ကျိုင်းဖောင်းတံတားလုံခြုံရေးဂိတ်၌ ကျိုင်းတုံမူးယစ်(အထူး)အဖွဲ့မှ ရဲအုပ် အောင်ဆွေဟိန်း၊ ကျိုင်းတုံရဲစခန်းမှ ဒုရဲအုပ်စိုးဝင်းနှင့် တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြစဉ် တောင်ကြီးမြို့မှ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်ပြည်ထောင်စုကားလမ်းမကြီးအတိုင်း ကျိုင်းတုံမြို့သို့ ယာဉ်မောင်းစိုင်းဆမ် မောင်းနှင်ဝင်ရောက်လာခဲ့သည့် DYNA အမျိုးအစား အစိမ်းရောင် ခြောက်ဘီး ယာဉ်အမှတ် ၂ခ/----- ကို မသင်္ကာသဖြင့် ရပ်တန့်ရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် သယ်ဆောင်လာသည့် ဆီပီပါအလွတ်များအတွင်းမှ ရှေးဟောင်းကြေးသွန်းရုပ်ပွားတော်များဟု ထင်မြင်ယူဆရသော ကြေးသွန်းရုပ်ပွားတော် ၂၇ ဆူ၊ ရဟန္တာရုပ်တု ၁၄ ခုနှင့် အရုပ်ခြောက်ခုတို့ကို ရှာဖွေစစ်ဆေးတွေ့ရှိ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရှေးဟောင်းကြေးသွန်းရုပ်ပွားတော်များဟု ထင်မြင်ယူဆရသော ကြေးသွန်းရုပ်ပွားတော်များ၊ ရဟန္တာရုပ်တုများ၊ အရုပ်များကို တရားမဝင်သယ်ဆောင်လာသော ယာဉ်မောင်း စိုင်းဆမ်အား ကျိုင်းတုံရဲစခန်းမှ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **နိုင်နိုင်အောင်ဝေ**

ဆိုင်ကယ်ခိုးမှုများ ဖော်ထုတ်သိမ်းဆည်း

ပဲခူး ဇွန် ၁၆

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြဝင်း၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး မှုခင်းအကူဌာနမှ ဒုရဲအုပ် ကျော်တေဇနှင့်အဖွဲ့သည် မေ ၂၇ ရက် ညနေ ၄ နာရီ ခွဲက ပဲခူးမြို့ ဥသျှောမြို့သစ် ၇ ရပ်ကွက် ဝိမလလမ်းပေါ်တွင် အမျိုးသားတစ်ဦး ဆိုင်ကယ်တွန်းလာသည်ကို တွေ့ရှိရသဖြင့်စစ်ဆေးရာ ဇင်လတ်သူ(ခ) ငပဲဆိုသူဖြစ်ပြီး ၎င်းအားစစ်ဆေးရာ ဆိုင်ကယ်အစီး ၂၀ ကျော်ခန့် ခိုးယူခဲ့ပြီး ယင်းဆိုင်ကယ်များကို မင်းသူ (၄၃ နှစ်)က ထုခွဲရောင်းချကြောင်း ပေါ်ပေါက်ခဲ့သည်။ ဆိုင်ကယ် ၁၃ စီးကို သိမ်းဆည်းခဲ့ပြီး ကျန်ရှိသော ဆိုင်ကယ်ရှစ်စီးကို ဆက်လက်သိမ်းဆည်းရန် ဆောင်ရွက်လျက်ရှိကာ ၎င်းတို့ နှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ပဲခူးအမှတ် ၃ ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(အပေါ်ပုံ)** **သန့်စင်**

ဝိုင်ယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွား

မိုင်းပန် ဇွန် ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့တွင် လျှပ်စစ်ဝိုင်ယာကြိုးရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားကြောင်းသိရှိရသည်။ ဇွန် ၁၃ ရက် ည ၁၁ နာရီ ၁၅ မိနစ်က မိုင်းပန်မြို့ အနောက်ရပ်ကွက် မူလတန်းကျောင်းအနီးရှိ ဦးလုံးစံလု နေအိမ်မှ လျှပ်စစ်မီးကြိုးရှော့ဖြစ်ပြီး မီးစတင်လောင်ရာ ကပ်လျက်ရှိသော အိမ်လေးလုံးကိုပါ ကူးစက်လောင်ကျွမ်းသွားခဲ့သည်။

အခင်းဖြစ်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဝင်းမြင့်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ကားတစ်စီး၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းကူညီခဲ့ကြသဖြင့် ည ၁၂ နာရီတွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် လူနေအိမ်ငါးလုံးမီးလောင်ဆုံးရှုံးသွားခဲ့သည်။ **(အပေါ်ပုံ)**

မီးစတင်လောင်ကျွမ်းခဲ့သည့် အိမ်ရှင်ဦးလုံးစံလုမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သဖြင့် အမှုဖွင့်စစ်ဆေးအရေးယူဆောင်ရွက်သွားရန် မိုင်းပန်မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ဆက်လက်ဆောင်ရွက်နေကြောင်း သိရှိရသည်။

စိုင်းဇော်လတ်(လင်းခေး)

တရားမဝင်တမလန်းသစ်များ ဖမ်းဆီးရမိ

ထီးချိုင့် ဇွန် ၁၆

ဇွန် ၁၁ ရက် ည ၉ နာရီခွဲက ကသာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းထွဋ်ခေါင်းဆောင်သောအဖွဲ့၊ ထီးချိုင့်မြို့နယ်၊ ကသာမြို့နယ်နှင့် ခရိုင်သစ်တောများမှ တောအုပ်၊ တောခေါင်းများပါဝင်သည့် ထီးချိုင့်သစ်တော တောအုပ်ဦးကျော်လင်း၊ ဦးမျိုးမြင့်၊ ဦးဝင်းသူရနှင့်တောခေါင်းအဖွဲ့သည် သတင်းအရသက်သေများနှင့်အတူ ထီးချိုင့်မြို့နယ် ကျောက်မှော်ကျေးရွာအနီး ညောင်ပင်ဆိပ် ဧရာဝတီမြစ်ကမ်းနံဘေးတွင် ဆိုက်ကပ်ထားသော မော်တော်ပေါ်မှ တရားမဝင် တမလန်းသစ်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသော သက်သေခံပစ္စည်းများမှာ တမလန်းခားရွေ့(စကွဲရား) ၆၈ တုံး၊ ၅ ဒသမ ၇၈၇၈ တန်၊ တမလန်းသစ်လေးလုံး၊ ၀ ဒသမ ၄၈၆ တန်၊ တမလန်းတိုင်တစ်လုံး၊ ၀ဒသမ ၀၆၆ တန်၊ သစ်စေးသစ် သုံးလုံး၊ ၀ ဒသမ ၃၀၄ တန်၊ သစ်စေးတိုင် ၁၅ လုံး၊ ၀ ဒသမ ၉၂၆ တန် စုစုပေါင်း ၇ ဒသမ ၅၆၉၈ တန်နှင့် အလျား ၇၅ ပေ၊ အနံ ၁၆ ပေ ၁၀ လက်မ၊ ဇောက်လေးပေ၊ ဂျင်ဒေါင်း ၂၈ ကောင်အင်ဂျင်တစ်လုံး၊ ချန်ချိုင်း ၂၈ ကောင်အင်ဂျင်တစ်လုံး၊ တရုတ်အင်ဂျင် ၅/၆ ရေစုပ်စက်တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေသူ သစ်မှောင်ခိုများအား သက်ဆိုင်ရာ ရဲစခန်းများနှင့် ပူးပေါင်းကာ စစ်ဆေးရှာဖွေသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **လူအောင်(ကသာ)**

ပြင်ဆင်ဖတ်ရှုပေးပါရန်

ဇွန် ၁၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ၁၁ပါ အင်းစိန်ရွာမအရှေ့၌ မီးလောင်မှုဖြစ်သတင်း ကော်လံ ၃ ၌ မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးတင်ဦးအစား ဦးတင်မိုးဟု ပြင်ဆင်ဖတ်ရှုပေးပါရန် အနူးအညွတ် မေတ္တာရပ်ခံအပ်ပါသည်။ **(မြန်မာ့အလင်း)**

ဆန်စက်လုပ်သားတစ်ဦး ဓာတ်လိုက်သေဆုံး

ကန်ကြီးထောင့် ဇွန် ၁၆

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် မြင်းကဆိပ်ကျေးရွာရှိ လုံးကြီးပွားဆန်စက်တွင် ဇွန် ၁၀ ရက် ည ၁၀ နာရီက လုပ်သားများ အနားယူ တည်းခိုနေသောအဆောင်တွင် ဆန်စက်လုပ်သား ရဲဝင်းထွန်း (၂၁နှစ်) က တီဗွီကြည့်ရှုရန် လုပ်သားနားနေဆောင်မှ သံဆန်ခါကိုဖြတ်ကျော်၍ ဆန်စက်အတွင်းရှိ မီးပလတ်ပေါက်တွင် ပင်ခေါင်းမရှိသော မီးကြိုးနှစ်ချောင်းကို ထိုးယူသွယ်၍ တီဗွီကြည့်ကြသည်။ ည ၁၀ နာရီတွင် ရုပ်ရှင်သိမ်း၍ တီဗွီပိတ်ထားသော်လည်း မီးပလတ်ပေါက်အတွင်း ထိုးစိုက်ထားသော မီးကြိုးစကို ဖြုတ်သိမ်းခြင်းမပြုဘဲထားရှိရာမှ လုပ်သားတည်းခိုဆောင် သံဆန်ခါကာသို့ ဓာတ်အားဝင်နေခြင်းကို သတိမပြုဘဲ အိပ်ဆောင်တက်ရန် သံဆန်ခါကို ကိုင်တွယ်လိုက်ရာမှ ရဲဝင်းထွန်း ဓာတ်လိုက်သေဆုံးခြင်းဖြစ်သည်။ အဆိုပါ သေဆုံးမှုသည် ပြင်ပဒဏ်ရာမရှိသဖြင့် ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ်မဟုတ်သိရှိနိုင်ရန် ကျိုက်လတ်ရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **ပုသိမ်-လှကြည်**

ပြည်တွင်းသတင်း

တရုတ်နိုင်ငံသို့ ရေထွက်ပစ္စည်းများ တင်ပို့ရာ၌ Decree 135 နှင့် ကိုက်ညီရန် လိုအပ်နေ

ရန်ကုန် ဇွန် ၁၆

တရုတ်နိုင်ငံသို့တင်ပို့သည့် ရေထွက်ပို့ကုန်များအား ယင်းနိုင်ငံ၏ အရည်အသွေး စစ်ဆေးရေးဌာန (AQSIQ) ၏ စံသတ်မှတ်နှုန်းများဖြင့်သာ တင်ပို့နိုင်ကြတော့မည်ဖြစ်ကြောင်း သိရသည်။

ပြောကြား

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းဝင်းက တရုတ်နိုင်ငံအနေနှင့် နိုင်ငံအတွင်းတင်သွင်းမည့် ရေထွက်ပစ္စည်းများကို အရည်အသွေးစစ်ဆေးရေးဌာန (AQSIQ) ၌ မှတ်ပုံတင်ရန် ပြဋ္ဌာန်းလာခြင်းကြောင့် ရေထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်သည့်စက်ရုံ ၆၇ ရုံသည် မှတ်ပုံတင်နိုင်ခဲ့ပြီး မေ ၃၁ ရက်က ခွင့်ပြုခဲ့ပြီး ဖြစ်ကြောင်း၊ ဇူလိုင်လ ၁ ရက်မှစတင်၍ မှတ်ပုံတင်ပြီး စက်ရုံများမှ ရေထွက်ကုန်များကိုသာ တင်သွင်းခွင့်ပြုမည်ဖြစ်ပြီး ၎င်းတို့ချမှတ်ထားသည့် Decree 135 ပါ စံချိန်စံညွှန်းပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိစေရန် အခါအားလျော်စွာ စစ်ဆေးပေးသွားမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန၌ ကျင်းပသည့် တွေ့ဆုံဆွေးနွေးပွဲအတွင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် ယခင်ကလည်း ငါးမှုန့် (Fish Meal) ထုတ်လုပ်သည့် စက်ရုံခြောက်ရုံကို Decree 118 ပါ စံချိန်စံညွှန်းနှင့် ကိုက်ညီသဖြင့် တင်သွင်းခွင့်ပေးခဲ့သည်။ ရေထွက်ပစ္စည်းများတင်ပို့ရာ၌ ဝယ်ယူသည့်နိုင်ငံအလိုက် အစားအစာဘေးကင်းရေးဆိုင်ရာ စံချိန်စံညွှန်းများ ရရှိလာစေရန် အရေးကြီးပြီး မြန်မာ့ရေထွက်ကုန်များကို တင်ပို့ကြရာ၌ အီးယူသို့ စက်ရုံ ၁၄ ရုံ၊ ဗီယက်နမ်သို့ စက်ရုံ ၁၈ ရုံရှိပြီး နိုင်ငံတကာအသိအမှတ်ပြုစံညွှန်းများဖြစ်သည့် GMP၊ HACCP၊ ISO အစရှိသည်တို့ကို ရယူထားရကြောင်း သိရသည်။

လက်ရှိတွင် ရေထွက်ပစ္စည်းတင်ပို့မှု စုစုပေါင်းတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းခန့်ကို တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိပြီး ပို့ကုန်ပမာဏ လျော့ကျမသွားစေရေးနှင့် တင်ပို့စဉ် အခက်အခဲနှင့်နှောင့်နှေးမှုများမရှိစေရေးအတွက် ရေထွက်ပစ္စည်းစက်ရုံများအနေဖြင့် စည်းမျဉ်း၊ စည်းကမ်းများ လိုက်နာကြစေရန် ငါးလုပ်ငန်းဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

တင်ပို့နိုင်ခဲ့

မြန်မာနိုင်ငံအနေဖြင့် ငါး၊ ပုစွန်စသည့်ရေထွက်ပစ္စည်းများကို အေးခဲ၍ဖြစ်စေ၊ အခြောက်ခံ၍ဖြစ်စေ၊ အရှင်အတိုင်းဖြစ်စေ တရုတ်၊ စင်ကာပူ၊ ထိုင်း၊ ဂျပန်၊ ဟောင်ကောင်၊ အရှေ့အလယ်ပိုင်းဒေသနိုင်ငံများ၊ အီးယူနိုင်ငံများ စသည့် နိုင်ငံပေါင်း ၃၀ ခန့်သို့ တင်ပို့လျက်ရှိပြီး ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်း ရေထွက်ပစ္စည်း မက်ထရစ်တန်ချိန် ၃၇၆၈၄၅ ဒသမ ၆၈၉ တန် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၅၂ ဒသမ ၈၄ သန်း တင်ပို့နိုင်ခဲ့သည်။ **ခင်ရတနာ**

စာအုပ်စာပေ လူ့မိတ်ဆွေ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၁၆-၆-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၇၀၉၀၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၆၇၃၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၅၉ ကျပ်
ဥရောပ	တစ်ယူရို	၁၂၈၀ ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၈ ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၄၅ ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆. ၅ ကျပ်
တရုတ်	တစ်ယွမ်	၁၅၆ ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၉ ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၈၇၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၇၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၈၉၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၀၀၀ - ၆၀၀၀ ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၁၇၀၀ - ၃၀၀၀ ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၅၅၀၀ - ၇၅၀၀ ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၆၀၀၀ -၁၂၀၀၀ ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀ - ၇၀၀၀ ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀ -၂၈၀၀၀ ကျပ်
၇။	ငါးသလောက်	တစ်ပိဿာ	၁၂၀၀၀ -၁၉၀၀၀ ကျပ်
၈။	ကြက်	တစ်ပိဿာ	၄၅၀၀ -၁၂၀၀၀ ကျပ်
၉။	ဝက်	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀ ကျပ်
၁၀။	အမဲ	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀ ကျပ်
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀ -၁၅၀၀၀ ကျပ်

ခင်ရတနာ-စုစည်းသည်။

ကန့်ဘလူ၌ ဆန်ဈေးအနည်းငယ်တက်၍ အရောင်းအဝယ်ဖြစ်

ကန့်ဘလူ ဇွန် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်နှင့် မန္တလေးတိုင်းဒေသကြီးပွဲရုံများမှ တင်ပို့ရောင်းချလျက်ရှိသော ဇွန် ၁၄ ရက် ပေါက်ဈေးနှုန်းသည် သုခရိုးရိုးဆန် (ဒေသအခေါ်) တစ်ပြည်လျှင် ငွေကျပ် ၈၅၀၊ တစ်တင်းလျှင် ငွေကျပ် ၁၃၀၀၀ နှုန်းပေါက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် နွေစပါး အနည်းငယ်ထွက်ရှိ၍ နွေဆန် တစ်တင်းလျှင် ငွေကျပ် ၁၃၅၀၀ နှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း မြို့မဈေး ဆန်လက်လီလက်ကား အရောင်းဆိုင်များမှ သိရသည်။ ကျန်ဆန်အမျိုးအစားဖြစ်သော ဧရာမင်းဆန်ဟောင်း တစ်ပြည်ငွေကျပ် ၁၁၀၀၊ တစ်တင်း ငွေကျပ် ၁၇၀၀၀ ဖြင့် လည်းကောင်း၊ စောရှုတ် ဆန်ဟောင်း တစ်ပြည်လျှင် ငွေကျပ် ၁၁၀၀၊ တစ်တင်းငွေကျပ် ၁၇၀၀၀ဖြင့်လည်းကောင်း၊ မနောသုခ ဆန်ဟောင်း တစ်ပြည်လျှင် ငွေကျပ် ၉၀၀၊ တစ်တင်း ငွေကျပ် ၁၅၀၀၀ ဖြင့် လည်းကောင်း၊ ဘေးကျားဆန်အသစ် တစ်ပြည်လျှင် ငွေကျပ် ၁၄၀၀၊ တစ်တင်း ငွေကျပ် ၁၉၀၀၀၊ ဘေးကျား ဆန်(ရှယ်) တစ်တင်းငွေကျပ် ၂၃၀၀၀ ဖြင့်လည်းကောင်း အသီးသီးရောင်းချလျက်ရှိသည်။

အချို့ဆိုင်များတွင် စောရှုတ်အသစ်တစ်တင်းလျှင် ငွေကျပ် ၁၆၅၀၀၊ စောရှုတ်ဆန်ဟောင်း တစ်တင်းလျှင် ငွေကျပ် ၂၀၀၀၀၊ ဧရာမင်းဆန်သစ် တစ်တင်းလျှင် ငွေကျပ် ၁၇၀၀၀၊ ဧရာမင်းဆန်ဟောင်း တစ်တင်းလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ရောင်းချကြောင်းနှင့် ဆန်ဆိုင်များက ဈေးနှုန်းအမျိုးမျိုးဖြင့် ရောင်းချလျက်ရှိပြီး ဆန်အရည်အသွေးပေါ်မူတည်၍ ဈေးနှုန်းကွဲပြားကြောင်း မြို့မဈေး ဆန်ဝယ်/ရောင်းတစ်ဦးထံမှ သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

[illegible] "THE GLOBAL" [illegible] Golden World [illegible]

THE GLOBAL



[illegible]

ဥပဒေအကြံပေးများ

(LL.B. LL.M. D.B.L) (LL.B. D.B.L) (LL.B)

[illegible] e-mail: zarniaung @ mandalay.net.mm

(၁၃)နှစ်ပြည့် မင်္ဂလာဆုမွန်လွှာ

ဒေါက်တာလှမိုးသွင်နှင့် မသော်တာထွန်း

(သုခဆေးခန်း)ပဲခူးမြို့တို့၏

၁၇-၆-၂၀၁၃ရက်တွင် ကျရောက်သော(၁၃)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သမီးကြီး ရွှန်းမြတ်မိုးသွင်၊ ချစ်သမီးငယ် သက်မြတ်မိုးသွင်တို့နှင့်အတူ မင်္ဂလာရတုအဆက်ဆက်ကို သာယာချမ်းမြေ့ ကျန်းမာပျော်ရွှင်စွာဖြင့် ထာဝရလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Albert David Co.,Ltd.

ဘက်ပေါင်းစုံမှအကျိုးထူးများစွာ ပေးနိုင်သော စုံမွှင့်စုံပေါက်ပဋ္ဌာန်း

ရှုတ်ပွားမှုကော်နည်းနှင့်ဂုဏ်ရက်သားသမီးတို့အတွက်

အချိန်အခါကောင်း၊ ရွေးချယ်နည်း၊

[illegible]

[illegible]

[illegible]

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ထားဝယ်မြို့၊ ကညွန့်ရပ်၊ ချယ်ရီလမ်းသွယ်၊ အမှတ် ၂၇၂ နေ ဦးတင်အေး-ဒေါ်စိန်စိန်တို့၏ သားဖြစ်သူ မောင်မျိုးဇော်အေး ၆/ထဝန(နိုင်)၀၁၀၉၄၁ သည် မိဘနှင့်မောင်နှမသားချင်းများအား အမျိုးမျိုးစိတ်ဆင်းရဲအောင်ပြုမူခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန် အမျိုးမျိုးအနှောင့်အယှက်ပြုခြင်းကို စဉ်ဆက်မပြတ်လုပ်ဆောင်နေပါ၍ ၎င်းအား သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်း၏ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဦးတင်အေး ၆/ထဝန(နိုင်)၀၁၀၉၃၈

ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပြင်သစ်သံရုံးမှ သံအမတ်ကြီးဦးဆောင်သောအဖွဲ့တို့ တွေ့ဆုံ

ရန်ကုန်   ဇွန်   ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်သည် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး H.E. Mr. Thierry Mathou၊ စီးပွားရေးဌာနအကြီးအကဲ Mr.Dominique Causse, French Business Association (Myanmar) ဥက္ကဋ္ဌ Mr.Romain Cailland နှင့် အဖွဲ့ဝင်များအား ဇွန် ၁၁ ရက် နံနက် ၁၀ နာရီက အသင်းချုပ်ရုံး၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပြင်သစ် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအကြား ၂၀၁၂ ခုနှစ်မှစ၍ ဆက်ဆံရေးတိုးမြှင့်နိုင်ခဲ့သည့်ကိစ္စ၊ The Movement Des Enterpreneurs De France International (MED-EFI)နှင့် အသင်းချုပ်တို့အကြား MOU ရေးထိုးခဲ့သည့်ကိစ္စ၊ ပြင်သစ်လုပ်ငန်းရှင်များအဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်ရေးကိစ္စ၊ ဥရောပလုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းများသာမက လူမှုရေးလုပ်ငန်းများတွင်လည်း ပူးပေါင်းဆောင်ရွက်သွားနိုင်မည့်ကိစ္စ၊ ပြင်သစ်စီးပွားရေးအဖွဲ့နှင့် အသင်းချုပ်တို့အကြား MOU ရေးထိုးရေးကိစ္စ၊ Int'l Finance Corporation နှင့်ပူးပေါင်း၍ မြန်မာနိုင်ငံရှိ နိုင်ငံတကာလုပ်ငန်းရှင်များနှင့် မြန်မာလုပ်ငန်းရှင်များအကြား Myanmar Business Forum ကျင်းပရာတွင် ပါဝင်တက်ရောက်ရေးကိစ္စတို့ကို ရင်းနှီးစွာဆွေးနွေးကြကြောင်း သိရသည်။

(ကုန်သည်/စက်မှု)

ဆီးဂိမ်းလှုံ့ဆော်ရေးမြေစိုက်ပိုစတာများ စိုက်ထူ

စစ်တွေ   ဇွန်   ၁၆

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို မြန်မာနိုင်ငံရှိ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများနှင့် ငွေဆောင်ကမ်းခြေတို့တွင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ စည်ကားသိုက်မြိုက်ခမ်းနားစွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကြီးကို မြန်မာတစ်နိုင်ငံလုံးရှိ ပြည်သူများ နိုးကြားတက်ကြွစွာ အားပေးနိုင်ရေး၊ စေတနာရှင်အဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်းပြီး ပါဝင်နိုင်ရေး၊ ပြိုင်ပွဲကြီး ကျင်းပမည့်နေ့ကို အများပြည်သူတို့ သိရှိနိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လှုံ့ဆော်ရေး မြေစိုက်ပိုစတာများကို စိုက်ထူပေးနေသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ လမ်းမကြီး ဦးဥတ္တမပန်းခြံရှေ့၊ မေယုလမ်း လောကနန္ဒာစေတီတော်အနီးနှင့် ရန်ကုန်-စစ်တွေကားလမ်းဘေး ဝေသာလီအားကစားကွင်းရှေ့တို့တွင် အလျားပေ ၆၀၊ အနံ ၁၄ ပေရှိသော မြေစိုက်ပိုစတာကြီးများကို ၂၀၁၃ ခုနှစ် ဇွန် ၁၅ ရက် နံနက်ပိုင်းမှစ၍ စိုက်ထူပေးလျက်ရှိသည်။ **(ဓာတ်ပုံ)**

ထို့အပြင် သံတွဲမြို့နယ် ငပလီလမ်းဆုံတွင်လည်း စိုက်ထူပေးထားပြီး ကျောက်ဖြူ၊ တောင်ကုတ်၊ မြောက်ဦးနှင့် ဘူးသီးတောင်မြို့များတွင်လည်း စိုက်ထူပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လေးဝတီထွန်းစောခိုင်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကန့်ဘလူမြို့နယ် ပဲစိုက်တောင်သူများ မိုးရွာ၍ ပဲမျိုးစုံစိုက်ပျိုး

ကန့်ဘလူ   ဇွန်   ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ယခုလ အစောပိုင်းရက်များတွင် မိုးများရွာသွန်းခြင်းကြောင့် ပဲစိုက်တောင်သူများ ဝမ်းသာ၍ အဖိုးတန်သောမိုးဖြစ်ကြောင်း သိရသည်။

ယင်းသို့ မိုးဦးစောစောကျလျှင် လယ်ယာမြေလုပ်ကိုင်သူ တောင်သူလယ်သမားများအနေဖြင့် မြေပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံနှင့် ပြောင်းစသည့် သီးနှံမျိုးစုံ စိုက်ပျိုးကြသည်။ အဆိုပါ ပဲမျိုးစုံသီးနှံများသည် စိုက်ပျိုးသူတောင်သူများအတွက် အလွန်တွက်ခြေကိုက်သောသီးနှံများ ဖြစ်ကြသည်။ ထို့ကြောင့် ဇွန် ၁၃ ရက်အထိ ဝက်တိုးကျေးရွာအုပ်စုရှိ မြေပဲစိုက်တောင်သူ ၁၁၀ က မြေပဲ ဧက ၁၅၀ ကို လည်းကောင်း၊ ပဲတီစိမ်းစိုက်တောင်သူ ၄၀ က ပဲတီစိမ်း ဧက ၄၀ ကိုလည်းကောင်း၊ ပဲစင်းငုံစိုက်တောင်သူ ၇၀က ပဲစင်းငုံ ဧက ၉၀ ကို လည်းကောင်း၊ ပြောင်းစိုက်တောင်သူ ၈၀ က ပြောင်း ဧက ၁၄၀ ကိုလည်းကောင်း မိုးရွာ၍ စိုက်ပျိုးနိုင်ခဲ့ခြင်းကြောင့် ဝမ်းသာပျော်ရွှင်နေကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

အောင်ဝင်းငြိမ်း

နောင်တရားမြို့နယ်ခွဲ ဌာနဆိုင်ရာ ရပ်မိရပ်ဖများ တွေ့ဆုံပွဲကျင်းပ

နောင်တရား   ဇွန်   ၁၆

နိုင်ငံတော်၏ စတုတ္ထအဆင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ဖြစ်သည့် ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းလျက် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုးဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ နောင်တရားမြို့နယ်ခွဲရှိ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ တွေ့ဆုံပွဲအခမ်းအနားကို ဇွန် ၁၂ ရက် နံနက် ၁၀ နာရီက မြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပအိုးဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အတွင်းရေးမှူး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနိုးဝေက လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ရှင်းလင်းတင်ပြပြီးနောက် နောင်တရားမြို့နယ်ခွဲ အုပ်ချုပ်ရေးမှူးဦးစောမောင်ဇွေက မြို့နယ်ခွဲ၏ ဒေသဆိုင်ရာအချက်အလက်များကို တင်ပြဆွေးနွေးခဲ့သည်။

ဖြည့်စွက်ဆွေးနွေး

ထို့နောက် တက်ရောက်လာကြသည့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက မိမိတို့တာဝန်ယူဆောင်ရွက်နေရမည့် ကျေးရွာအုပ်စုအတွင်းရှိ ဒေသအတွင်း ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အသီးသီးဆွေးနွေးတင်ပြကြပြီး ဥက္ကဋ္ဌ ဦးခွန်စံလွင်က ၎င်းတို့၏ တင်ပြဆွေးနွေးချက်အပေါ် နိုင်ငံရေး ပြုပြင်ပြောင်းလဲသည်နှင့်အမျှ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလည်း ပြောင်းလဲနေပြီဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြည့်စွက် ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတကာအားကစားသတင်း

ကွန်ဖက်ဒရေးရှင်းဖလားလုပွဲ အဖွင့်ပွဲစဥ် ဆမ်းဘားစည်တိုသံတွေ ဖုံးလွှမ်းခဲ့

မိုးမြင့်လင်းလက်-ရေးသည်

ကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဥ်အဖြစ် အိမ်ရှင်ဘရာဇီးနဲ့ ဂျပန်အသင်းတို့ ဇွန် ၁၅ ရက်က ယှဉ်ပြိုင်ကစားတဲ့အခါ ဘရာဇီးတို့က သုံးဂိုးပြတ်ဖြင့်အနိုင်ရယူခဲ့ပြီး ဘရာဇီးပရိသတ်တွေရဲ့ ဆမ်းဘားစည်တိုသံတွေ ကွင်းအတွင်း ဖုံးလွှမ်းစေခဲ့ပါတယ်။ ဘရာဇီးတိုက်စစ်မှာ ဖရက်ဒ်၊ နေမာနဲ့ ဟတ်စ်၊ ကွင်းလယ်မှာ ပါလင်ဟို၊ ဂတ်စ်တာပို၊ အော်စကာတို့နဲ့ ပွဲထွက်ခဲ့ပြီး တိုက်စစ်မှူးနေမာရဲ့အဖွင့်ဂိုးနဲ့ ဘရာဇီးတို့ စတင်အနိုင်ရရှိသွားခဲ့ပါတယ်။

ဂျပန်အသင်းဟာ ချေပဂိုးရရှိရေးကြိုးစားခဲ့ပေမယ့် အိုကာဇာကီနဲ့ ဟွန်ဒါ ဦးဆောင်တဲ့ တိုက်စစ်က ဘရာဇီးနောက်တန်းကို ထိထိရောက်ရောက် မခြိမ်းခြောက်နိုင်ခဲ့ပါဘူး။ ဒါပေမယ့် ဂျပန်အသင်းဟာ ဘောလုံးပိုင်ဆိုင်မှုများများနဲ့ ဘရာဇီးကို ထိန်းချုပ်ကစားနိုင်ခဲ့ပါတယ်။ ဂျပန်တိုက်စစ်မှူးတွေ နေရာစုံက ထိုးဖောက်တိုက်စစ်ဆင်ခဲ့ပေမယ့် အဆုံးသတ်မသေချာမှုနဲ့ ဘောလုံးဆုံးရှုံးမှုတွေများနေခဲ့တာမို့ အရာမထင်ခဲ့ပါဘူး။

ဂျပန်အသင်းဟာ ချေပဂိုးရရှိရေးအတွက် ဒုတိယပိုင်းပွဲချိန်အတွင်းမှာ ကြိုးစားခဲ့ပေမယ့် ပွဲချိန် ၄၈ မိနစ်မှာ နောက်ခံလူအဲလ်ဗက်စ်ရဲ့ ညာ

တောင်ပံက ဖြတ်တင်ပေးလိုက်တဲ့ ဘောလုံးကို ပါလင်ဟိုက တစ်ချက်ထိန်းပြီး ကန်သွင်းယူခဲ့တာမို့ ဘရာဇီးတို့ ဒုတိယဂိုးရရှိသွားခဲ့ပြန်ပါတယ်။

နှစ်ဂိုးအသွင်းခံထားရတဲ့ ဂျပန်အသင်းဟာ ချေပဂိုးတွေ သွင်းယူနိုင်ရေး ကြိုးစားခဲ့ပေမယ့် အိုကာဇာကီရဲ့ ကန်သွင်းချက် လွဲချော်သွားခဲ့တာကလည်း ဂျပန်အသင်းအတွက် နစ်နာမှုတစ်ရပ်ဖြစ်ပါတယ်။ ဂျပန်အသင်းရဲ့ အဓိကအားနည်းချက်ကတော့ အဆုံးသတ်ဂိုးသွင်းမှုအားနည်းခြင်းပဲ ဖြစ်ပါတယ်။ ဘရာဇီးအသင်းဟာ ကွင်းလယ်ကစားအားကို ဗဟိုပြုပြီး ဂျပန်နောက်တန်းကို ခြိမ်းခြောက်နိုင်ဖို့ ကြိုးစားခဲ့ပေမယ့် ဂျပန်တို့ကလည်း တိုက်စစ်မြှင့်တင်ပြီး ချေပဂိုးသွင်းယူနိုင်ရေး အားထည့်ကစားခဲ့တာမို့ အပြန်အလှန် ထိုးဖောက်မှုတွေ ပြုလုပ်နိုင်ခဲ့ပါတယ်။

ဂျပန်အသင်းဟာ ပွဲချိန်မိနစ် ၉၀ မှာ သေချာပေါက်ဂိုးရရှိရေး အခွင့်အရေးရရှိခဲ့ပေမယ့် ဘရာဇီးဂိုးသမား ဆီဆာကာကွယ်နိုင်ခဲ့တာမို့ နစ်နာခဲ့ရပါတယ်။ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး နာကျင်လေလွင့်ချိန်အတွင်းမှာ အော်စကာကဂိုးဧရိယာအတွင်း ထိုးပေးလိုက်တဲ့ဘောလုံးကို ဘရာဇီးကစားသမားဂျိုက ကန်သွင်းယူခဲ့တာမို့ ပွဲအပြီးမှာ ဘရာဇီးတို့ သုံးဂိုးပြတ်အနိုင်ရပြီး ကွန်ဖက်ဒရေးရှင်းဖလားလုပွဲ ခရီးအစမှာ တာထွက်မျက်နှာပန်းလှစေခဲ့တာပဲဖြစ်ပါတယ်။

ဘရာဇီးနဲ့ ဂျပန်တို့ပွဲမှာ ဘရာဇီးက ဂိုးသွင်းခွင့် ၁၃ ကြိမ်ရရှိပြီး အပိုင်ကန်သွင်းခွင့် လေးကြိမ်ရရှိကာ သုံးဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဂျပန်တို့ကတော့ ဂိုးသွင်းခွင့် ၁၁ ကြိမ်ရရှိခဲ့ပြီး အပိုင်ကန်သွင်းခွင့် ငါးကြိမ်ရရှိခဲ့ပေမယ့် ဂိုးအဖြစ်မဖန်တီး နိုင်ခဲ့ပါဘူး။

လူငယ်တွေအများစုနဲ့ ပွဲထွက်လာတဲ့ ဘရာဇီးတို့ဟာ ကွန်ဖက်ဒရေးရှင်းဖလားလုပွဲမှာတော့ ခြေစွမ်းပြသကာ ဘရာဇီးဟာ ဘရာဇီးပါပဲဆိုတဲ့ ဂုဏ်ပုဒ် ပိုမိုပြောင်မြောက်အောင် ပြသနိုင်မလားဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

ယူရို-၂၀၁၂ အီတလီနှင့် စပိန်ဗိုလ်လုမည်

ယူရို-၂၀၁၂ ဘောလုံးပြိုင်ပွဲကို အစ္စရေးနိုင်ငံ၌ ယှဉ်ပြိုင်ကစားလျက်ရှိရာ အီတလီက နယ်သာလန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲတက်လာသည်။ အီတလီအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲပြီးရန် ၁၁ မိနစ်အလိုတွင် လီဗာပူးကလပ်၌ ကစားနေသော ဖာဘီယိုဘော်ရီနီက သွင်းယူပေးခဲ့သည်။ အီတလီတို့ ယင်းပွဲအနိုင်ရလိုက်သဖြင့် ဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံစပိန်နှင့် ကစားရမည်ဖြစ်သည်။

ဆန်းဒါးလန်းဂိုးသမား လီဗာပူးခေါ်ယူမည်

လီဗာပူးအသင်းက ဆန်းဒါးလန်းဂိုးသမား စီမွန်မီနိုလက်ကို ပေါင်ရှစ်သန်းဖြင့် ခေါ်ယူရန် နီးစပ်နေပြီဖြစ်သည်။ ဆန်းဒါးလန်းက ပေါင် ၁၀ သန်းအထိ တောင်းနေသည်။ မကြာမီရက်များအတွင်း သဘောတူညီချက်ရရှိလိမ့်မည်ဟု မျှော်လင့်ရသည်။ အသက် ၂၄ နှစ်ရှိ မီနိုလက်သည် ၂၀၁၀ ခုနှစ်က ပေါင်နှစ်သန်းဖြင့် ဘယ်လ်ဂျီယံကလပ် စိန့်ထရူရင်မှ ပြောင်းရွှေ့လာခြင်းဖြစ်သည်။ လီဗာပူးအသင်းမှ လက်ရှိဂိုးသမား ပီပီရေးနာသည် ဘာစီလိုနာသို့ ပြောင်းရွှေ့ရန် ဆက်သွယ်ထားသည်။

အင်ဒီမာရေး ယနေ့ဗလားလုမည်

ကမ္ဘာ့နံပါတ်နှစ် တင်းနစ်ကစားသမား အင်ဒီမာရေးသည် လန်ဒန်မြို့၌ ကျင်းပလျက်ရှိသော ကွင်းကလပ် တင်းနစ်ပြိုင်ပွဲတွင် ပြင်သစ်မှ ဆွန်ဂါကို အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ မာရေးသည် ယင်းပြိုင်ပွဲတွင် ခက်ခက်ခဲခဲကစားခဲ့ရပြီး ၄-၆၊ ၆-၃၊ ၆-၂ ဖြင့် အနိုင်ရလိုက်ခြင်းဖြစ်သည်။ မာရေးသည် ယင်းပြိုင်ပွဲတွင် အနိုင်ရလိုက်သဖြင့် ဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံ မာရင်စီလစ်နှင့် ဇွန် ၁၇ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မာရေးသည် ပြိုင်ပွဲတွင် အနိုင်ရပါက စတုတ္ထအကြိမ်မြောက် ကွင်းကလပ်ဖလားကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။



ကောင်းမြတ်သူ-စုစည်းသည်

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- ပီအက်စ်ဂျီအသင်းက ၂၆ နှစ်အရွယ်ရှိ ချယ်လ်ဆီးနောက်ခံလူ ဒေးဗစ်လူးဝစ်ကို ခေါ်ယူရန် ပြင်ဆင်နေသည်။
- ချယ်လ်ဆီးကွင်းလယ်ကစားသမား ဂွန်မီခေးလ်ကို ဂါလာတာစာရေးအသင်းက ပေါင် ၁၆ သန်းပေးပြီး ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။
- မန်ယူနည်းပြသစ် မိုယက်စ်သည် နွေရာသီအပြောင်းအလဲကာလ၌ ပေါင်သန်း ၆၀ အသုံးပြုခွင့်ရရှိမည်ဟု မီဒီယာများက ဖော်ပြသည်။
- အသက် ၃၁ နှစ်အရွယ်ရှိ ဘာစီလိုနာတိုက်စစ်မှူး ဒေးဗစ်ဗီလာကို စပါးနှင့် အာဆင်နယ်တို့က အပြိုင်ခေါ်ယူရေး ကြိုးပမ်းလျက်ရှိသည်။
- ဘရာဇီးကလပ် ကိုရင်သီယန်အသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား ပေါလင်ဟိုကို စပါးအသင်းက ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။
- အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ရီးရဲမက်ဒရစ်တိုက်စစ်မှူး ဟီဂူအင်ကို ပြောင်းရွှေ့ကြေး ပေါင် ၂၅ သန်းပေး၍ ခေါ်ယူရန် ကြိုးစားနေသည်။
- မွန်ချန်အသင်းက အသက် ၂၅ နှစ် အရွယ်ရှိ အာဆင်နယ်တိုက်စစ်မှူး ဘင့်တနာကို ခေါ်ယူမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- အင်တာမီလန်အသင်းသည် အသက် ၂၇ နှစ် အရွယ်ရှိ မန်စီးတီးနောက်ခံလူ ကိုလာရော့ဗ်ကို စာချုပ်နိုင်ရေး ဆွေးနွေးလျက်ရှိသည်။
- လီဗာပူးအသင်းသည် ရှက်တာဒိုးနက်အသင်းမှ ကွင်းလယ်ကစားသမား မက်တာယန်ကို ပေါင်သန်း ၂၀ ပေး၍ ခေါ်ယူရန် ကြိုးစားနေသည်။
- ဆန်းဒါးလန်းနည်းပြ ပေါလ်ဒီကာနီရိုက ဘောလုံးသမား ၁၀ ဦးခန့် အလဲလှယ်ပြုလုပ်သွားမည်ဟု ပြောကြားသည်။

MRTV-4

၁၇-၆-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo
၅း၁၀	ပဋ္ဌာန်းပါဠိတော်+ ရတနသုတ်
၅း၂၀	MRTV-4 သတင်း
၅း၄၀	ဝေဒနာနုပဿနာ တရားတော် [ဆရာတော် ဘဒ္ဒန္တသောဘနပုပ္ဖား (၂)]
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ မင်းမရှိလို့မဖြစ် (အပိုင်း-၉၄)
၉း၃၅	ဈေးဝယ်လမ်းညွှန် (Natural Clay Furniture)
၁၀း၀၀	ခေတ်သစ်ပျိုမေ
၁၁း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ ရင်ခုန်သံစည်းချက် (အပိုင်း-၂၆)
၁၂း၀၅	Minute to Win It
၁၂း၄၅	ရန်ကုန်မြင်ကွင်းကျယ် (Study Abroad မှ ကျင်းပပြုလုပ်သော MDIS Fashion Event)
၁း၀၀	ဝေဒနာနုပဿနာ တရားတော် [ဆရာတော် ဘဒ္ဒန္တသောဘနပုပ္ဖား (၂)]
၂း၀၀	MRTV-4 သတင်း
၂း၂၀	World of Knowledge (By Any Means : Nepal to Vietrnm)
၃း၁၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ မင်းမရှိလို့မဖြစ် (အပိုင်း-၉၄)
၄း၀၀	Cartoon Series (Go!Go! Giggles)
၄း၃၅	Happy Time Happy Lesson
၅း၀၀	ရန်ကုန်မြင်ကွင်းကျယ် (ဆန်းသစ်သောစီးပွားရေးမြှင့်တင်မှုအုပ်စုအများပိုင် ကုမ္ပဏီလီမိတက် AIG Public Co.,Ltd. ရုံးသစ်ဖွင့်ပွဲ)
၅း၁၀	Minute to Win It
၆း၀၀	MRTV-4 သတင်း
၆း၁၅	Health Fix
၆း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ မင်းမရှိလို့မဖြစ် (အပိုင်း-၉၅)

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၇)နှစ်ပတ်လည် ဆရာကန်တော့ပွဲနှင့် မိတ်ဆုံညစာစားပွဲ

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၇၇)၏ သင်တန်းဆင်းနှစ်ပတ်လည် ဆရာကန်တော့ပွဲနှင့် မိတ်ဆုံညစာစားပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် သူငယ်ချင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ရက်စွဲ - ၂၃-၆-၂၀၁၃ ရက် (တနင်္ဂနွေနေ့)

အချိန် - ၁၈း၀၀ နာရီမှ ၂၁း၀၀ နာရီအထိ

နေရာ - Panda Restaurant
အမှတ်(၂၀၅)၊ ဝါးတန်းလမ်းနှင့် လမ်းမတော်လမ်းထောင့်၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

ဆက်သွယ်စုံစမ်းရန် - ရဲကျော်သူ ဖုန်း-၀၉-၇၃၀၈၆၁၃၇၊ ငွေနိုင် ဖုန်း-၀၉-၅၀၀၀၉၃၅၊ ရဲသိန်း ဖုန်း-၀၉-၄၉၃၃၂၃၆၀



ရွှေဂုံတိုင်မီးပွိုင့်အနီး မြေကွက်ရောင်းရန်ရှိသည်
ကန်ထရိုက်တိုက်ဆောက်လိုပါက ဆောက်မည်။
ဆက်သွယ်ရန်ဖုန်း - ၀၉-၄၂၃၇၃၁၅၂၀၊ ၀၉-၂၀၄၅၁၉၆၊ ၀၉-၄၉၂၈၈၂၉၁

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် ၅၃၂/ဂ၊ ဦးပိုင်အမှတ် ၃၃/၁၊ အကျယ်အဝန်း ပေ(၄၅×၉၀)ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အသီးသီး(ယခုအခေါ် ခြံအမှတ်-၃၊ သစ်ဆိပ်ကုန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သည့် နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အသီးသီး) တို့အား လက်ရှိပိုင်ဆိုင်သူ ဦးကျော်စိန် ၁၄/ဒဒရ(နိုင်)၀၆၂၅၂၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးမြောက်အောင် တရားဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးကျော်စိန်ဝင်း(စဉ်-၅၁၂၂)
တရားလွှတ်တော်ရှေ့နေ
အမှတ်-၄၀၊ ငါးလွှာ၊ သာခုလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ၅ ရပ်ကွက်၊
ဟံသာရိပ်မွန်အိမ်ရာ၊ ဘုရားလမ်း၊ အိမ်အမှတ်(၄၁)နေ
ဒေါ်စိုးစိုးမြင့်၏တူသား၊ (ဦးအောင်မြင့်)-ဒေါ်မြင့်မြင့်သိန်းတို့၏သားထွေး
မောင်အောင်မျိုးဇော်
B.Sc(Computing and Information Systems, UK)
Software Engineer(Fastwire Pte Ltd.,Singapore)
နှင့်
ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၇ ရပ်ကွက်၊
ဦးလွန်းမောင်လမ်း၊ ခြံအမှတ်(၂၈)နေ
(ဦးမြသောင်း)-ကျောင်းအမကြီး သီဟသုဓမ္မသင်္ဂီ ဒေါ်တင်မြိုင်တို့၏မြေး၊
(ဦးသိန်းဦး)-ဒေါ်ခင်ချိုတို့၏တစ်ဦးတည်းသောသမီး
မမြသရဖီမြိုင်
B.Sc(Computing and Information Systems, UK), B.Sc(Physics)

တို့၏ ၁၅-၆-၂၀၁၃ ရက် (စနေနေ့)တွင် ရန်ကုန်မြို့၊ ကမ္ဘာအေးစွန်းလွန်းဂူကျောင်းတိုက်၌ ပြုလုပ်သော မင်္ဂလာဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၆-၆-၂၀၁၃ ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel(Grand Ballroom) ၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ်ထိမ်းမြား မင်္ဂလာအခမ်းအနားသို့ ကြွရောက်၍ စုလျားရစ်ပတ်လက်ထပ်ပေးပါသော ဗိုလ်မှူးသိန်းအောင်နှင့် ဒေါက်တာသိမ့်အောင်သူ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကို ဆင်မြန်းချီးမြှင့်ပေးပါသော ဦးမောင်မောင်လွင်နှင့် ဒေါ်နှင်းနှင်းဆွေ၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ဦးသန်းအောင်နှင့် ဒေါ်သီတာဟန်၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သောဆွေမျိုး မိတ်ဆွေသင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ဘိသေကအကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်ပေးပါသော ဦးရန်ပိုင်စိုး၊ အောင်မင်္ဂလာ အောင်သီချင်း သီဆိုပေးပါသော တေးသံရှင်ဒေါ်ရီရီသန့်နှင့် ရန်ပိုင်စိုးတေးဂီတအဖွဲ့အားလည်းကောင်း၊ ဘိသိက်မင်္ဂလာအခမ်းအနားနှင့် ပန်းအလှဆင်ပေးပါသော ကိုမျိုးချစ်(ရွှေနန်းမြင့်)၊ မိတ်ကပ်နှင့်ဆံပင်အလှပြင် အာကာ(ရွှေနန်းမြင့်)၊ ဝတ်စုံနှင့်ရတနာဆင်မြန်းပေးပါသော ရွှေနန်းမြင့်အားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယို ကိုရဲတင့်(နဝရတ်)နှင့် အဖွဲ့သားများအားလည်းကောင်း၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားတစ်ခုလုံး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ဆွေမျိုး၊ မိတ်ဆွေသင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်မျိုးဇော်-မမြသရဖီမြိုင်

၃၅သိန်းကျော်တန်ဖိုးရှိ လက်ဝတ်ရတနာပစ္စည်းခိုးသူနှစ်ဦး ဖမ်းမိ

မော်လမြိုင် ဇွန် ၁၆

မွန်ပြည်နယ် မော်လမြိုင်မြို့ မရမ်းကုန်းရပ် အထက်လမ်းမကြီးနေ ဆရာမတစ်ဦး၏နေအိမ်ဗီရိုအတွင်းမှ လက်ဝတ်ရတနာပစ္စည်းနှင့် နာရီ တစ်လုံးအပါအဝင် တန်ဖိုး ၃၅သိန်း ၇သောင်းကျော်ဖိုး ခိုးယူတိမ်းရှောင်သွားခဲ့သူ နှစ်ဦးအား မော်လမြိုင်မြို့မရဲတပ်ဖွဲ့စခန်း နယ်ထိန်းတာဝန်ခံ ဒုတိယရဲအုပ် ခင်မောင်ဇော်၊ တပ်ကြပ် ရန်နိုင်စိုး၊ နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ ကရင်ပြည်နယ် မြဝတီရဲတပ်ဖွဲ့စခန်း နယ်ထိန်း ဒုတိယရဲအုပ် စန်းဝင်းနှင့် တပ်ဖွဲ့ဝင်များက ဇွန် ၆ ရက်က သက်သေခံလက်ဝတ်ရတနာပစ္စည်းများနှင့်အတူ မြဝတီမြို့တွင် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးခံရသူတရားခံနှစ်ဦးသည် မော်လမြိုင်မြို့ စစ်ကဲကုန်းရပ် နေ ဝေလင်းထွန်း (၂၇နှစ်) နှင့် ထားဝယ်တံတားနေ သန့်ဇင်ကို (၂၁နှစ်) တို့ ဖြစ်သည်။ **(အပေါ်ယာပုံ)**

ဖမ်းဆီးခံရသူ နှစ်ဦးသည် ဆရာမဒေါ်နီနီလွင်၏နေအိမ်တွင် မေ ၁၅ ရက် နံနက်၃ နာရီက နေအိမ်အတွင်း ဝင်ရောက်ပြီး ဗီရိုအတွင်းမှ လက်ဝတ်ရတနာများဖြစ်သော မီးလင်းလက်ကောက် နှစ်ကွင်း၊ ရွှေဆွဲကြိုးတစ်ကုံး၊ ကျောက်ဖြူ ၁၀လုံးခန့်ပါ ကျောက်စိမ်းလော့ကက်၊ စိန်လက်စွပ်သုံးကွင်း၊စိန်နားကပ်တစ်ရန်၊ကျောက်ဖြူလည်ဆွဲတစ်ကုံး၊ ကျောက်ဖြူလက်ကောက် နှစ်ကွင်း၊ မိုးကုတ်ကျောက်ရောင်စုံပါ လည်ဆွဲ တစ်ကုံး၊ မိုးကုတ်ကျောက်ရောင်စုံပါ လက်ကောက်တစ်ကွင်းနှင့် RADO တံဆိပ်ပါ မိန်းမပတ်နာရီ တစ်လုံးနှင့် အခြားလက်ဝတ်ရတနာများ ခိုးယူ တိမ်းရှောင်သွားခဲ့ရာမှ ရဲတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းမှုကြောင့် ပြန်လည် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ကျော်သန်း(မော်လမြိုင်)

မော်လမြိုင်နှင့်ဝန်းကျင်သတင်း

မွန်ပြည်နယ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး တင်ပြခြင်းအခမ်းအနား ကျင်းပ

မော်လမြိုင် ဇွန် ၁၆

မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ မွန်ပြည်နယ် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး တင်ပြခြင်းအခမ်းအနားကို ဇွန် ၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။ အခမ်းအနားသို့ မွန်ပြည်နယ် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာလှဦး၊ ကျန်းမာရေး ဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန့်ညွှန့်၊ ညွှန်ကြားရေးမှူး ဒေါက်တာသာထွန်းကျော်၊ မွန်ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူးနှင့် ပြည်နယ်အထူးကုဆရာဝန်ကြီး များ၊ မွန်ပြည်နယ် ၁၀ မြို့နယ်မှ မြို့နယ်ကျန်းမာရေးဦးစီးမှူးများ၊ လက်ထောက်ဆရာဝန်များနှင့်ကျန်းမာရေးဝန်ထမ်းများစုစုပေါင်း ၆၀ခန့် တက်ရောက်ကြသည်။

မွန်ပြည်နယ် အမှတ်(၉) ယာဉ်ထိန်းဒုတပ်ဖွဲ့ခွဲမှ ရဲမှူးညွှန့်ဝေ၊ ဒုတိယရဲမှူးဝင်းကျော်ရီတို့ ဦးဆောင်သော ယာဉ်ထိန်း တပ်ဖွဲ့ဝင်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း တိကျစွာလိုက်နာဆောင်ရွက်စေရေးနှင့်ယာဉ်စည်းကမ်း ချိုးဖောက်မှုများလျော့နည်းစေရေးအတွက် ဇွန် ၇ ရက်က မော်လမြိုင် မြို့ဝင်/ မြို့ထွက် ခရီးသည်တင် မော်တော်ယာဉ်များ၊ အငှားလိုက် မော်တော်ဆိုင်ကယ်များ၊ ယာဉ်မောင်းလိုင်စင်မရှိသူများကို ပိတ်ဆို့ စစ်ဆေးနေစဉ်။

ကျော်သန်း(မော်လမြိုင်)

အခမ်းအနားတွင် ညွှန်ကြားရေးမှူး ဒေါက်တာသာထွန်းကျော်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနည်းလမ်းများကို လည်းကောင်း၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးက ၂၀၁၃ ခုနှစ် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု အခြေအနေနှင့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။ တက်ရောက်လာသူများက သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက်တွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ပြုလုပ်နေသည့် ပိုးလောက်လမ်းနှိမ်နင်းရေးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

စာအုပ်စာပေ လှူမိတ်ဆွေ

ဒုတိယခရိုင် တရားသူကြီးနှင့်အဖွဲ့ တရားရုံးများကို စစ်ဆေး

မော်လမြိုင် ဇွန် ၁၆

မွန်ပြည်နယ် မော်လမြိုင်ခရိုင်မှ ဒုတိယခရိုင်တရားသူကြီး ဒေါ်ယဉ်ယဉ်သိန်းသည် မွန်ပြည်နယ် ရေးမြို့နယ် တရားရုံးများသို့ ဇွန် ၂ရက်နှင့် ၃ရက်များတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကောင်းမွန် သန့်ရှင်းသော တရားစီရင်ရေး ဖြစ်ထွန်းပေါ်ပေါက်အောင်မြင်လာစေရေး ဝိုင်းဝန်းကြိုးပမ်း ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြရေးပြောကြားသည်။ ဒုတိယ ခရိုင်တရားသူကြီးသည် သံဖြူဇရပ်မြို့နယ်တရားရုံးတွင် မေ ၁၁ ရက်က တရားရုံးများကို စစ်ဆေးခဲ့ကြောင်း သိရသည်။

(၁၀၇)

စက်မှုဝန်ကြီးဌာန
အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်း၊ ကြီးကြပ်မှုအောက်ရှိ စက်ရုံများတွင် လိုအပ်သော အောက်ပါကုန်ကြမ်းများအား **မြန်မာကျပ်ငွေဖြင့်** ဝယ်ယူလိုပါသည်-

စဉ်	ကုန်ကြမ်းအမျိုးအမည်	အရေအတွက်
(က)	Gypsum	၂၉၁၀၀ တန် ဘိလပ်မြေ (သရက်၊ ကြံခင်း၊ ကျောက်ဆည်)
(ခ)	Chrome Ore	၁၅၀တန် အဆင့်မြင့် မီးခံအုတ် (ကျောက်ဆည်)

၂။ တင်ဒါပိတ်ရက်မှာ ၁၈-၇-၂၀၁၃ရက် မွန်းလွဲ ၁၅:၀၀နာရီ၊ ကြာသပတေးနေ့ဖြစ်ပြီး ကုန်ကြမ်းနမူနာနှင့် အရည်အသွေးပါ တင်ပြနိုင်ရမည်။ တင်ဒါပုံစံများကို အသေးစိတ်သိလိုပါက ပစ္စည်းစီမံရေးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၄၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၆၀၊ ၀၆၇-၄၀၈၂၀၈တို့သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား ဂိုဒေါင်အရောက် တန်ဖိုး DDP(ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
	Tender No. 03/HPGE/2013-2014	
(က)	Floor Standing Type 3 HP Air Conditioner	(44)Sets
(ခ)	Split Type Air Conditioner (2HP)	(18)Nos
	Tender No. 04/HPGE/2013-2014	
(က)	ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများအတွက် Bearing များ	(5)Sets
	Tender No. 05/HPGE/2013-2014	
(က)	သဖန်းဆိပ်စက်ရုံနှင့် တီကျစ်စက်ရုံအတွက် Control Card များ	(15)Nos
	Tender No. 06/HPGE/2013-2014	
(က)	11kV Vacuum Circuit Breakers (without Pannel)	(7)Nos
	Tender No. 07/HPGE/2013-2014	
(က)	တီကျစ်စက်ရုံအတွက် High Pressure heater	(1)Set
	Tender No. 08/HPGE/2013-2014	
(က)	ရုံးချုပ်အတွက် Electrical Testing Equipments များ	(12)Sets
	Tender No. 09/HPGE/2013-2014	
(က)	ဓာတ်အားပေးစက်ရုံများအတွက် စက်ဆီ၊ချောဆီများဝယ်ယူခြင်း	(900)Drums

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် ဇူလိုင် ၂၃ရက် မွန်းတည့် ၁၂နာရီဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ် ၃၈၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈နှင့် ၄၁၁၀၇၆

မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ အင်းစိန်မှ အဆင့်အတန်းမီ ဓာတ်ငွေ့ဂဟေဆက်နည်း၊ ဖြတ်နည်းနှင့် လျှပ်ပန်းဂဟေဆက်နည်း အခြေခံသင်တန်းများ ဖွင့်လှစ်ပို့ချပေးနေပြီ

- သင်တန်းအမှတ်စဉ် (၂၀၄)
- ၈-၇-၂၀၁၃ရက် စတင်ဖွင့်လှစ်မည်။
- ပတ်စ်ပို့ဓာတ်ပုံ သုံးပုံယူခဲ့ရမည်။
- ထိရောက်စွာသင်ကြားနိုင်ရန် သင်တန်းသားဦးရေကန့်သတ်ထားပါသည်။
- **အမြန်ဆက်သွယ်ပါ။**

ဖုန်း-၆၄၂၄၄၉၊ ၆၄၀၂၇၂၊ ၆၄၀၀၀၇၊ ၀၉-၃၁၁၃၂၄၇၄

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်းအထူးအဖွဲ့(၅)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့်လမ်းခင်းပစ္စည်းများကို လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

စဉ်	ကျောက်အမျိုးအစား	အရေအတွက်
၁။	ခွဲကျောက်မျိုးစုံ	၆၆၁၁ ကျင်း
၂။	ကျောက်ရောမြေ	၁၄၅၈ ကျင်း

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၇-၆-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၁-၇-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆:၃၀ နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို နေပြည်တော်ကောင်စီနယ်မြေ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၅)ရုံး၊ ပျဉ်းမနားမြို့တွင် ၁၇-၆-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၆၇-၂၁၁၀၂၊ ၀၉-၄၂၀၇၁၂၀၃၆

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

Chip Card Public Payphone System

(က)	Fixed Line	350 Nos
(ခ)	Pay Phone(Mobile)	50 Nos

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၅-၇-၂၀၁၃ရက် ၁၃:၀၀နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၈၀၂၃၁/၀၁-၃၈၄၇၂၂

သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ မိုးညှင်းစခန်းရုံး ခြံစည်းရိုးအုတ်တံတိုင်းကာရံခြင်း (၁၆၀၈ပေ×၄.၅ လက်မ×၆ ပေ)

၂။ လုပ်ငန်းသုံးနှင့် ရုံးသုံးစက်ပစ္စည်းကိရိယာများ၊ စာရေးကိရိယာများဝယ်ယူခြင်း

(က)	သုတေသနလုပ်ငန်းသုံးပစ္စည်း	(၄) မျိုး
(ခ)	လုံခြုံရေးနှင့် လုပ်ငန်းသုံးပစ္စည်းများ	(၉) မျိုး
(ဂ)	ရုံးသုံးစက်ပစ္စည်း	(၁၂) မျိုး
(ဃ)	ပရိဘောဂ	(၆) မျိုး
(င)	ရုံးသုံးစာရေးကိရိယာ၊ Printer နှင့် Copier ဆေးဘူး	

၃။ **တင်ဒါပိတ်မည့်ရက်** - ၈-၇-၂၀၁၃ ရက် မွန်းတည့် ၁၂:၀၀ နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်** - ၉-၇-၂၀၁၃ ရက် နံနက် ၁၀:၀၀ နာရီ

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကျောက်မျက်ပြတိုက် (နေပြည်တော်)၊ စီမံဌာန ဖုန်း-၀၆၇-၄၁၄၈၁၈ တွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ဈေးပိုင်းရပ်ကွက်၊ အောင်ချမ်းသာလမ်းရှိမြေကွက်အမှတ် (၁၅)၊ ဧရိယာ (ဧ.၀၈) ကေ ဦးချွန်အမည်ပေါက် ပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါ မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်မာသောအထောက်အထားမှုရင်းများဖြင့်ကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးဆုံးတိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အေးအေးသက် (LL.B, D.B.L, D.M.L, D.I.R) Dip in English)
(အထက်တန်းရှေ့နေ)
အမှတ် (၁၆)၊ မြေညီထပ်၊ ရွှေလောင်းလမ်း၊ စမ်းချောင်းမြို့နယ်။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (ယာ/အို) ဌာနပိုင် တိုက်ခန်းဖြစ်သော ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပယ်လမ်း၊ အမှတ် (A) အခန်း (၁/D) အခန်း၊ မြေညီထပ်၊ အလျား ၁၃′ × အနံ ၅၀′ အကျယ်ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးအား တိုက်ခန်းနေထိုင်ပိုင်ဆိုင်သူ အမည်စာရင်း၌ အမည်ပေါက်ပိုင်ဆိုင်သူ ဦးမင်းလွင် (၁၂/မဂတ (နိုင်) ၀၈၀၈၃၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်း မူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။

အကယ်၍ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ် အေးအေးမြင့် (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၅၈)
အမှတ် - ၅၀၊ ပထမထပ်၊ အခန်းအမှတ် (A-1)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၀၆၄၆၆၇

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဆောက်လုပ်ခွင့်လိုင်စင်မရှိသော အာရ်စီ အဆောက်အအုံများဆောက်နေ

ရန်ကုန် ဇွန် ၁၆

၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ လှိုင်သာယာမြို့နယ်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဆောက်လုပ်ခွင့်လိုင်စင်မရှိဘဲ ပလပ်မြေနှင့် ရပ်ကွက်၊ ကျေးရွာအတွင်း၌ အခိုင်အမာ အဆောက်အအုံများကို မြန်ဆန်စွာဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

"လှိုင်သာယာမှာ ဆောက်လုပ်ခွင့်လိုင်စင်ပါမစ်ကျပြီးဆောက်ကြတာနည်းတယ်။ နားလည်မှုနဲ့ဆောက်တာများတယ်။ လက်ညှိုးထိုးပြလို့ရတဲ့ အဆောက်အအုံတွေ အများကြီးပဲ။ နိုင်ငံတော်အတွက် နစ်နာတယ်ဗျာ။ နားလည်မှုနဲ့ဆောက်ပြီး နှစ်ထပ်၊ သုံးထပ်ဆောက်ပြီးတာနဲ့အဆောင်၊ အခန်းငှားစားနေတာတွေ ကျွန်တော်တို့လမ်းထဲမှာတောင်ရှိတယ်။ အဆိုးဆုံးက စည်ပင်မြေ၊ ပလပ်မြေ၊ နိုင်ငံပိုင်မြေတွေမှာကိုယ်ကျိုးအတွက်အာရ်စီအဆောက်အအုံတွေဆောက်တဲ့ကိစ္စပါ။ တစ်ဦးလုပ်လို့ရတော့ ကျန်တဲ့သူတွေ လိုက်လုပ်ကြတာ၊ ကြာရင်နိုင်ငံတော်နဲ့ပြည်သူ အထင်အမြင်လွဲမှားစရာတွေ ဖန်တီးသလိုဖြစ်နေတယ်"ဟု ပညာရေးဝန်ထမ်းတစ်ဦးက ၎င်းတွေ့မြင်နေရသော အခြေအနေအကို ရှင်းပြသည်။

ဇွန်လပထမပတ်မှစ၍ အမှတ် ၇ရပ်ကွက်အမှတ် ၂၂မူလွန်ကျောင်းနံဘေးရှိ အောင်စကြာလမ်းထိပ်၌ အာရ်စီအဆောက်အအုံကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ခွင့်ပြုချက်မရရှိဘဲ ဆောက်လုပ်လျက်ရှိပြီး အမှတ်၂၂ မူလွန်ကျောင်းနံဘေးရှိ ဥယျာဉ်လမ်းမကြီးနှင့် တေးဥယျာဉ် ၄ လမ်းထိပ် ပလပ်မြေရှိ မြောင်းကို မြေဖို့၍ သံပေါင်ကပ်ပြီး အုတ်ပတ်ကားတက်ကာ အာရ်စီ အဆောက်အအုံ ဆောက်လုပ်နေကြောင်း သိရသည်။

(၁၆၄)

လယ်ဝေးမြို့နယ်တွင် ၃၃/၁၁ KV ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီး၍ ဓာတ်အားစတင်ဖြန့်ဖြူး

လယ်ဝေး ဇွန် ၁၆

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်တွင် ၃၃ KV ဓာတ်အားလိုင်း ၅ ဒသမ ၅၅၆ မိုင် တည်ဆောက်ခြင်းနှင့် လယ်ဝေး ၃၃/ ၁၁ KV၊ ၅ MVA ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီး၍ ဇွန် ၁၃ ရက်က စတင်ကာ မြို့နယ်အတွင်းသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေပြီဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

"ကျွန်တော်တို့လယ်ဝေးမြို့နယ်မှာ အရင်က ဒက္ခိဏသီရိမြို့ ၃၃/၁၁ KV ဓာတ်အားခွဲစက်ရုံမှ ၁၁ KV ဓာတ်အားလိုင်းနဲ့ ဓာတ်အားရယူသုံးစွဲရပါတယ်။ အခုတော့ လယ်ဝေး၃၃/၁၁ KVဓာတ်အားခွဲရုံကနေ ၁၁ KV ဓာတ်အားလိုင်းလေးလိုင်းခွဲပြီ ဓာတ်အားဖြန့်ဖြူးမှာ ဖြစ်တဲ့အတွက် ဓာတ်အား ထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်ရပါတယ်။ လိုင်းရဲ့ အပြစ်ကြောင့် ဓာတ်အားပြတ်တောက်ရင် သက်ဆိုင်ရာ ဓာတ်အားလိုင်းသာ ဓာတ်အား ပြတ်တောက်မှာဖြစ်ပြီး ကျန်ဓာတ်အားလိုင်းတွေ ပြတ်တောက်မှာ မဟုတ်ပါဘူး။ ဒါ့ကြောင့် ဓာတ်အားဖြန့်ဖြူးရေးစနစ် ပိုမိုကောင်းမွန်လာမှာဖြစ်ပါတယ်"ဟု လယ်ဝေးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းလွင်မြင့်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

ကိုကိုရှုပ(နေပြည်တော်)

ကိုယ့်အားကိုယ်ကိုးမီးသဂြိုဟ်စက် ကြံခင်းမြို့၌ တည်ဆောက်မည်

ကြံခင်း ဇွန် ၁၆

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနတို့၏ ညှိနှိုင်းပေါင်းစပ်မှု၊ စေတနာရှင်ပြည်သူများ၏ သဒ္ဓါတရားထက်သန်မှုတို့ကြောင့် ကိုယ့်အားကိုယ်ကိုး မီးသဂြိုဟ်စက်တစ်လုံးကို စတင်အကောင်အထည်ဖော် တည်ဆောက်တော့မည်ဖြစ်ကြောင်း မီးသဂြိုဟ်စက်ဖြစ်မြောက်ရေးကော်မတီအဖွဲ့ခေါင်းဆောင် ဦးစိုးမြင့်ထံမှ သိရသည်။

အဆိုပါ မီးသဂြိုဟ်စက်ကို ဂျပန်နည်းပညာဖြင့် တည်ဆောက်မည်ဖြစ်ပြီး စေတနာရှင်ပြည်သူများက ငွေကျပ်သိန်း၂၅၀ အကုန်အကျခံကာ တည်ဆောက်မည်ဖြစ်သည်။ မီးသဂြိုဟ်စက်မှာ အာရ်စီတစ်ထပ်အမျိုးအစားဖြစ်ပြီး ခေါင်းတိုင်၏အမြင့်မှာ ပေ၉၀ ရှိမည် ဖြစ်သည်။

"ဒီမီးသဂြိုဟ်စက်ကို တည်ဆောက်ဖို့ ရည်ရွယ်တာကတော့ ကိုယ့်မြို့ကိုယ့်ဒေသမှာ ရှေးယခင်ကတည်းက သမားရိုးကျ မြေမြှုပ်သဂြိုဟ်တာကနေ အကုန်အကျသက်သာပြီး အဆင့်မြင့်တဲ့ မီးသဂြိုဟ်စက်တစ်လုံးကို မူလသုသာန်အနီးမှာ မြေထပ်ဝယ်ပြီးတော့ တည်ဆောက်မှာဖြစ်ပါတယ်။ အကျယ်အဝန်းမြေဧကကတော့ ဝ ဒသမ ၇၈ ဧက ကျယ်ဝန်းပါတယ်။ အဲဒီကုန်ကျငွေတွေကိုတော့ အသင်းစတင်တည်ထောင်တဲ့ ရန်ပုံငွေတွေနဲ့ ဝယ်ယူအသုံးပြုတာပါ။ ဒီနှစ်ဩဂုတ်လအတွင်းမှာ မီးသဂြိုဟ်စက်ကို စတင်အကောင်အထည်ဖော်ပြီး အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ၎င်းမီးသဂြိုဟ်စက်ကို တည်ဆောက်ထိန်းသိမ်းရေးကော်မတီက စည်းကမ်းနှင့်အညီ ကိုင်တွယ်အသုံးပြုမည်ဖြစ်ပြီး ဆင်းရဲချို့တဲ့သည့်မိသားစုနာရေး ဖြစ်ပေါ်လျှင်လည်းလူနာတင်ယာဉ်မှအစ အခမဲ့ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ မီးသဂြိုဟ်စက်တည်ဆောက်ရန်အတွက် စေတနာရှင်ပြည်သူများ ပါဝင်လှူဒါန်းလိုပါက ဦးစိန်ငွေး(ရန်ကုန်) ဖုန်း-၀၉-၅၁၃၂၁၅၈၊ ၀၁-၆၅၇၂၃၇နှင့် ဦးစိုးမြင့်(ကြံခင်း) ဖုန်း-၀၉-၅၅၀၀၄၁၀၉၊ ၀၉-၈၅၅၇၁၂၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မောင်မောင်စိန်လွင်(မြန်မာ့အလင်း)

အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇွန် ၁၆

သမဝါယမဝန်ကြီးဌာနနှင့် Korea International Co-operation Agency (KOICA) တို့ ပူးပေါင်း၍ Maynmar Saemaul Undong Development Workshop ကို ရန်ကုန်တိုင်းဒေသကြီး သမဝါယမတက္ကသိုလ်(သန်လျင်)၌ ဇွန် ၃ ရက်မှ ၁၄ ရက်အထိ ကျင်းပရာ သမဝါယမဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ သမဝါယမတက္ကသိုလ်၊ ကောလိပ်များမှ အရာထမ်း၊ အမှုထမ်း ၁၂ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန
တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
စာရေးကိရိယာများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများရှိ ကျောင်းသား ကျောင်းသူများအသုံးပြုရန် စာရေးကိရိယာများဝယ်ယူရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ကြမ်းခင်းဈေး တွက်ချက်ရေးလုပ်ငန်းကော်မတီ၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးကော်မတီများကို စနစ်တကျ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ စာရေးကိရိယာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဗလာစာအုပ် ၁၂၄၉၈.၅ ဒါဇင်

(ခ) ဘောပင် ၄၄၄၄.၅ ဒါဇင်

(ဂ) ခဲတံ ၉၀၄.၇၅ ဒါဇင်

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၁-၆-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး ၁၇-၇-၂၀၁၃ရက် ၀၉:၀၀နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်လိပ်စာမှာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၄၂)၊ နေပြည်တော် ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၉၄၁၇၊ ၀၆၇-၄၀၉၂၃၅၊ ၀၆၇-၄၀၉၂၂၄များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ လေလံတင်ရောင်းချရန် ကြော်ငြာခြင်း

၁။ မြန်မာ့မီးရထားမှ ပြန်လည်အသုံးပြု၍မရတော့သည့် အောက်ပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချပါမည်-

တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁/၂၀၁၃-၂၀၁၄/မမ	ချောဆီပျက်(၁၅၄၃၇)ဂါလန်	(1) Lot

တင်ဒါပိတ်ရက်/အချိန် - ၂၈.၆.၂၀၁၃(သောကြာနေ့) (၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၁၇.၆.၂၀၁၃)ရက်နေ့မှစ၍ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အထွေထွေမန်နေဂျာ၊ အထက်မြန်မာပြည်/မန္တလေး
မန္တလေးဘူတာကြီး၊ တတိယထပ်၊ အထက်မြန်မာပြည်အုပ်ချုပ်ရေးဌာန
ဖုန်း-၀၂ ၃၅၈၂၉

သတ္တုတွင်းဝန်ကြီးဌာန
သတ္တုတွင်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သတ္တုတွင်းဦးစီးဌာနမှ အောက်ပါပစ္စည်း (၁၁)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Personal Computer (4) Nos

(ခ) Lap Top Computer (1) No

(ဂ) UPS (Power Tree) (650W) (2) Nos

(ဃ) Laser Jet Printer (A4)(LBP-2900) (1) No

(င) Colour Printer (A 4) (Epson)(R-230) (1) No

(စ) Digital Multifunctional Copier (1) No

(ဆ) Fax Machine (Panasonic) (2) Nos

(ဇ) Network Cable (Krone) (2) Coils

(ဈ) Network Connector (RJ 45) (50) Nos

(ည) Females Jet, Face Plug & Wall Plug (18) Sets

(ဋ) 8 Port Switch (4) Nos

တင်ဒါပိတ်ရက်နှင့်အချိန် - ၁၁-၇-၂၀၁၃ ရက် ၁၅:၀၀ နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနများတွင် သတင်းစာပါ ကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဓာတ်သတ္တုထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ/ငွေစာရင်းဌာန
သတ္တုတွင်းဦးစီးဌာန
ရုံးအမှတ် (၁၉)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၉၃၇၂၊ ၀၆၇-၄၀၉၃၇၇

အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Copier နှင့် Laser Facsimile

(ခ) Computer အပါအဝင်ပစ္စည်း(၁၀)မျိုး

(ဂ) Power Transformer Muffle Furnace နှင့် Metal Cutter (ရွှေဖြတ်ကတ်ကြေး)

(ဃ) Plastic Binding Machine အပါအဝင် ရုံးသုံးစက်ပစ္စည်း(၄)မျိုး

(င) ရုံးသုံးပရိဘောဂပစ္စည်း(၈)မျိုး

(စ) Battery & Tyre (12)items

(ဆ) စက်ဆီချောဆီ(၄)မျိုး

(ဇ) Copier, Printer, Fax Spare နှင့် Computer ဆက်စပ်ပစ္စည်းများ

(ဈ) စက္ကူနှင့်စာရေးကိရိယာ(၅၂)မျိုး

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၁၀-၆-၂၀၁၃ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၈-၇-၂၀၁၃ရက် အမှတ်စဉ်(က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)
- ၁၅-၇-၂၀၁၃ရက် အမှတ်စဉ်(စ)၊(ဆ)၊(ဇ)၊(ဈ)

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်သည်။

ဝယ်ယူရောင်းချရေးဌာနခွဲ
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန
နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၃၉၁

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ အဆင့်မြင့်အိမ်ရာစီမံကိန်းဆောင်ရွက်ရာတွင်ပါဝင်ပြီး ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၈/သံဒင်း)၊ မြေကွက်အမှတ် (၈၆၅/က) မြေကွက်တွင် ချထားခြင်းခံရသူ အမည်ပေါက် ဦးလှတိုး ၁၄/ကပန(နိုင်)၀၀၆၃၈၃ ထံမှ ဝယ်ယူထားသူ ဦးအုန်းမြင့် ၁၂/ကမရ(နိုင်)၀၄၅၄၂၂ က မြေချပါမစ်မူရင်းထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မှုမရှိပါက မြေချပါမစ်မူရင်းထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်

ယောနယ်အသင်း(ရန်ကုန်)
ဝါဆိုမြတ်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ဖိတ်ကြားလွှာ

ဩဝါဒါစရိယတိပိဋက(ယော)ဆရာတော်အမှူးပြုသော မထေရ်ကြီး ယောသံဃာတော် အရှင်မြတ်များအား (၂၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲနှင့် စုပေါင်းဘုံဆွမ်းဟင်းလျာများဖြင့် ဆွမ်းကပ်လှူဒါန်းကြမည်ဖြစ်ပါ၍ ၁၃၇၅ခုနှစ်၊ နယုန်လပြည့်ကျော် (၇)ရက်၊ (၃၀-၆-၂၀၁၃) တနင်္ဂနွေနေ့၊ နံနက် (၉) နာရီအချိန်တွင် ရန်ကုန်မြို့၊ **မရမ်းကုန်းမြို့နယ်၊ စွယ်တော်မြတ်စေတီတော် သတ္တာဒေဝမနုဿာနံ ယောနယ်အသင်းဓမ္မာရုံသို့** အသင်းဝင်များ၊ (ကလေး၊ ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ကျောက်ထု)များမှ ယောသူ/သားများ ကြွရောက် လှူဒါန်းပူဇော်နိုင်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

သားအဖြစ် အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်ထွန်းထွန်းဦး ၅/ခဥတ(နိုင်)၀၄၈၇၀၀ သည် မိခင်အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဒေါ်နှင်းရှိန်
၅/ခဥတ(နိုင်)၀၃၆၄၅၈

မွေးသက္ကရာဇ်အမှန်

ဦးဝင်းမောင်၏သမီး ပုဏ္ဏားကျွန်း အထက-ခွဲ၊ အလယ်စုရပ်ကွက်၊ သတ္တမတန်း(A)မှ မဦးဆန်းယဉ်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃၆၃ခုနှစ် ဖြစ်ပါကြောင်း။

မဦးဆန်းယဉ်

မွေးသက္ကရာဇ်အမှန်

ဦးစိန်အောင်ကျော်၏သား ပုဏ္ဏားကျွန်း အထက-ခွဲ၊ အလယ်စုရပ်ကွက်၊ သတ္တမတန်း(A)မှ မောင်အောင်စိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃၆၃ခုနှစ် ဖြစ်ပါကြောင်း။

မောင်အောင်စိုး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ဃ/၆၄၂၈၂ Yinxiang 125 ယာဉ်လက်ဝယ်ရှိသူ ဦးငြိမ်းမင်းထွန်း ၉/သစန(နိုင်) ၁၆၇၈၄၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ မတ္တီလာမြို့

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏သား မောင်ပြည့်ဖြိုးကျော် ၁၄/ဒဒရ(နိုင်)၁၄၂၂၈၁သည် မိဘများကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်သည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအားလုံးတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)
ဦးအုန်းသွင်

အတွေး၊ အရေး

ရေအိုင်ငယ်လေး တစ်ခုအကြောင်း

ဒီလမ်းလေးပေါ်မှာ ရှိနေတဲ့ ဒီရေအိုင်လေးအကြောင်းကိုသတင်းစာမျက်နှာတွေပေါ်မှာ မကြာခဏ တွေ့ရ၊ ဖတ်ရဖူးတယ်။ အဲဒီလို ဖတ်ဖူးတဲ့အခါတိုင်း သတိထားမိတာတစ်ခုက သက်ဆိုင်ရာတာဝန်ရှိသူတွေ အပူတပြင်းရောက်လာ၊ လမ်းအလယ်ရောက်အောင် အိုင်ထွန်းနေတဲ့ရေတွေကို ဖောက်ချ၊ လမ်းဘေး ပလက်ဖောင်းတွေမှာ ကပ်နေတဲ့ရေညှိတွေကိုခွာ၊ ဆေးအသစ်တွေပြန်သုတ်ကြနဲ့ တက်သုတ်ရိုက်ပြီး အားကြိုးမာန်တက် လုပ်ဆောင်နေကြတာတွေလည်း ခဏခဏမြင်ခဲ့ဖူးတယ်။ ခက်တာက တာဝန်ရှိသူတွေလာပြီး ကောင်းမွန်သွားအောင် ဆောင်ရွက်သွားတာက ဆောင်ရွက်သွားတာပဲ။ နောက်မကြာခင် ဒုံရင်းက ဒုံရင်းအတိုင်း ရေတွေက လမ်းပေါ်ပြန်ဝပ်တယ်။ ရေဝပ်ပြီးနောက်တော့ အပင်လေးတွေကပါ စိမ်းစိမ်းစိုစိုနဲ့ ပေါက်လာကြတယ်။ လေးလမ်းသွားလမ်းမကြီးတစ်ခုလုံးမှာ မော်တော်ကားတွေ၊ ဆိုင်ကယ်တွေနဲ့ စက်ဘီးလေးတွေ သွားစရာနေရာက ကျဉ်းသွားတယ်။ လမ်းတစ်ဖက်ခြမ်းတည်းကိုပဲ ပူးကပ်ပြီး ဘေးချင်းယှဉ်မောင်းကြရပြန်တယ်။ အန္တရာယ်တော့ အများသား။ ပိုဆိုးတာက မျက်ကွယ်ကွေ့တစ်ကွေ့ကလည်း ရှိနေသေးရဲ့။ မိန်းလမ်းမကြီးအတိုင်း မောင်းလာတဲ့ ယာဉ်တွေက မျက်ကွယ်ကွေ့မှန်းမသိ ရမ်းသန်းကွေ့ကြတယ်။ တစ်ဖက် လမ်းသွယ်ထဲက ထွက်လာတဲ့ ယာဉ်တွေမှာလည်း မျက်ကွယ်ကွေ့မို့ လည်တမော့မော့နဲ့ မောင်းနှင်ကြရတယ်။ အပင်တွေက အတော်လေး ထူထပ်နေတာလည်း အမှန်။ အခုအချိန်အထိတော့ ဘာမျှမဖြစ်သေးလို့ တော်သေးရဲ့။ ဖြစ်သွားရင်တော့ အတော်ကြီးကို ဆိုးဆိုးရွားရွားဖြစ်သွားနိုင်လောက်တဲ့ နေရာတစ်ခုဆိုတာ လူတိုင်းသိနေတယ်။ ဒါ့ကြောင့်လည်း အနီးအနားက လူတွေအားလုံး ပင်ကိုအသိစိတ်နဲ့ သတိရှိရှိ သွားလာမောင်းနှင်နေကြရတယ်။ ဒါပေမယ့် ဒီရပ်ကွက်မှာ နေနေကျမဟုတ်တဲ့ သူစိမ်းသက်သက်တွေအတွက်တော့ ဒီနေရာက တကယ့်ကို အန္တရာယ်ရှိတာ အသေအချာပဲ။ အိုင်ထွန်းနေတဲ့ ရေအိုင်အပေါ် အကြောင်းမသိဘဲ ဖြတ်မောင်းမိလို့ ဗုန်းခနဲ ပစ်လဲကျရင်းမှောက်ဖူးတဲ့ မော်တော်ဆိုင်ကယ်တွေလည်း မနည်းမနောရှိနေပြီ။ ရေအိုင်ရဲ့ အောက်ခြေမှာ အိုင်ထွန်းဖြစ်တည်နေတဲ့ ရေညှိတွေက ပြစ်ခဲပြည့်ကျပ်နေလေရဲ့။ မော်တော်ဆိုင်ကယ်မဆိုထားနဲ့ဦး ခြေလေးချောင်းပါတဲ့ ခွေးတောင် ခြေပစ်လက်ပစ် လဲကျတတ်တဲ့ အန္တရာယ်နေရာပါပဲ။

လျော့ပါးသွား

အခုဆိုရင် ရေအိုင်က ပိုပိုကြီးလာပြီး ဗေဒါဆန်ဆန် အပင်မျိုးတွေတောင် သန်သန်စွမ်းစွမ်းထိုးထိုးထောင်ထောင်ရှင်သန်ကြီးထွားနေကြလေရဲ့။ တာဝန်ရှိသူတွေနဲ့ဌာနဆိုင်ရာဝန်ထမ်းတွေလာပြီး ဆောင်ရွက်ကြဦးမှာပါ။ သူတို့တစ်တွေရဲ့တာဝန်သိမှုနဲ့ တာဝန်ကျေပွန်အောင် စွမ်းဆောင်လုပ်ကိုင်ဆောင်ရွက်တတ်ကြတဲ့ လုပ်ရပ်တွေကို ရပ်ကွက်နေပြည်သူများက တလေးတစား အသိအမှတ်ပြုကြပါတယ်။ တကယ့်ကိုလည်း သူတို့ တော်ကြတာပါ။ သူတို့ လုပ်ကိုင်ဆောင်ရွက်ပြီးသွားတိုင်း အဲဒီနေရာလေးက သန့်ရှင်းတောက်ပြောင် လင်းလက်သွားတာလည်း အားလုံးအသိပါပဲ။ ရပ်ကွက်ပြည်သူတွေဖြစ်စေချင်တာကတော့ ဒီနေရာလေးကို အမြဲတမ်းသန့်ရှင်းတောက်ပြောင်စေချင်သလို ဘယ်တော့မှလည်း ရေမဝပ်စေချင်တာပါ။ ပြီးတော့ မျက်ကွယ်ကွေ့လေးမှာ တစ်ဖက်နဲ့ တစ်ဖက် လွယ်ကူရှင်းလင်းစွာ မြင်နိုင်စေဖို့ လမ်းဘေးက သစ်ပင်ချုံနွယ်လေးတွေကို ရှင်းလင်းပေးစေလိုတာပါပဲ။ နောက်တစ်ခုက ဒီနေရာရဲ့ လူသွား ပလက်ဖောင်းလေးတွေပေါ်မှာ လူတွေ လမ်းလျှောက်လို့ မကောင်းလောက်အောင် ပိတ်ဆို့ကာဆီးနေတဲ့ သစ်ပင်သစ်ကိုင်းတွေ၊ ချုံနွယ်လေးတွေကို အနည်းငယ် ရှင်းလင်းပေးစေချင်ကြတယ်။ တကယ့်ကို သွားရလာရ ခက်ခဲနေတယ်ဆိုတာကို ကိုယ်တိုင်ကိုယ်ကျလာလေ့လာကြည့်ရင် အလွယ်တကူ မြင်တွေ့သွားနိုင်မှာပါ။ ဒါဆိုရင် ရပ်ကွက်နေပြည်သူတွေရဲ့ စိတ်ကသိကအောက် ဖြစ်မှုတွေ အတော်လေး လျော့ပါးသွားမှာ အမှန်ပဲ။

ဩော်--- နေရာတောင်ပြောဖို့မေ့တော့မလို့။ အဲဒီရေအိုင်လေးက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ခနသိဒ္ဓိရပ်ကွက် တိုက်အမှတ် ၁၃၇၀ ဘေးနားက လမ်းမကြီးပေါ်မှာ ရှိတာပါ။

ကိုပေါက်(နေပြည်တော်)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

စဉ့်ကူးမြို့နယ် ယာဉ်စီးနင်းသူများ စည်းကမ်းလိုက်နာလာ

စဉ့်ကူး ဇွန် ၁၆

စဉ့်ကူးမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် စဉ့်ကူးမြို့နယ် ရဲတပ်ဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မြို့နယ်အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ထိခိုက်မှုလျော့နည်းစေရေးတို့အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်သူများအား စစ်ဆေးရေးအဖွဲ့များဖွဲ့၍စစ်ဆေးကြီးကြပ်ကွပ်ကဲမှုများကြောင့် မြို့နယ်အတွင်း ယာဉ်စည်းကမ်းချိုးဖောက်သူများနည်းပါးလာပြီး ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လေးစားလိုက်နာလာကြကြောင်းသိရသည်။ **(အပေါ်ပုံ)**

ဖမ်းဆီးအရေးယူ

စဉ့်ကူးမြို့နယ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်သူများကို စစ်ဆေးဆောင်ရွက်လျက်ရှိရာ ယနေ့အထိ မော်တော်ဆိုင်ကယ် ၂၉၄ စီး၊ အမှု ၂၄၉ မှုတို့ကို စည်ပင်သာယာရေး ဥပဒေဖြင့် ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သိရသည်။

ဝင်းမောင်

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန
အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန
နေပြည်တော်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) **လုပ်ငန်းအမည်** - အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန(တိုင်းဒေသကြီး/ပြည်နယ်ရုံး) ရုံးသစ်ဆောက်လုပ်ခြင်းလုပ်ငန်း

(၂) **ဆောင်ရွက်မည့်နေရာ** - (မန္တလေး၊ မုံရွာ၊ ထားဝယ်၊ ပဲခူး၊ မကွေး၊ ပုသိမ်၊ တောင်ကြီး)

(၃) **ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစား အတိုင်းအတာ/အရေအတွက်** - ပေ(၄၀×၄၀×၂၀)ရှိ နှစ်ထပ်RC Building (၇)လုံး

(၄) **တင်ဒါတင်သွင်းမည့်ဈေးနှုန်း** - အဆောက်အအုံတည်ဆောက်ခြင်း၊ အတွင်းအပြင် လျှပ်စစ်မီးသွယ်တန်းခြင်း၊ ရေနှင့် မိလ္လာသွယ်တန်းခြင်း၊ မိလ္လာကန်၊ ဂါလန်(၄၀၀)ဆံ့ (Overhead) ရေလှောင်ကန်(၂)ခု၊ ပတ်လည်ရေမြောင်းနှင့်ကြမ်းခင်းခြင်း၊ အမြင့် ၆ပေရှိသော အုတ်ခံကွန်ကရစ်တိုင်၊ သံဇကာပါခြံစည်းရိုးနှင့် အုတ်တိုင်ပါပေ(၆×၁၂)ရှိ သံပန်းတံခါးတပ်ဆင်ခြင်း တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လိုပါသည်။ စုစုပေါင်းကုန်ကျမည့်ငွေကို အသေးစိတ်တွက်ချက်ဖော်ပြရမည်။

(၅) **အပြီးသတ်ဆောင်ရွက်ပေးရမည့်နေ့ရက်** - ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာ ၃၁ရက်

(၆) **ငွေပေးချေရန်စနစ်** - ပထမအရစ် ၄၀ရာခိုင်နှုန်း၊ ဒုတိယအရစ် ၂၀ရာခိုင်နှုန်း၊ တတိယအရစ် ၂၀ရာခိုင်နှုန်း၊ လုပ်ငန်းအရည်အသွေးစစ်ဆေးလက်ခံပြီး ၂၀ရာခိုင်နှုန်းပေးချေမည်ဖြစ်ပါသည်။ (နိုင်ငံတော်မှ သတ်မှတ်ပြဋ္ဌာန်းထားသည့် အကောက်ခွန် (၂)ရာခိုင်နှုန်းပေးသွင်းမှုကို ကုမ္ပဏီကကျခံရမည်)

(၇) **အာမခံချက်** - သဘောတူထားသော အရည်အသွေး စံချိန်စံညွှန်းများအတိုင်း ပြုလုပ်ဆောင်ရွက်ပေးရန်နှင့် အဆောက်အအုံဆောက်လုပ်ပြီး (၂)နှစ်အတွင်း သဘာဝဘေးအန္တရာယ်များကြောင့် မဟုတ်ဘဲ ပျက်စီးမှုရှိပါက မူလအခြေအနေမျိုးဖြစ်စေရန် လုပ်ငန်းလုပ်လက်ခံသူက အခမဲ့ ပြုပြင်ပေးရမည်။

(၈) တင်ဒါအောင်မြင်သော ကုမ္ပဏီ/လုပုဂ္ဂိုလ်သည် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ ထောက်ခံချက်ရရှိပြီးသူဖြစ်ရမည့်အပြင် အဆောက်အအုံလုပ်ငန်းလုပ်ကိုင်ခွင့် ကန်ထရိုက်တာလိုင်စင်ကို ပူးတွဲတင်ပြရမည်။

(၉) လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိပါက အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့ (Sub Contract) ထပ်မံလွှဲပြောင်းခြင်းမပြုကြောင်း ကတိဝန်ခံချက်ပူးတွဲဖော်ပြရမည်။

(၁၀) အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများအား ၂၀၁၃ခုနှစ်၊ ဇူလိုင် ၁၈ရက်(ကြာသပတေးနေ့) ညနေ ၆:၃၀နာရီ နောက်ဆုံးထား၍ **အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန (နေပြည်တော်)**သို့ ပေးပို့ရန် တင်ဒါခေါ်ယူအပ်ပါသည်။

(၁၁) အသေးစိတ်သိလိုသောအချက်များကို အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၀၆၇-၄၃၀၁၈၉၊ ၄၃၀၁၄၆တို့သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်ရန် ကြော်ငြာအပ်ပါသည်။

လုပ်ငန်းတင်ဒါကြီးကြပ်ရေးအဖွဲ့

အမည်ပြောင်း

အလက(၁)၊ ရွှေပြည်သာ၊ ပဉ္စမတန်း (ဂ)မှ ဦးအောင်သိန်းထွန်း၏သား မောင်ပိုင်မင်းထက်အား မောင်ထက်မြတ်ထည်ဝါဟု ပြောင်းလဲခေါ်ပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်း မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၃)၊ လူနေရပ်ကွက်အမှတ်(ကံဘဲ့)၊ မြေကွက်အမှတ် (၃၂/င)၊ မြေကွက်လိပ်စာအမှတ်(၄၅၇)၊ အောင်ချမ်းသာလမ်း၊ (၁၃) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ အကျယ်အဝန်း (၆၅ပေ× ၁၅၀ပေ) ခန့်ရှိ မြေပိုင်မြေ အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အဆောက်အဦး အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်သူ (၁၂/ဥကတ(နိုင်) ၀၁၁၂၅၉) ၊ ဦးဇော်ဦး (၆/ပလန(နိုင်) ၀၀၁၃၁၂) ၊ ဒေါ်ညိုညိုတင့် (၁၂/ ရကန (နိုင်) ၀၄၅၇၄၅) ၊ ဦးထွန်းသိန်း (၁၂/ ရကန (နိုင်) ၀၄၈၀၁၀) ၊ ဒေါ်အယ်ထွယ်ရာ (၁၂/ ရကန (နိုင်) ၀၄၇၇၅၅) ၊ ဒေါ်နေခိုင်ကျော်သူ (၁၂/ ရကန (နိုင်) ၀၀၂၁၅၅)၊ ဒေါ်မိုးဆွေကျော်သူ (၁၂/ ရကန (နိုင်) ၀၀၂၁၅၆)၊ ဦးမျိုးတင့်ကျော်သူ (၁၂/ရကန (နိုင်) ၀၅၇၅၂၀) တို့ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး	ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, Dip.CA, WIPO	LL.B, D.B.L, D.I.L, D.M.L, WIPO
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂)	တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

Hein Htet San Law Firm

အမှတ် (၁၀၅၊၁၀၇) ၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ (ဦးချစ်မောင်အိမ်ရာရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၅၅၀၆၁၄၆ ၊ ၀၉၄၅၀၀၁၇၁၃၆

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး(ဂ) နဝရတ်လမ်းသွယ်(၃)၊ အကွက်အမှတ်(လ)၊မြေကွက်အမှတ်(၁၀၁)၊ မြေပေအကျယ် (၆၀'×၄၀')၊ (၀.၀၅၅)ဧကရှိ မြို့မြေကွက်သစ်မြေနေရာ ချထားပေးသည့် မှတ်တမ်းစာအုပ်အမှတ်(၃၂၇၄) မြေကွက်အား ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါက်တာခင်ခင်လေး ထံမှဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အားလုံးတို့အား ရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိပြီးနေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက ဆက်လက်၍ အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးနေဝင်း (LL.B)

တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၂၁)

အမှတ်(၂၂)၊ (ဘီ-၁)၊ ပထမထပ်၊ စံရိပ်ငြိမ်(၃)လမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။

ဖုန်း-၀၁-၅၀၅၀၁၂၊ ၀၉-၅၀၂၀၇၀၉

အမည်မှန်

သာပေါင်းမြို့မှ ဦးရွှေဖောတာ ၁၀/ကထန(နိုင်)၀၂၉၁၀၃၏ အမည်မှန်မှာ ဦးရွှေဘော်သာဖြစ်ပါသည်။ **ဦးရွှေဘော်သာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
ဗဟိုဝန်ထမ်းတက္ကသိုလ်
(ဖောင်ကြီး)
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	လုပ်ငန်းတည်နေရာ	လုပ်ငန်းအမည်
၁။	ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)	သင်တန်းသူ ၂၀၀ဆံ့၊ နှစ်ထပ်အိပ်ဆောင် တည်ဆောက်ခြင်း (200' × 174' × 24') RC နှစ်ထပ် တစ်လုံး
၂။	॥	အရာရှိလုံးချင်းနေအိမ်အကြီးစားမွမ်းမံခြင်း (42' × 46' × 10') နှစ်လုံး
၃။	॥	အရာရှိ နှစ်ခန်းတွဲ (ပျဉ်) အကြီးစားမွမ်းမံခြင်း (62' × 33' × 10') သုံးလုံး
၄။	॥	အခြားအဆင့် ခြောက်ခန်းတွဲ(ပျဉ်)ဝန်ထမ်းနေအိမ် အကြီးစားမွမ်းမံခြင်း (96' × 28' × 10) နှစ်လုံး
၅။	॥	Submersible Pump တပ်ဆင်ခြင်း နှစ်စုံ
၆။	॥	Centrifugal Pump တပ်ဆင်ခြင်း နှစ်စုံ
၇။	॥	လက်နှိပ်စက်ဆောင် လျှပ်စစ်ဝါယာနှင့်ပစ္စည်းများ လဲလှယ်ခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၇-၆-၂၀၁၃ ရက်မှ ၁၆-၇-၂၀၁၃ရက်အထိ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပြီး ၁၇-၇-၂၀၁၃ရက်တွင် လျှောက်လွှာများအား လက်ခံခြင်းနှင့် အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ကြေညာခြင်းအား တစ်ရက်တည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၆၂၆၀၆၇၊ ၀၁-၆၂၆၀၆၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)

အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြောက်မြို့နယ်၊ (၄၁)ရပ်ကွက်၊ ခွာညိုလမ်းနှင့် ပြည်ပန်းညိုလမ်းထောင့်၊ အမှတ် ၁၁၃၇၊ ၁၁၃၉နေ ဦးစိန်မြင့်၏သား အထက(၅) မရမ်းကုန်းမှ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ခုံအမှတ် ဆမက-၇၂၄၊ (ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒဂုဏ်ထူး)ဖြင့် အောင်မြင်ခဲ့သူ မောင်ကောင်းစည်သာ ၁၂/ရပသ(နိုင်)၀၆၆၇၄၇၏ အမည်မှန်မှာ မောင်ကောင်းစီသာဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၁၄ယ/၇၈၉၃ Honda Dream M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဆွေ ၁၂/တတန(နိုင်)၀၆၀၀၈၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ အထက မုံရွေးကြေးမုံ တက္ကသိုလ်ဝင်တန်းမှ မတင်ဇာဝင်းမြတ်မိုး၊ မူလွန် တောပု ဆဋ္ဌမတန်းမှ မသဉ္ဇာဝင်းမြတ်နိုးတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်း ၅/မရန(နိုင်)၁၁၉၈၀၃ ဖြစ်ပါသည်။

မွေးသက္ကရာဇ်အမှန်

ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်မှန် နဝရတ် (ပုဂ္ဂလိကအထက်တန်းကျောင်း) အဋ္ဌမတန်းတွင် ပညာသင်ကြားနေသော မောင်မင်းခန့်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးသန့်စင်ထွန်းဖြစ်ပြီး မွေးသက္ကရာဇ်မှန်မှာ ၃-၁-၂၀၀၀ ဖြစ်ပါသည်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရပ်ကွက်လုံးကျွတ်သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဇွန် ၁၆

မိုးရာသီကာလအဖြစ်များသော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် လူမှုရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများ ပူးပေါင်းကာ ဇွန် ၁၅ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမီးရထား ရပ်ကွက်တွင် ရပ်ကွက်လုံးကျွတ် ခြင်၊ ယင်၊ ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာအုန်း၊ စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးခင်မောင်ကြွေ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြသန်းတို့ ဦးဆောင်ကာ သာသနာ့ဟိတဓမ္မာရုံတွင် ရပ်ကွက်နေပြည်သူများအား သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာများကို ကျန်းမာရေးဦးစီးဌာနက ဟောပြောပွဲ ကျင်းပသည်။ စည်ပင်သာယာဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဆက်စပ်ရပ်ကွက်များဖြစ်သော ကန်တော်ကလေး(အရှေ့အနောက်၊ တောင်ပိုင်း) ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဆယ်အိမ်စုမှူးများ ပူးပေါင်းကာ အင်းအား ၁၀၀ ခန့်ဖြင့် ဆောင်ရွက်ကြခြင်းဖြစ်သည်။ သိမ်ဖြူမီးရထားရပ်ကွက်တွင် အိမ်ထောင်စု၅၇၀နှင့်လူဦးရေ၃၉၇၀ရှိပြီး ပိုးလောက်လမ်းသတ်ဆေး(အဘိတ်ဆေး)ကို ရေတိုင်ကီ၊ အများသုံးရေကန်များတွင် ခတ်ပေးခြင်း၊ နေအိမ်ခန်းများတွင် ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ရန် အသိပေးခြင်းနှင့် လက်တွေ့ပြုလုပ်ပေးခြင်း၊ လိုအပ်သော နေရာများတွင် ခြင်ဆေးမှုတ်ခြင်း၊ ရေမြောင်းများရေစီးရေလာကောင်းအောင်ဆောင်ရွက်ခြင်းများ ပြုလုပ်ကြသည်။

ယခုနှစ်တွင် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ကလေးငယ်

ခြောက်ဦးရှိခဲ့ပြီး သိမ်ဖြူမီးရထားရပ်ကွက်တွင် ကလေးငယ်တစ်ဦးဖြစ်ပွားခဲ့သည်။ အဖိတ်အစဉ်မရှိခဲ့ဟု သိရသည်။ အပတ်စဉ်တိုင်း ယခုကဲ့သို့ ဌာနဆိုင်ရာများနှင့်လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းကာသွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရပ်ကွက် ၂၀ အတွင်း လှည့်လည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

အောင်သန်း(မင်္ဂလာတောင်ညွန့်)

ဖားကန့်တွင် တိုင်းလိုင်(ရှမ်းနီ) စာပေနှင့်ရိုးရာယဉ်ကျေးမှု ကော်မတီအဖွဲ့ရုံးဖွင့်

ဖားကန့် ဇွန် ၁၆

ကချင်ပြည်နယ် ဖားကန့်မြို့ မြို့မရပ်ကွက် တိုင်းလိုင် (ရှမ်းနီ) စာပေနှင့် ရိုးရာယဉ်ကျေးမှုကော်မတီအဖွဲ့ရုံးဖွင့်ပွဲကို ဇွန် ၈ ရက် မွန်းလွဲ ၁ နာရီက မဏိဇေယျကျောင်းရှိ မြို့လယ်ဓမ္မာရုံကြီး၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ မြို့မရပ်ကွက်နာယကကြီးဦးတင်လှက အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးခင်မောင်လွင်က တိုင်းလိုင် (ရှမ်းနီ) ရိုးရာစာပေနှင့်ယဉ်ကျေးမှုကော်မတီဖွဲ့စည်းရခြင်းနှင့် ရုံးဖွင့်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း တာဝန်ခံ တိုင်းလိုင်(ရှမ်းနီ)ရိုးရာစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ စည်းရုံးရေးမှူး ဦးစိုင်းဘုန်းကျော်က ကျေးဇူးတင်စကားပြောကြားပြီး မြို့မရပ်ကွက်ရှိ ဦးမောင်သန့် အိမ်တွင် ရုံးဖွင့်၍ အလံတင်ခြင်း၊ ဆိုင်းဘုတ်တင်ခြင်းများကို ပြုလုပ်ခဲ့ကြကြောင်းသိရသည်။

(ဝဇ္ဇ)

ကျိုက်ထိုရဲစခန်း အပိုင်တွင် နွား ၂၈ ကောင် ဖမ်းဆီးရမိ

ကျိုက်ထို ဇွန် ၁၆

မွန်ပြည်နယ် ကျိုက်ထိုမြို့ ရဲစခန်းအပိုင်နယ်မြေတွင် မေ ၂၇ ရက် ညနေ ၄ နာရီခွဲက မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနစုမှ ရဲအုပ်အောင်ကျော်ထွေးနှင့် အဖွဲ့သည် ကျိုက်ထိုရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ထွန်းထွန်းလင်းအဖွဲ့နှင့်ပူးပေါင်း၍ သက်သေများနှင့်အတူ ရန်ကုန်မှ ဘားအံမြို့သို့ နွားများ တရားမဝင်သယ်ဆောင်လာကြောင်း သတင်းအရ ဗိုလ်ချုပ်လမ်းမပေါ်တွင် အသင့်စောင့်ဆိုင်းနေစဉ် ရန်ကုန်မှ ဘားအံသို့ ယာဉ်မောင်း သိန်းတန် (၅၀နှစ်) မောင်းနှင်လာသော ၉ဂ/---- ဖူဆို အမျိုးအစား ၁၂ ဘီးတပ်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် ယာဉ်နောက်လိုက် ဖိုးခွား (၄၃ နှစ်)၊ နိုင်ဦး (၂၇ နှစ်)၊ ဝင်းရွှေ (၄၁ နှစ်)၊ အောင်ကျော်ထွန်း (၃၇ နှစ်)တို့ လိုက်ပါလာပြီး ယာဉ်ပေါ်တွင် တင်ဆောင်သယ်ယူလာသော နွား ၂၈ ကောင် ကာလတန်ဖိုးငွေကျပ် ၁၂၈ သိန်း ငါးသောင်းခန့်နှင့်ပတ်သက်၍ ဖမ်းဆီးရေးအဖွဲ့က စစ်ဆေးရာ တာဝန်ခံသယ်ဆောင်လာသူသည်စောမျိုးဝင်းအောင် (၃၃ နှစ်)ဖြစ်ပြီး စောဂျိုးဇက်ဆိုသူက နွားသယ်ဆောင်ရာတွင် စောမျိုးဝင်းအောင်ကို တာဝန်ပေးခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပြီး ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံကျေးရွာမှ မွန်ပြည်နယ် ဘီးလင်းမြို့နယ်သို့ တိုင်းဒေသကြီး/ပြည်နယ်ကျော် သယ်ဆောင်ခွင့်ပြုမိန့်မပါရှိဘဲ သယ်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် နွားထီး၂၈ ကောင်နှင့်နွားသယ်ယူလာစဉ် အသုံးပြုသောယာဉ်/ကားနှင့်အတူ သက်သေများရှေ့မှောက်တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းပြီးသထုံခရိုင် အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှရဲအုပ်အောင်သူက တရားလိုပြုလုပ်၍ ကျိုက်ထိုမြို့ ရဲစခန်းသို့ တိုင်တန်းရာ အမှုစစ်ရဲအုပ်ရဲထွန်းက စစ်ဆေးဆောင်ရွက်ကာ ကျိုက်ထိုမြို့တရားရုံးတွင် တရားစွဲဆိုတင်ပို့ထားရှိပြီး နွားသယ်ယူရာတွင် တာဝန်ခံဖြစ်သူ စောမျိုးဝင်းအောင်အား ဖမ်းဆီးရမိနိုင်ရန်ကျိုက်ထိုရဲစခန်းက စုံစမ်းစစ်ဆေး ဆောင်ရွက်နေကြောင်းသိရသည်။

ကျော်လွင်တံတား

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၁၅၅၊ မြေကွက်တည်နေရာအမှတ် ၁၅၅၊ ဓမ္မာရုံလမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးပုစိန်အမည်ပေါက် နှစ်(၆၀) မြေဂရန်မြေအား အမည်ပေါက် ဦးပုစိန်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်အုန်းရင် ၁၂/ဒပန(နိုင်)၀၁၁၈၉၃ က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄၊ မြေကွက်အမှတ် ၄၆၇၊ မြေကွက်တည်နေရာအမှတ်-၄၆၇၊ ကန်သာယာလမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးတင်မောင် AA-၀၆၇၇၈၅အမည်ပေါက် မြေချပါမစ်မြေအား အမည်ပေါက် ဦးတင်မောင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးအောင်ထွန်းနိုင် ၁၂/ဒဂရ(နိုင်)၀၁၇၃၂၈က မြေချပါမစ်(ရွှေ့ပြောင်းသူများ၏ ရာဇဝင်အကျဉ်းချုပ်)တင်ပြပြီး နှစ် ၆၀ မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၅၊ မြေကွက်အမှတ် ၇၃၁၊ မြေကွက်တည်နေရာ အမှတ် ၇၃၁၊ ရွှေပုပ္ပားလမ်း၊ (၅၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒေါ်စိန်မြင့်လတ် ၁၂/ကမရ(နိုင်)၀၃၈၅၇၇ အမည်ပေါက် မြေချပါမစ်မြေအား အမည်ပေါက် ဒေါ်စိန်မြင့်လတ်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်နေခြည်ဦး ၁၂/ဒဂတ(နိုင်)၀၀၅၈၃၇ က မြေချပါမစ် ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်များ တင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(၅၁)နှစ်ပြည့်မွေးနေ့ဆုတောင်း

၁၇-၆-၂၀၁၃ရက်တွင် ကျရောက်သော ဆရာအောင်မြင့်(၉၅၄) GE မွေးနေ့ ရက်မြတ်မှသည် ချစ်ဇနီး ဒေါ်ဌေးဌေးမြင့်နှင့် ချစ်သားကြီး အောင်ငြိမ်းထွန်း(Rno) မုပ္ပလင် ကျောက်ကြီး ရောင်းဝယ်ရေး၊ ချစ်သားလတ် မောင်ချမ်းငြိမ်း (2nd Year) (ဆေး-၂)၊ ချစ်သားငယ် မောင်မြတ်မင်းသူတို့နှင့်အတူ နောင်နှစ်ပေါင်းတစ်ရာတိုင်အောင် ပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝကိုရရှိပိုင်ဆိုင် နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်-

ချစ်သားတပည့်-မောင်အောင်အောင်

စီးပွားရေးတက္ကသိုလ်

မေခဆောင်ဖောင်ဒေးရှင်း

MMA

လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲ ဖိတ်ကြားခြင်း

စီးပွားရေးတက္ကသိုလ် မေခဆောင်နေ ဆရာများနှင့် ကျောင်းသားဟောင်းများအစည်းအဝေးသို့ စုံညီစွာ တက်ရောက်ပေးကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ (ဖိတ်စာသီးခြားမပို့ပါ။)

နေ့ရက် ➤ ၃၀. ၆. ၂၀၁၃ (တနင်္ဂနွေနေ့) အချိန် ➤ မွန်းလွဲ (၁း၀၀) နာရီ
နေရာ ➤ အိုလံပစ်ဟိုတယ်၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

ဆက်သွယ်ရန်

ဦးသင်းမောင်(67)	09 8636344	Dr. မောင်မောင်စိုး (73)	09 73240611
ဦးမြင့်သောင်း (68)	09 43091507	Dr. မြင့်ဆန်း (85)	09 450009755
ဦးမြင့်ဇော် (86)	09 2300569	ဦးအောင်နိုင်မိုး (85)	09 43126164
ဦးအောင်မြင့် (83)	09 5008047	ဦးမျိုးသိမ်းထူး (92)	09 420093632
ဦးမြင့်နိုင် (94)	09 5104675	ဦးတင်မိုး (94)	09 5123706
ဦးခင်မောင်ထွေး(မန္တလေး/95)	09 2022225	ဦးသက်ခိုင်အောင် (94/95)	09 5196098

အလှူငွေနှင့် ထည့်ဝင်ငွေများအား ဦးသက်လွင်ရွှေ (၁၄/ပသန (နိုင်) ၀၆၈၈၆၇)
AGD Bank-(HO) Ph : 09 8600655 နှင့် AGD Bank (ဆူးလေဘဏ်ခွဲ)
Saving A/C - 325122 0001006 သို့ထည့်ဝင်နိုင်ပါသည်။

ပြင်ဆင်ဖတ်ရှုပါရန်

၂၀၁၃ ခုနှစ် ဇွန် ၁၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ကြော်ငြာပါ ပဲခူးမြို့နယ်တရားရုံးမှ ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာတွင်ပါဝင်သော ဒေါ်တင်တင်မော်၊ တွဲဖက်မြို့နယ်တရားသူကြီး၊ ပဲခူးမြို့နယ် တရားရုံးအစား (တင်တင်မော်) တွဲဖက်မြို့နယ်တရားသူကြီး၊ ပဲခူးမြို့နယ်တရားရုံးဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(အယ်လ်-၁၈/၆၁)၊ မြေကွက်အမှတ် ၂၆၇၂အမည်ပေါက် ဒေါ်ထွေးထွေးလင်း ၁၂/ဥကတ(နိုင်)၀၃၃၃၄၂ ထံမှ ဝယ်ယူသူ ဦးဝင်းသူလင်း ၁၂/သဃက(နိုင်)၀၃၉၅၁၃သည် မြေချပါမစ်ပြုလုပ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထား မူရင်းတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့် အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကိုးဘွဲ့ရဆရာတော်အတွက် မွေးနေ့ဆုတောင်း

မိုးရာသီ၊ ဆောင်းရာသီ၊ နွေရာသီ လူကြီးတရားစခန်းပွဲကြီးများ၊ ဒီဇင်ဘာနှင့် မတ်လ ကလေးအထူးတရားစခန်းပွဲကြီးများ၊ ဝါတွင်းငါးလ ဥပုသ်တရားစခန်းပွဲကြီးများဖွင့်လှစ်ကာ အခမဲ့အစားကျွေး တရားပေးပါသော တစ်နိုင်ငံလုံးနယ်လှည့်တရားဟောပေးခြင်း၊ ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ အလယ်တန်းကျောင်းဆောက်လှူခြင်း၊ ပရဟိတလုပ်ငန်းများစွာအတွက် ကျပ်သိန်းပေါင်း ၂၀၀၀ကျော်ပေးလှူခဲ့သည့် ကိုးဘွဲ့ရဆရာတော် **အရှင်အာစာရလင်္ကာရ** အရှင်သူမြတ်၏ သီလ၊ သမာဓိ၊ ပညာဂုဏ်များကိုပူဇော်ပါ၏။ သက်ရှည်ကျန်းမာချမ်းသာစွာ သာသနာပြုနိုင်ပါစေ၊ အဓိဋ္ဌာန်စခန်း အောင်မြင်ပေါက်မြောက်ပါစေ၊ မွေးနေ့မှာ ပျော်ရွှင်ချမ်းမြေ့ပါစေ။

တပည့် ဒါယကာ၊ ဒါယိကာမများ

မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ဒေါက်တာလှမိုးသွင်နှင့် ဒေါ်သော်တာထွန်းတို့၏ ၁၇-၆-၂၀၁၃ရက်တွင်ကျရောက်သော (၁၃)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ချစ်သမီးကြီး ရွှန်းမြတ်မိုးသွင်၊ ချစ်သမီးငယ် သက်မြတ်မိုးသွင်တို့နှင့်အတူ မင်္ဂလာရတုအဆက်ဆက်ကို ကိုယ်စိတ်နှလုံး ကျန်းမာချမ်းသာစွာဖြင့် ပျော်ရွှင်စွာဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Medi Myanmar Group Ltd.

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ အဆင့်မြင့်အိမ်ရာစီမံကိန်းဆောင်ရွက်ရာတွင်ပါဝင်ပြီး ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၈/သံဒင်း)၊ မြေကွက်အမှတ်(၈၆၅/ခ)မြေကွက်တွင် ချထားခြင်းခံရသူ အမည်ပေါက် ဦးသိန်းဝင်း ၁၂/လမန(နိုင်)၀၄၂၈၆၅ထံမှ ဝယ်ယူထားသူ ဦးအောင်သိန်း ဘီ/အာရ်ဂျီအင်န်-၀၂၂၇၈၂က မြေချပါမစ်မူရင်းထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထား (မူရင်း)များတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်မှု မရှိပါက မြေချပါမစ်မူရင်း ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (အယ်လ်-၁၇/၆၀)၊ မြေကွက်အမှတ် ၁၁၅၃ အမည်ပေါက် ဒေါ်ထွန်းထွန်းသန်း ၁၂/တမန(နိုင်)၀၇၉၉၂၅၊ မြေကွက်အမှတ် ၁၁၅၄ အမည်ပေါက် ဦးဌေးဝင်း(ခ)ဦးစံပေါ ၁၂/တမန(နိုင်)၀၁၂၃၈၀ထံမှ ဝယ်ယူထားသူ ဒေါ်ထွေးတင် ၁၂/တမန(နိုင်)၀၇၉၉၂၆သည် မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားမူရင်းတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြုလုပ်ပေးရေးအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့် အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးညွန့် ဦးဆောင်ပြီး အနီးကပ်ကြီးကြပ်မှုဖြင့် သနပ်ပင်မြို့မ စခန်းမှူး ဒုတိယရဲမှူးနိုင်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ် မထသ ဥက္ကဋ္ဌဦးအောင်ဝင်းနှင့် မြို့ပေါ်ရပ်ကွက်များရှိ အုပ်ချုပ်ရေးမှူးများ ပါဝင်သော ပူးပေါင်းအဖွဲ့ လူစည်ကားရာလမ်းဆုံများ၌ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များအား ရှောင်တခင်စစ်ဆေးပြီး ယာဉ်စည်းကမ်းနှင့် အညီ အရေးယူပညာပေးခြင်းများကို ဆောင်ရွက်ကြစဉ်။

တင်အောင်ဆန်း(သနပ်ပင်)

မကွေးမြို့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် စာအုပ်များလှူဒါန်း

မကွေး ဇွန် ၁၆

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ပညာသင်ကြားနေသော ကလေးငယ်များအတွက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် စာအုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၁၂ ရက် မွန်းလွဲ ၂ နာရီက မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ မကွေးမြို့ ဆားစည်ရပ် ရာဇမုနိဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စမ်းစမ်းမြင့်၊ ဥက္ကဋ္ဌ ဒေါ်သင်းသင်းထွေးနှင့် အဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူလေးများကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် စာအုပ်များပေးအပ်လှူဒါန်းကြသည်။ **(ယာပုံ)**

ထို့နောက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ကျောင်းသား ကျောင်းသူကလေးငယ်များအား မုန့်၊ သာကူများ တိုက်ကျွေးကြသည်။

(တင်ထွန်းဦး)

စစ်ကိုင်းခရိုင်ပြည်သူ့စာကြည့်တိုက်တွင် wifi စနစ်ဖြင့် အခမဲ့လေ့လာနိုင်ရန်ချိတ်ဆက်ဖွင့်

စစ်ကိုင်း ဇွန် ၁၆

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသည် ပြည်သူများ ပညာဗဟုသုတများရရှိနိုင်စေရန် ပြည်သူ့စာကြည့်တိုက်အဖြစ် ဖွင့်လှစ်၍ သုတ၊ ရသ၊ စာအုပ်၊ စာစောင်များကို အများပြည်သူ စာဖတ်ခန်း၊ ရည်ညွှန်းစာဖတ်ခန်း၊ ကလေးစာဖတ်ခန်းများဖြင့် အခမဲ့ လေ့လာနိုင်ရန် စီစဉ်ဖွင့်လှစ်ထားပေးလျက်ရှိရာ ယခုအခါတွင် အင်တာနက်လိုင်းပါ wifi စနစ်ဖြင့် အခမဲ့ လေ့လာနိုင်ရန် ချိတ်ဆက်ဖွင့်လှစ်ပေးလျက်ရှိသည်။

wifi စနစ် အသုံးပြုလျက်ရှိသူ ဦးတင်မောင်ဝင်း (နန္ဒမင်းလွင်)က "အခုလို wifi စနစ်အခမဲ့ အသုံးပြုခွင့်ပေးထားတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့လည်း သတင်းစာနေ့စဉ်လာယူရင်းနဲ့ ဒီပြန်/ဆက်ကို အမြဲတမ်းရောက်နေတော့ အဆင်ပြေတာပေါ့၊ ပြည်သူတွေအနေနဲ့လည်း သိရှိလိုတဲ့သတင်း အချက်အလက်တွေကို အချိန်နဲ့တစ်ပြေးညီ လေ့လာကြည့်ရှုနိုင်တဲ့အတွက် အားလုံးအဆင်ပြေတာပေါ့"ဟု ပြောကြားကြောင်းသိရသည်။

(ဇော်မြင့်နိုင်)

ပျဉ်းမနားမြို့၌ ထရန်စဖော်မာတစ်လုံး တည်ဆောက်ပြီးစီး လျှပ်စစ်ဓာတ်အားလုံလောက်စွာသုံးစွဲခွင့်ရ၍ကျေနပ်လျက်ရှိ

ပျဉ်းမနား ဇွန် ၁၆

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ပန်းခင်းရပ်ကွက် ပန်းခင်းလမ်းမကြီးဘေး၌ 11/0.4 kV, 315 kVA ထရန်စဖော်မာအသစ်တစ်လုံး ထပ်မံတည်ဆောက်ပြီးစီးသွားပြီး၊ မေ ၂၉ ရက်က စတင်ဓာတ်အား ဖြန့်ဖြူးပေးထားပြီးဖြစ်ကြောင်း သိရသည်။ အဆိုပါ ထရန်စဖော်မာ အသစ်တည်ဆောက်ခြင်းလုပ်ငန်းကို ပျဉ်းမနားမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မျိုးလှိုင်နှင့် ဝန်ထမ်းများ ဦးဆောင်၍ ရပ်ကွက်နေပြည်သူများနှင့် ပူးပေါင်းကာ ထိုကဲ့သို့ ထရန်စဖော်မာအသစ်တစ်လုံး ထပ်မံ တည်ဆောက်ပေးသဖြင့် ယခင်က လိုင်းအားကျသောနေရာများတွင် လျှပ်စစ်ဗို့အား ၂၀ ခန့်သာရှိရာမှ ယခုအခါ ဗို့အား ၂၀၀ ကျော် ရှိလာပြီဖြစ်သဖြင့် ရပ်ကွက်နေပြည်သူများ လျှပ်စစ်ဓာတ်အား လုံလောက်စွာ သုံးစွဲခွင့်ရရှိပြီဖြစ်သောကြောင့် အဆင်ပြေ ကျေနပ်လျက်ရှိကြောင်း သိရသည်။

(မိုးယံ)

မုံရွာ ဘိုးဘွားရိပ်သာသို့ တိုင်းရင်းဆေး အခမဲ့ကုသပေး

မုံရွာ ဇွန် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဘိုးဘွားရိပ်သာသို့ မုံရွာတိုင်းရင်းဆေးရုံမှ ဆေးလှူဒါန်းခြင်းနှင့် တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းကုသပွဲကို ဇွန် ၈ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပရာ မုံရွာတိုင်းရင်းဆေးရုံမှ ဆေးရုံအုပ်ကြီး ဦးနေအောင်နှင့်ဝန်ထမ်းများသည် ဘိုးဘွားရိပ်သာမှ အဘိုး ၁၇ဦးနှင့် အဘွား ၅၇ဦးတို့အား ကျန်းမာရေးစစ်ဆေးပြီး ဆေးဝါး ကုသရန်လိုအပ်သော အဘိုး၊ အဘွား ၄၀တို့ကို တိုင်းရင်းဆေးများဖြင့် အကြောပြင်ပေးခြင်း၊ ES/MV ပေးခြင်း၊ ဆေးပတ်တီး စည်းပေးခြင်းများကို ပြုလုပ်ပေးကြသည်။ ထို့အပြင် ရင်ကျပ်၊ ချောင်းဆိုး၊ အစားမှား၊ ရေချိုးမှား၊ ရင်တုန်၊ မူးမော်၊ အိပ်မပျော်၊ နှလုံးအားနည်းသူများကို တိုင်းရင်းဆေးများ ပေးအပ်လှူဒါန်းကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

ရောင်းမယ် ဝယ်မယ်

မြန်မာပြည်အလယ်ပိုင်း မန္တလေးမှာရှိတယ် စိန်ခြယ်

မုန့်မျိုးစုံကို ရောင်းချလို့နေတယ် စိန်ခြယ်

ထုတ်လုပ်သူများ အားကိုးရတယ် စိန်ခြယ်

ဝယ်ယူသူများ အဆင်ပြေတယ် စိန်ခြယ်

နိုင်ငံအဝန်း ဖြန့်ဖြူးလို့နေတယ် စိန်ခြယ်

ဆက်သွယ်ရန်-ကိုအောင်တိုး-မလှလှဝင်း

စိန်ခြယ် မုန့်မျိုးစုံရောင်းဝယ်ရေး

ဖုန်း-၀၂-၃၆၀၀၇၊ ၆၀၃၆၆၊

၃၂၅၂၆၊ ၃၁၈၁၆၊ ၃၄၂၅၅

ဖက်(စ်)-၉၅၂-၇၄၅၂၁

gmail: Sein Chel. Mdy @ gmail. com

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

တပ်ကုန်းမြို့နယ်တရားမရုံး၌

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၅၃

တပ်ကြပ်ကြီးဇော်မင်း	နှင့်	မအေးအေးသင်း
တရားလို		**တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ပုလဲမြို့သစ်၊ ကုန်းတလဘောင်ကျေးရွာနေ မအေးအေးသင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုလျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် သို့မဟုတ် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ ၂၀၁၃ ခုနှစ် ဇူလိုင် ၅ ရက် (၁၃၇၅ ခုနှစ် နယုန်လပြည့်ကျော် ၁၂ ရက်) နံနက် ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဇွန် ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိုးဝေ)

တွဲဖက်မြို့နယ်တရားသူကြီး

တပ်ကုန်းမြို့နယ်တရားရုံး

မော်တော်ကား/ရေသန့်/အချိုရည်စက်ရုံအတွက်

သင့်တော်သောမြေနေရာ

ငှားမည်/ရောင်းမည်

- မှော်ဘီမြို့နယ်၊ လမ်းမကြီးအနီး
- ဘိုးဘွားပိုင် မြေ (၁၁)ဧက
- အမည်ပေါက်၊ အထောက်အထားအပြည့်အစုံ

ဖုန်း-၀၉-၄၉၂၄၉၉၉၉၊ ၀၉-၄၉၃၀၈၇၃၉

အိမ်၊ မြေ(သန်လျင်)၊

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

သန်လျင်မြို့လယ်၊ ခရိုင်၊ မြို့နယ် အစိုးရရုံးဌာနများ စာသင်ကျောင်း၊ မြို့မဈေးကြီးအနီး၊ မိန်းလမ်းမကြီး နံဘေး၊ နှစ်ဖက်မျက်နှာစာပါ ထောင့်ကွက်၊ မြေ ၀ ဒသမ ၀၈၃ စတုရန်းဧက၊ သွပ်မိုး၊ ပျဉ်ကာ၊ မြေစိုက်၊ သမံတလင်းခင်း၊ လူနေအဆောက်အအုံ ပေ(၂၀×၃၀)၊ ရေ၊ မီးပါ တစ်လုံးတို့ကို ညှိနှိုင်းဈေးဖြင့် ဦးရာလူသို့ အမြန်ရောင်းမည်။ **ဖုန်း-၀၉-၈၅၇၂၉၇၁၊**

၀၉-၃၁၁၀၈၈၇၆၊

၀၉-၇၃၁၀၂၇၆၉၊

၀၉-၅၀၆၄၁၇၆

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂အီး[၁]၊ မြေကွက်အမှတ် ၅၃၂စီ[၁]/ ဘီ[၂]၊ မြေကွက်တည်နေရာအမှတ်-၁၀၉၊ ငါးထပ်ကြီးဘုရားလမ်း၊ ငါးထပ်ကြီးတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးမျိုးသန့် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးမျိုးသန့်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၇၆၇/၄-၃-၂၀၁၁ ရရှိသူ ဦးထွန်းထွန်း ၁၂/ပဘတ(နိုင်)၀၀၇၆၀၃က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မာလာတင်

အမျိုးသမီးကိုယ်ကာယအလှသင်တန်း

စာရင်းလက်ခံပြီ	လူဦးရေကန့်သတ်သည်
၁-၇-၂၀၁၃ ရက် စမည်	အမှတ်(၂၉၇)၊ အခန်း(၆)၊
စုံစမ်းချိန် နံနက် ၉ နာရီ မှ	မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့
ညနေ ၃ နာရီ အတွင်း	ဖုန်း-၃၇၉၇၃၅၊ ၃၈၄၉၂၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၀၇၊ မြေကွက်အမှတ် ၁၂၅၈(က) အမည်ပေါက် ဦးမြင့်ကျော် ၁၂/တမန(နိုင်) ၀၃၉၇၉၄က ဓာတ်ပုံမိတ္တူမှန် ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း၊ အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ဓာတ်ပုံ မိတ္တူမှန်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဦးအိုက်ယူ ၁၃/သပန(နိုင်)၀၃၀၂၈၄၊ ဒေါ်ဆွန်ချန်း ၁၃/ကခန(နိုင်)၀၁၄၂၁၂ န/၈၊ ၄၂ လမ်း၊ ၆၃ နှင့် ၆၄ လမ်းကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့

သိရှိစေရန်ကြေညာခြင်း

လူကြီးမင်းတို့သည် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၃)၊ ရန်ကုန်မြို့မှ ဘဏ်ချေးငွေတစ်ရပ်ကို ၁-၂-၂၀၀၅ရက်တွင် ချေးယူခဲ့ပြီး ယနေ့တိုင် အရင်းအတိုးပေးဆပ်ရန် ပျက်ကွက်နေပါသဖြင့် မန္တလေးခရိုင်တရားရုံးတွင် တရားမကြီးမှုအမှတ် ၁၄၃/၂၀၁၃ ဖြင့် ဘဏ်မှ တရားစွဲဆိုထားပြီး ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါချေးငွေကို ဤနို့တစ်စာပါသည့်ရက်မှ နှစ်ပတ်အတွင်း ပေးဆပ်ပါရန်နှင့် ပျက်ကွက်ပါက ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၅၊ မြေကွက်အမှတ် ၂၈၀ အမည်ပေါက် ဦးကျော်မင်း ၁၂/သဃက(နိုင်)၁၀၀၆၃၀ ထံမှ ဝယ်ယူထားသူ ဦးရှိန်လင်းလွင် ၁၂/သကတ(နိုင်)၁၃၃၇၄၆က မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါကမြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကြော်ငြာ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆွမ်းပဒေသာပင်အတွက် ၂၀၁၃ ခုနှစ် မေလ ၁ရက်မှ ၃၁ ရက်အထိ ကျပ် တစ်သိန်းနှင့်အထက် အလှူရှင်များစာရင်း

စဉ်	အလှူရှင်အမည်	အလှူရငွေ
၁။	ဦးမင်းညွန့်အားရည်စူး၍ ဒေါ်ခင်စောမြင့်မိသားစု အမှတ် ၁၅၇၊ ပင်းယလမ်း၊ ရွှေပေါက်ကံ	၁၁၅၀၀၀ိ/-
၂။	ကွယ်လွန်သူဖခင်ကြီး ဦးမောင်အေးအားရည်စူး၍ဇနီး ဒေါ်ခင်အုန်းမြင့်နှင့် သား၊သမီးမြေးတစ်စုကောင်းမှု တိုက်(၁)၊ အခန်း(၈)၊ ဝေဠုဝန်အိမ်ရာ၊ စမ်းချောင်းမြို့နယ်	၁၀၀၀၀ိ/-
၃။	ကွယ်လွန်သူကျေးဇူးရှင်ဖခင်ကြီးဦးဖြူအောင်-မိခင်ဒေါ်စိုးသာတို့ အားရည်စူး၍(သား)ဒု-အရာခံဗိုလ် သံတိုင်(ငြိမ်း)ကောင်းမှု အသမ(၁)အုန်းခြံ၊ မော်ဘီမြို့နယ်	၁၀၀၀၀ိ/-
၄။	ကွယ်လွန်သူနှစ်ဖက်သောမိဘများနှင့်ဆရာကြီးဒေါ်ဒေသီတို့အား ရည်စူး၍ ဦးကျော်ဝင်း-ဒေါ်ခင်စန်းဝေ(၃၁)နှစ်မြောက်မင်္ဂလာနေ့အလှူ အမှတ်(၃၅/၉၇၇)၊ ဦးပုညလမ်း၊ မြောက်ဒဂုံ	၁၀၀၀၀ိ/-
၅။	ဦးကျော်မြင့်-ဒေါ်ခင်နွဲ့အေးချစ်မိသားစုကောင်းမှု အမှတ်(၄၇/ဃ)၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား-၂၊ ဗဟန်းမြို့နယ်	၁၀၀၀၀ိ/-
၆။	ဆရာကြီးဒေါ်ဝံသစာရီ(၃)နှစ်ပြည့်အားရည်စူး၍ ဒေါ်ခေမာဝတီ၊ ဒေါ်သီဂီ ကောင်းမှုအမှတ် ၂၄၀၊ ဝံသာရာမသီလရှင်စာသင်တိုက် (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်	၁၀၀၀၀ိ/-
၇။	ဦးသောင်းလှိုင်-ဒေါ်လှကြည်မိသားစုကောင်းမှု အမှတ်(၁၁)၊ စိန်ပန်းလမ်း၊ သန်လျင်တံတားအိမ်ရာဝင်း၊ သာကေတမြို့နယ်	၁၀၀၀၀ိ/-
၈။	ဦးဘုန်းဆွေ(ဒု-ဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန)-ဒေါ်စမ်းစမ်းဝေမိသားစု အမှတ် ၁၃၆၊ သုနန္ဒာ ၈လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်	၃၀၀၀၀ိ/-
၉။	OTS အပတ်စဉ်(၇၅) ဗိုလ်သင်တန်းကျောင်းဆင်းအရာရှိများကောင်းမှု	၄၀၀၀၀ိ/-
၁၀။	ဗိုလ်ကြီးမျိုးမျိုးကျော်-မထက်လင်းဆု မင်္ဂလာ(၁)နှစ်ပြည့်အလှူ အမှတ် ၄၆၈၊ အောက်ကြည့်မြင်တိုင်လမ်း၊ ရန်ကုန်မြို့	၁၀၀၀၀ိ/-
၁၁။	ဒေါ်စန်းစန်းရီကောင်းမှု အမှတ်(၁၁၇၂)၊ သုဓမ္မာ ၂လမ်း၊(၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်	၁၀၀၀၀ိ/-
၁၂။	ဦးဦးဘာ-ဒေါ်ရင်ရင်သန်းမိသားစု အမှတ်(၁၁/၁/၅)၊ ကန်လမ်း၊ တံတားဖြူ၊ ၁၀ရပ်ကွက်၊ လှိုင်မြို့နယ်	၃၀၀၀၀ိ/-
၁၃။	ဦးချမ်းငြိမ်းသူ-ဒေါ်မင်းမင်းဇာပြေ၊ (သား)ဉာဏ်ဘုန်းလကျာ်မွေးနေ့ အမှတ် ၂၃၈၊ ကမာကြည်လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်း	၂၀၀၀၀ိ/-
၁၄။	ဦးမင်းသက်ပိုင်-ဒေါ်နှင်းနှင်းဇာပြေ၊ (သား)ဝေလျှံသက်ပိုင်မွေးနေ့ အမှတ်၂၃၈၊ ကမာကြည်လမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏမြို့သစ်	၂၀၀၀၀ိ/-
၁၅။	မသက်စုဝင်းမွေးနေ့ အမှတ်(၅/၅၄)၊ အောင်တေဇလမ်းသွယ်၊ ကုန်းမြင့် ရိပ်သာလမ်း၊ (၆)ရပ်ကွက်၊ ၇ မိုင်၊ မရမ်းကုန်းမြို့နယ်	၃၀၀၀၀ိ/-
၁၆။	OTS အပတ်စဉ်(၇၅)ဗိုလ်သင်တန်းကျောင်းဆင်းအရာရှိများ ကောင်းမှု	၁၀၀၀၀ိ/-
၁၇။	ဦးကျော်ဝင်း-ဒေါ်မိုးစန္ဒာဝင်း၊ ဒေါက်တာတေဇာဝင်း-မနွေးစန္ဒာထွန်း၊ ဦးဝင်းလွင်ဖြိုး-မငြိမ်းစန္ဒာကျော် ကောင်းမှု၊ အမှတ် (၂၆)(ပထမထပ်)၊ အကောက်ခွန် အိမ်ရာ၊ (၅၁)လမ်း၊ ဗိုလ်တထောင်မြို့နယ်	၁၀၀၀၀ိ/-
၁၈။	ဒေါ်မြင့်မြင့်သိန်း-ဒေါ်ခင်ဝင်းမြင့်ညီအစ်မတစ်စု၊ အမှတ် (၂၅)၊ ကမ္ဘောဇလမ်း၊ ဗဟန်းမြို့နယ်	၃၃၅၀၀၀ိ/-
၁၉။	ဒေါက်တာဦးကိုကိုကြီး-ဒေါ်မေသန်းမိသားစု၊ အမှတ် (၁၉၈)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ပုဇွန်တောင်မြို့နယ်	၇၀၀၀၀ိ/-
၂၀။	ဗိုလ်မှူးကြီးထိန်လင်း-ဒေါ်ဆွေဆွေမြတ်၊ (သမီး) မေသူခိုင်၊ (သား) ရဲကောင်းပိုင်မိသားစု၊ (၂၄)နှစ် မြောက်မင်္ဂလာနေ့၊ အမှတ် (၂၁/စီ)၊ အခန်း(၃/အေစီ)၊ စိန်ရတနာကွန်ဒိုအိမ်ရာ၊ စိန်ရတနာလမ်း၊ ကမာရွတ်မြို့နယ်	၂၀၀၀၀ိ/-
၂၁။	မခိုင်ဇင်ဇင်ကျော် အမှတ် (၉၂၁/၉၂၂)၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်	၁၀၀၀၀ိ/-
၂၂။	ဗိုလ်ကြီးချစ်ကောင်း(ငြိမ်း) (ကြည်း-၃၁၃၄၄) စည်သူ (၁၀၂)အားရည်စူး၍ ဦးသိန်းတန်-ဒေါ်မြရီမိသားစု ကောင်းမှု၊ အမှတ် (၂၀)၊ အောင်သုခလမ်း၊ ဗျိုင်းရေအိုး စင်ကွက်သစ်၊ တာမွေမြို့နယ်	၂၀၀၀၀ိ/-
၂၃။	ဒေါ်ကြည်ကြည်မင်းအား အမှူးထား၍ ဦးစိန်လင်း-ဒေါ်သဇင်ဝင်းမိသားစု၊ ခြံအမှတ်(၁)၊ ကျောင်းလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်	၁၀၀၀၀ိ/-
၂၄။	ဒေါ်သန်းရီ နှစ်(၉၀)ပြည့်မွေးနေ့၊ အမှတ်(၁၁၅၉)၊ (၃၈)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ မြောက်ဒဂုံ	၁၁၀၀၀ိ/-
၂၅။	(၃၆)နှစ်မြောက် ကျဆုံး၊ ကွယ်လွန် သူငယ်ချင်းများအား ရည်စူး၍ တေဇ (၄) ဗိုလ်လောင်းသင်တန်းဆင်းအရာရှိ မိသားစုများ ကောင်းမှု	၁၄၀၀၀၀ိ/-
၂၆။	မောင်ဝင်းသန်းစိုး-မမေဖြူ အမှတ် (၂၁)၊ CI အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ ရန်ကင်း	၂၀၀၀၀ိ/-
		၆၁၆၀၀၀ိ/-

ဆက်သွယ်ရန် ဖုန်း-၆၆၀၁၄၉၊ ၆၆၀၉၉၈

မြန်မာဂေါက်သီးရိုက်အသင်းသားများသိသာရန်

မြန်မာဂေါက်သီးရိုက်အသင်း ၉မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၏ ၂၀၁၂/၂၀၁၃ ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ၂၀၁၃/၂၀၁၅ ခုနှစ် အလုပ်အမှုဆောင်အသစ် ရွေးချယ်တင်မြှောက်ပွဲအား ၂၉-၆-၂၀၁၃ ရက် (စနေနေ့)တွင် ကျင်းပမည့်အစား နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးအား ၂၀-၇-၂၀၁၃ရက် (စနေနေ့) နံနက် ၉:၃၀ နာရီတွင် လည်းကောင်း၊ အလုပ်အမှုဆောင်အသစ်ရွေးချယ်ပွဲကို ယင်းနေ့နံနက် ၁၀:၀၀ နာရီမှ ညနေ ၃:၀၀ နာရီအထိလည်းကောင်း ကျင်းပရန်ရွှေ့ဆိုင်းထားပါကြောင်းနှင့် အသင်းသားများ မပျက်မကွက်တက်ရောက်ပေးပါရန် ပြင်ဆင်ဖိတ်ကြားအပ်ပါသည်။ အသင်းသားများအနေဖြင့် အလုပ်အမှုဆောင်အဖွဲ့၏ ၁-၄-၂၀၁၂ ရက်မှ ၃၁-၃-၂၀၁၃ ရက်အထိ နှစ်ပတ်လည်အစီရင်ခံစာ နှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ၄-၇-၂၀၁၃ရက်မှစ၍ အသင်းတိုက်ကောင်တာတွင် ထုတ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာဂေါက်သီးရိုက်အသင်း

ကမ္ဘာ့သမိုင်း မှတ်စုငယ်

မြနှင်းဆီ (Mra Hninzi)

တူဒေးစာအုပ်ဆိုင်များတွင်
အထူးလျှော့ဈေး

~~၃,၅၀၀ကျပ်~~ ၃,၀၀၀ကျပ်

၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၅ရက်နေ့မှ ဇူလိုင်လ ၃၁ ရက်နေ့အထိသာ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၆၃/စက်မှုဇုန်၊ မြေကွက်အမှတ် ၈၂၄ အမည်ပေါက် ဦးစိုးဝင်းထံမှ ဝယ်ယူထားသူ ဦးသန့်ဇင်ဝင်း ၁၂/လသယ(နိုင်)၀၃၁၇၈၆ က မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊မြေကွက်အမှတ်၁၁၉၊ မြေကွက်တည် နေရာအမှတ် ၁၁၉၊ (၁၁)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဒေါ်ခင်လှိုင်ဝင်း၊ ဒေါ်ခင်ဖုန်း အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်တစ်ဦး ဒေါ်ခင်ဖုန်း PMA - ၁၁၅၂၆၁ ကွယ်လွန်သဖြင့် ဦးစောနှင်း ၁၂/ရကန(နိုင်)၀၄၇၅၃၈က တရားဝင်ခင်ပွန်းဖြစ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်းများ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် ပူးတွဲပိုင်ရှင် ဒေါ်ခင်လှိုင်ဝင်း PMA - ၁၁၃၆၈၉နှင့်အတူ မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဥပဒေ အကယ်ဒမီ
Mandaing Law Academy

အဆင့်မြင့်အိမ်ခြံမြေစီးပွားရေးလုပ်ငန်းသင်တန်း
Advance Course on Real Estate Business

ဇွန်လ (၂၄) ရက်နေ့ဖွင့်မည်။

ကြိုတင်စာရင်းသွင်းပါ- အမှတ်(၁၁၃)ဒုထပ်၊ (၃၁)လမ်း၊ (လယ်) ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁-၃၇၇၇၁၀ / ၀၁-၇၀၈၈၄၇

ဝမ်းမြောက်ဝမ်းမြောက်ဂုဏ်ယူခြင်း

တော်ဝင်မိသားစုကုမ္ပဏီ၏ တော်ဝင်ဖောင်ဒေးရှင်းမှ ဆောက်လုပ်လှူဒါန်းသော အ.ထ.က (၅)စမ်းချောင်း သုံးထပ်ကျောင်းဆောင်သစ် ကို

တန်ဖိုးငွေကျပ် သိန်းပေါင်း	၁၀၀၀၀ သိန်း
ကျောင်းတက်စုံဖွံ့ဖြိုးရေးအတွက် ကျပ်	၁၀၅ သိန်း
ဆရာ၊ ဆရာမ တစ်ဦးလျှင် ဆန်တစ်အိတ်၊ ဆီတစ်ပုံး နှင့် ဝတ်စုံ အတွက် ကျပ်	၅၂ သိန်း
အ.ထ.က (၂) စမ်းချောင်း ကျောင်းအထွေထွေပြုပြင်ရေး အတွက် ကျပ်	၃၀၀၀ သိန်း
အ.ထ.က (၂) ကမာရွတ်သို့ ကွန်ပျူတာအစုံ (၆၀) အတွက် ကျပ်	၁၉၅ သိန်း
မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းသို့ ကျပ်	၅၀၀ သိန်း
ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့သို့ ကျပ်	၂၀၀ သိန်း
မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းသို့ ကျပ်	၂၀၀ သိန်း
စမ်းချောင်းမြို့နယ်အတွင်းရှိ ချို့တဲ့ကျောင်းသား ၁၀၀၀ အတွက် ကျပ်	၁၉၅ သိန်း
စုစုပေါင်းလှူဒါန်းမှု ကျပ်သိန်းပေါင်း (၁၅၄၄၇)သိန်း ကို	

လှူရှုလှူချွန် ပထမအဆင့် ဦးကိုကိုထွေး နှင့် ဇနီး သီရိသုဓမ္မသီဂီဒေါ်အေးအေးသန်း မိသားစုမှ သဒ္ဓါထက်သန်စွာ တစ်ဦးတည်းလှူဒါန်းခဲ့ခြင်းအတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ညီ အစ်ကို မောင်နှမများ နှင့်
တူ ၊ တူမ များ

ကြော်ငြာ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆွမ်းကွမ်းဝေယျာဝစ္စအတွက် ၂၀၁၃ခုနှစ် မေလ ၁ရက်မှ ၃၁ရက်အထိ ကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များစာရင်း

စဉ်	အလှူရှင်အမည်	အလှူငွေ
၁။	ဒေါက်တာဖေသက်ဇော်-မအေးသန္တာဝင်း (သား)ထွန်းဉတ်ခန့်မောင်၊ သုနေတက်အောင် ဗိုလ်ချိန်လမ်း၊ ၆-မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့	၂၈၅၀၀၀ိ/-
၂။	ဒေါက်တာဉာဏ်ထွဋ်-ဒေါက်တာခင်မာလာဝင်းမိသားစု အမှတ်(၅၆/D2)၊ သီရိမာလာလမ်းသွယ်၊ ၇-မိုင်ခွဲ၊မရမ်းကုန်းမြို့နယ်	၂၁၀၀၀၀ိ/-
၃။	ဦးကျော်ဝင်း-ဒေါ်ခင်စန်းဝေ(၃၁)နှစ်မြောက် မင်္ဂလာဆွမ်းအလှူ အမှတ်(၃၅/၉၇၇)၊ ဦးပုညလမ်း၊ မြောက်ဒဂုံ	၁၆၀၀၀၀ိ/-
၄။	မောင်ပြည့်ဝင်းမောင်-မခင်သန္တာအောင်တို့၏မင်္ဂလာဦးဆွမ်းအလှူ ဖားကန့်မြို့နယ်၊ ဆယ်ဇင်း၊ ကချင်ပြည်နယ်	၂၇၀၀၀၀ိ/-
၅။	ဦးညီညီအောင်(၃၇)နှစ်ပြည့်မွေးနေ့ အမှတ်(၉)၊ ၁၈ လမ်း၊ လသာမြို့နယ်	၃၀၀၀၀၀ိ/-
၆။	ဦးထိန်လင်း-ဒေါ်ခင်စုဌေး၊ ဗိုလ်မှူးကြီးနိုင်မြင့်ကျော်-ဒုတိယဗိုလ်မှူးကြီးဒေါက်တာဒေါ်အေးမင်းစိုးမိသားစု ကောင်းမှု	၁၀၀၀၀၀ိ/-
၇။	ကွယ်လွန်သူမိခင်ကြီး ဒေါ်ကြည် နှစ်(၃၀)ပြည့်အား ရည်စူး၍ ဒေါ်ငြိမ်းမေ မိသားစု အမှတ်(၂၆)၊ ဗိုလ်မင်းခေါင်လမ်း၊ ဗဟန်းမြို့နယ်	၁၀၀၀၀၀ိ/-
၈။	မောင်ထွန်းဉတ်ခန့်မောင်(၃)နှစ်ပြည့်မွေးနေ့အလှူ အမှတ်(၁၅)၊ ဦးထွန်းမြတ်လမ်း၊ နတ်မောက်ရပ်ကွက်၊တာမွေမြို့နယ်	၃၅၂၀၀၀ိ/-
၉။	နှစ်ဖက်သောဘိုးဘိုး၊ ဘွားဘွားတို့အား အမှူးထား၍ ဖေဖေဒေါက်တာမျိုးမင်းသန့်-မေမေဒေါက်တာမြတ်နိုးဆွေ၊ (သမီး)ဆုပြည့်စုံ(၂)နှစ်ပြည့်မွေးနေ့အလှူ အမှတ်(၇၁၂)၊ ငွေပုလဲ(၂)လမ်း၊ ၃၅ ရပ်ကွက်၊ မြောက်ဒဂုံ	၂၂၀၀၀၀ိ/-
၁၀။	OTS အပတ်စဉ်(၇၅)ဗိုလ်သင်တန်းကျောင်းဆင်းအရာရှိများကောင်းမှု	၂၀၅၀၀၀ိ/-
၁၁။	ဒေါ်စန်းစန်းရီ မိသားစု အမှတ်(၁၁၇၂)၊ သုဓမ္မာ(၂)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်	၁၅၀၀၀၀ိ/-
၁၂။	ဦးမင်းသက်ပိုင်-ဒေါ်နှင်းနှင်းဇာပြေ(သား)ဝေလျံသက်ပိုင်မွေးနေ့ အမှတ်(၂၃၈)၊ ကမာကြည်လမ်း၊ ၂၉ရပ်ကွက်၊ သုဝဏ္ဏမြို့သစ်	၁၀၀၀၀၀ိ/-
၁၃။	ဦးကျော်ဝင်း-ဒေါ်မိုးစန္ဒာဝင်း၊ ဒေါက်တာတေဇာဝင်း-မနွေးစန္ဒာထွန်း၊ ဦးဝင်းလွင်ဖြိုး-မငြိမ်းစန္ဒာကျော် မိသားစု အမှတ်(၂၆)(ပထမထပ်)၊ အကောက်ခွန်အိမ်ရာ၊ ၅၁ လမ်း၊ ဗိုလ်တထောင်မြို့နယ်	၁၀၀၀၀၀ိ/-
၁၄။	ဆရာတော်ဘဒ္ဒန္တစန္ဒိမာဘိဝံသ(တွဲဖက်အကျိုးတော်ဆောင်) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မိုးညှင်းမြို့၊ ကချင်ပြည်နယ်	၁၀၀၀၀၀ိ/-
၁၅။	(ဦးတင်စိန်)-ဒေါ်ကျင်သိန်း သား၊သမီး၊မြေးတစ်စုကောင်းမှု အမှတ်(၁၃၅)၊ L/31၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်	၁၃၀၀၀၀ိ/-
၁၆။	မောင်မျိုးမင်းထွန်း-ဒေါက်တာသက်ထားအေး မင်္ဂလာဦးဆွမ်းအလှူ တိုက်(၄)၊ အခန်း(၁၀၅)၊ သစ္စာဉယျာဉ်အိမ်ရာ၊ တောင်ဥက္ကလာပမြို့နယ်	၁၁၅၀၀၀ိ/-
၁၇။	ဗိုလ်မှူးကြီးရန်အောင်(ငြိမ်း)-ဒေါ်ဖြူဝင်းမော်မိသားစု အမှတ်(၇၈/၈၂)၊ အခန်း(၂၀၃)၊ ၁၁၂လမ်း၊ ဗိုလ်တထောင်မြို့နယ်	၂၀၀၀၀၀ိ/-
၁၈။	ကွယ်လွန်သူဒေါ်ညိုညိုဝင်းအားရည်စူး၍ ဗိုလ်ချုပ်မောင်မောင်ဝင်း (ရေ/ငြိမ်း)-ဒေါ်မြစိန်၊ ပါမောက္ခဒေါက်တာမျိုးဝင်း-ဒေါ်ချိုချိုဝင်း၊ (သမီး)မဆွေဇင်ဝင်းမိသားစု အမှတ်(၇၀/ ဃ)၊ ငွေဝတ်မှုံ၊ ရွှေတောင်ကြား(၁)၊ ဗဟန်းမြို့နယ်	၁၁၀၀၀၀ိ/-
၁၉။	ဦးထွန်းဦးအားရည်စူး၍ ဦးဟန်ညွန့်-ဒေါ်ဖြူဖြူလတ်မိသားစု အမှတ်(၂၉)၊ ကျီတော်ရပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်	၁၅၀၀၀၀ိ/-
၂၀။	ဦးမင်းဆွေ-ဒေါ်အေးအေးသန်းမိသားစု အမှတ်(၁၀၀)၊ ၆လမ်း၊ (၃)ရပ်ကွက်၊ ငွေကြာရံရိပ်သာ၊ တောင်ဥက္ကလာပမြို့နယ်	၁၈၀၀၀၀ိ/-
၂၁။	(၃၆)နှစ်မြောက် ကျဆုံး၊ ကွယ်လွန် သူငယ်ချင်းများအားရည်စူး၍ တေဇ(၄)ဗိုလ်လောင်းသင်တန်းကျောင်းဆင်းအရာရှိမိသားစုများကောင်းမှု	၃၀၃၅၅ိ/-
၂၂။	မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)-ဒေါက်တာဒေါ်တင်လင်းမြင့်အားအမှူးထား၍ (သား)ကိုအောင်ဇော်ရဲမြင့်-မနန်းအိကေခိုင်ကောင်းမှု ကမ္ဘာအေးဗီလာ	၃၀၅၀၀၀ိ/-
၂၃။	ဒေါက်တာမောင်မောင်-ဒေါက်တာသူဇာရှိန် (၃၂)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်အလှူအမှတ်(၂/ခ)၊မဉ္ဇူလမ်း၊ပါရမီရိပ်သာ	၅၅၈၀၀၀ိ/-
		၄၇၀၃၅၅ိ/-

ဆက်သွယ်ရန်ဖုန်း-၆၆၀၁၄၉၊ ၆၆၀၉၉၈

အမည်ပြောင်း

ဦး-ဦးခင်မောင်၏သမီး ကျောက်ဖြူ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(E)မှ မသင်းသင်းမွန်အား မသွန်းသော်တာထွန်းဟု ပြောင်းလဲခေါ်ပါရန်။

မသွန်းသော်တာထွန်း

ကမ္ဘာ့ထိပ်တန်း အမေရိကန်ဘွဲ့ဒီဂရီ ရယူလိုသူများအတွက်...

- မြန်မာနိုင်ငံမှ BEHS တက္ကသိုလ်ဝင်တန်း / iGCSE နှင့် 12th Grade ပညာရေးအောင်မြင်ပြီးသူများ၊ ဘွဲ့ရပြီးသူများအတွက် အမေရိကန်နိုင်ငံရှိ အစိုးရတက္ကသိုလ်ကြီးများသို့ တက်ရောက်ပညာသင်ကြားနိုင်မည့် အခွင့်အလမ်းများ
- အမေရိကန် တက္ကသိုလ်ကြီးများ၏ ဘွဲ့ဒီဂရီနှင့် ဘွဲ့လွန်ဒီဂရီများကို SAT၊ GRE၊ GMAT အစရှိသည့် စာမေးပွဲများ ဖြေဆိုရန် မလိုဘဲ တက်ရောက် သင်ကြားနိုင်မည့် ပေါင်းကူးပညာရေးလမ်းကြောင်းများ
- အမေရိကန် တက္ကသိုလ်ကြီးများတွင် နိုင်ငံတကာ အလုပ်အကိုင် အခွင့်အလမ်းကောင်းသော ဘာသာရပ်များကို စိတ်တိုင်းကျရွေးချယ်သင်ယူနိုင်မည်ဖြစ်ပြီး အမေရိကန် ပညာရေးဆိုင်ရာ ကျောင်းဝင်ခွင့်၊ Work & Study အခွင့်အလမ်းများ နှင့် Graduate Intenship အခွင့်အလမ်းများ



"အမေရိကန်ပညာရေးလမ်းညွှန်ဆွေးနွေးပွဲ" ကို ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းသား/သူများ၊ မိဘများ ကြိုတင် စာရင်းပေးသွင်းကြပါရန်။

➡ ဇွန်လ (၁၉) ရက်၊ ၂၀၁၃ (ဗုဒ္ဓဟူးနေ့) ➡ နေ့လယ် (၁) နာရီမှ (၃) နာရီအထိ ➡ ပင်းယဒန်းမ၊ ထရေးဒါးစ်ဟိုတယ်၊ ရန်ကုန်

အဆောင် (၅)၊ အခန်း (၄)၊ အမ်အိုင်စီတီပက်ခ်၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်။ (ဖုန်း) ၆၅၂၂၈၈၊ ၅၂၁၁၂၅၊ ၂၅၁၃၃၂၊ ၀၉-၅၁၂၄၇၆၁၊ ၀၉-၅၀၆၂၁၇၁

ရန်ကုန်လမ်းညွှန် Luckydraw Results

ဇွန်လအတွက် ပထမကံထူးရှင်

သတ္တမအကြိမ် ကံစမ်းမဲဖောက်ပေးသော ရွှေနန်းတော်ရွှေဆိုင်မှ တစ်ကျပ်သားအလေးချိန်ရှိ ရွှေတုံးကံထူးရှင် ပေါက်မဲနံပါတ်မှာ **087424**

အဋ္ဌမအကြိမ် ကံစမ်းမဲအဖြစ် Sinma Sofa Set အား မဲဖောက်ပေးသွားမည် ဖြစ်ပါသည်။

ကံထူးရှင်မပေါ်ပေါက်သောဆုပစ္စည်းများအတွက် ပြန်လည်ရွေးချယ်ပေးထားသော ပေါက်မဲနံပါတ်များ

March 1st	March 1st	March 16th	April 1st	April 16th	May 1st	May 16th
HTC Butterfly (Red)	HTC Butterfly (White)	Nintendo Wii	၁၀ သိန်းတန် Gift Card	i Phone 5	Samsung Galaxy Note 8.0	Sumsung Galaxy S 4
078957	085965	070152	085928	057469	050276	074147

Phone : 01- 9000 712, 9000 713 E-mail : luckydraw@yangon-directory.com, www.yangon-directory.com HOT LINE 01-8619277

ကံစမ်းမဲများကို ၂၀၁၃ ခုနှစ် မတ်လမှ နိုဝင်ဘာလအထိ လစဉ် (၁) ရက်နေ့နှင့် (၁၆) ရက်နေ့များတွင် တစ်လနှစ်ကြိမ် မဲဖောက်ပေးသွားမည်ဖြစ်ပြီး လစဉ်ကံထူးရှင်များအားရန်ကုန်လမ်းညွှန်ဝဘ်ဆိုက် www.yangon-directory.com, www.facebook.com/TheYangondirectory ၊ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ဖော်ပြပေးသွားပါမည်။

ကြော်ငြာ

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၅)
၃၇/၁မိုင်၊ ရန်ကုန်-ပြည်လမ်း၊ မှော်ဘီမြို့နယ်
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းအထူးအဖွဲ့(၁၅) မှော်ဘီမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့် လမ်းခင်းပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

ပေးသွင်းရမည့်ပစ္စည်း	အရေအတွက်(ကျင်း)	ပေးသွင်းရမည့်နေရာ
(၁) ၆"×၉" ကျောက်ကြီး	၂၀၀	(က) ဒလ-သခွပ်-လက်ခုပ်ကုန်းလမ်း
(၂) ၂"×၄" ခွဲကျောက်	၁၆၀၀	(ခ) ကော့မှူး-ဝါးဘလောက်သောက်-သရက်တောလမ်း
(၃) <၃" ခွဲကျောက်	၄၀၀	(ဂ) ဘုရင့်နောင်တံတား(၂) ချဉ်းကပ်လမ်း
(၄) ၁"×၂" ခွဲကျောက်	၁၅၀၀	(ဃ) လပွတ္တာ-မြောင်းမြ-အိမ်မဲ-ကျောင်းကုန်း-ကျုံပျော်လမ်း
(၅) ၁/၂"-၃/၄" Chip	၆၀၀	(င) လပွတ္တာ-သင်္ကန်းကြီး-ပြင်စလူလမ်း
(၆) ၃/၈" Chip	၅၀၀	(စ) ရန်ကုန်-မန္တလေးအမြန်လမ်း

တင်ဒါပိတ်မည့်ရက်/အချိန် - ၂၅-၆-၂၀၁၃ရက် မွန်းတည့် ၁၂း၀၀နာရီ
တင်ဒါဖွင့်မည့်နေရာ - လမ်းအထူးအဖွဲ့(၁၅)အခြေစိုက်ရုံး၊ မှော်ဘီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၇-၆-၂၀၁၃ရက် (၁၀း၀၀နာရီ)

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ၁၂-၆-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
လမ်းအထူးအဖွဲ့(၁၅)
၃၇/၁မိုင်၊ ရန်ကုန်-ပြည်လမ်း၊ မှော်ဘီ
ဖုန်း-၀၁-၆၂၀၂၉၃

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၄၇)၊မြေကွက်အမှတ် ၅၄၊ မြေကွက်တည်နေရာအမှတ် ၅၄၊ ဘုရင့်နောင်လမ်းနှင့် ရွှေဥဒေါင်းလမ်းထောင့်၊ (၄၇)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးဝေမြင့် SRN-၀၅၄၅၈၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဝေမြင့် ကွယ်လွန်သဖြင့် ဒေါ်မြသန်း ၁၂/မရက(နိုင်) ၀၅၇၇၈၀ က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ(၁၃)၊ မြေကွက်အမှတ် ၁၄၈၂/က၊ မြေကွက်တည်နေရာအမှတ် ၁၄၈၂/က၊ တကောင်းလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် ဒေါ်ရွှေအမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ရွှေထံမှ အရပ်ကတိအရောင်းစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးရဲထွဋ်အောင် ၁၂/အစန(နိုင်) ၁၆၆၈၅၄က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ဝန်ခံကတိ၊ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာတို့တင်ပြ၍ ဂရန်သစ် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးကျော်ဝင်းမောင်
အသက် (၉၃)နှစ်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး-ဒေါ်နီနီတို့၏ဖခင် ဦးကျော်ဝင်းမောင် အသက် (၉၃)နှစ်သည် ၇-၆-၂၀၁၃ရက် (သောကြာနေ့) နံနက် ၄း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးရွှေကြိုင် (ဥက္ကဋ္ဌ)
ဝါဝါဝင်းဆောက်လုပ်ရေး

အထူးဝမ်းနည်းကြေကွဲခြင်း
ရဟန်း၊ ဇရပ်၊ ရေကန်ဒါယိကာမကြီး
ဒေါ်အဖိန် (ရွှေခိုင်သီရိ) တောင်ကုတ်
ရွှေတောင်ကုန်းသာသနာ့ရိပ်သာ
အထက (၁)သန်လျင် (အပူဇော်ခံဆရာမကြီး)
အသက် (၁၀၀)

သန်လျင် အထက (၁)မှ အထပြ(ငြိမ်း) အမျိုး၊ ဘာသာ၊ သာသနာကိုစောင့်ထိန်းသော ဆရာမကြီး ဒေါ်အဖိန် ၁၃-၆-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

အာစရိယပူဇော်ပွဲကျင်းပရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့
အထက (၁)၊ သန်လျင်မြို့

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးသိန်းဆွေ(ငြိမ်း)
ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းစက်မှုကြီးကြပ်(ငြိမ်း)
စက်မှု(၁)

ဗိုလ်ကြီးသီသီဝင်း၏ခင်ပွန်း ဗိုလ်မှူးသိန်းဆွေ(ငြိမ်း) ကွယ်လွန်ခြင်းအတွက် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။ ဗိုလ်မှူးသိန်းဆွေ ကောင်းရာဘုံဘဝသို့ ရောက်ပါစေကြောင်း ဆုတောင်းအပ်ပါသည်။

(ဗိုလ်ချုပ်အေးကျော်) မာမီ မိသားစု
သုဝဏ္ဏ

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၁၇)လမ်း၊ တိုက်အမှတ် ၁၃၆၊ အခန်းအမှတ် ၁၂၄ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အုံးစိန် ၁၂/လသန(နိုင်)၀၀၃၉၁၀အမည် တိုက်ခန်းတက်ရောက်နေခွင့် (A/O)မူရင်းမှာ ပျက်စီးပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဋ္ဌ/တိုးချဲ့)၊ မြေကွက်အမှတ် ၃၁၊ မြေကွက်တည်နေရာအမှတ် ၃၁၊ နဝရတ်လမ်း၊ (ဋ္ဌ/တိုးချဲ့)ဦးစံဝင်း ၁၂/ပဗတ (နိုင်)၀၁၃၄၀၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစံဝင်း(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်ဟိုကင်ငုတ် ၁၂/ကမရ (ဧည့်)၀၀၀၀၃၄ က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆ဘီ/၂၊ မြေကွက်အမှတ် V၁၀၂၊ မြေကွက်တည်နေရာအမှတ် ၇၂၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်မြို့နယ် ဦးသန်းမောင်၊ ဒေါ်မြကြည်အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက် ဦးသန်းမောင်၊ ဒေါ်မြကြည်ထံမှ ပိုင်ဆိုင်စာချုပ် ၁၃၁၃(၁၄-၈-၉၂)ဖြင့် ဒေါ်မြကြည်၊ ဦးသန်းဝင်း၊ ဒေါ်ရီရီခင်မှ ပိုင်ဆိုင်ပြီးနောက် စွန့်လွှတ်စာချုပ် ၁၃၁၄ (၁၄-၈-၉၂)ဖြင့် ဒေါ်မြကြည်မှ လက်ခံရရှိပြီး ယခု ဒေါ်မြကြည်နှင့် ဦးသန်းမောင်တို့ကွယ်လွန်သဖြင့် (၁)ဦးသန်းဝင်း ၁၂/ကမတ(နိုင်)၀၁၉၉၆၂၊ (၂)ဦးအောင်ခိုင် ၁၂/ကတတ(နိုင်)၀၀၆၈၀၈၊ (၃) ဒေါ်လဲ့လဲ့ရီ ၁၂/ကမတ(နိုင်)၀၃၁၃၀၂၊ (၄)ဦးလှမြိုင် ၁၂/ကမတ(နိုင်)၀၃၀၄၁၀၊ (၅) ဦးကြည်စိုး ၁၂/ကမတ(နိုင်)၀၃၀၆၅၁၊ (၆) ဦးမြသန်း ၁၂/ကမတ(နိုင်)၀၃၁၅၃၁၊ (၇) ဒေါ်သန်းသန်းငွေ၁၂/ကမတ(နိုင်)၀၃၀၆၈၅၊ (၈) ဦးမြတ်ဆန်း(ခ)ပူစူး ၁၂/ကမတ(နိုင်) ၀၅၃၈၂၄ တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄၊ မြေကွက်အမှတ် ၅၇၃၊ မြေကွက် တည်နေရာအမှတ် ၅၇၃၊ (၃၄)ရပ်ကွက်၊ သရဖီလမ်း၊ ဒဂုံမြောက်မြို့နယ် ဦးသောင်းရင် CJ-၀၂၇၆၃၀အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးသောင်းရင် ၁၂/ဗတထ (နိုင်)၀၂၀၁၉၉ က နှစ် ၆၀ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ဌာနဝန်ခံချက်နှင့် တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ နှစ် ၆၀ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်ဥ
အသက်(၈၂)နှစ်

ဦးအောင်သိန်း-ဒေါ်ဖြူဖြူဝင်း (Myo Electronic)တို့၏မိခင် ဒေါ်တင်ဥသည် ၁၂-၆-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

SUMMIT MYANMAR Co.,Ltd.

ဝမ်းနည်းကြေကွဲခြင်း
ဦးလှရွှေ (ထားဝယ်)
အငြိမ်းစားဦးစီးမှူး(ငြိမ်း)သန်လျင်
အသက် (၇၂)နှစ်

ဗိုလ်မှူး ဒေါ်သန်းမြင့်(ငြိမ်း) (10th Batch) ၏ ချစ်လှစွာသော ခင်ပွန်း ဒေါက်တာမေမြတ်မွန်(အလုပ်သင်ဆရာဝန်၊ မြောက်ဥက္ကလာဆေးရုံကြီး)၏ ချစ်လှစွာသော ဖခင် ဦးလှရွှေ အသက် (၇၂)နှစ်သည် ၁၄-၆-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူနာပြုအရာရှိများ
ကလဆ (ခုတင် ၃၀၀)၊ မင်္ဂလာဒုံ

ဝမ်းနည်းကြေကွဲခြင်း
ဦးမြသန်း(ရဲမှူး၊ ငြိမ်း)
အသက်(၆၇)နှစ်

ဒေါက်တာကျော်ထင်သက်(သားဖွားမီးယပ်ပညာဘွဲ့လွန်၊ တတိယနှစ်)၏ ကျေးဇူးရှင်ဖခင် ဦးမြသန်းသည် ၁၃-၆-၂၀၁၃ ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တွဲဖက်ပါမောက္ခ ဒေါက်တာလှလှရီနှင့်
သားဖွားမီးယပ်ကုသဆောင်(၃)မှဆရာဝန်များ

ဝမ်းနည်းကြေကွဲခြင်း
ဦးမြသန်း(ရဲမှူး၊ ငြိမ်း)
အသက်(၆၇)နှစ်

ဒေါက်တာကျော်ထင်သက်(သားဖွားမီးယပ်ပညာဘွဲ့လွန်၊ တတိယနှစ်)၏ ကျေးဇူးရှင်ဖခင် ဦးမြသန်းသည် ၁၃-၆-၂၀၁၃ ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တတိယနှစ်သားဖွားမီးယပ်ပညာ
ဘွဲ့လွန်ကျောင်းသား ကျောင်းသူများ

(၄)နှစ်နှင့် (၉)လပြည့် သတိရအလွမ်း
မောင်နွေလကြာအိုင်လင်း
(၁၃-၁၀-၂၀၀၇)-(၁၇-၉-၂၀၀၈)
အသက် (၁၁)လ

သမီးလေး မောင်နွေလကြာအိုင်လင်း…

သမီးလေးကို ပိုင်ဆိုင်ခွင့်ရခဲ့လို့ ပျော်ရွှင်မှု၊ ကြည်နူးမှု၊ ဝမ်းသာမှုတွေ ခံစားရတုန်းမှာ မမျှော်လင့်ဘဲ သမီးလေးက မိသားစုရင်ခွင်ထဲကနေ ရုတ်တရက်ခွဲခွာသွားခဲ့တာ ၁၇-၆-၂၀၁၃ရက်ဆိုရင် (၄)နှစ်နှင့် (၉)လ ပြည့်ပြန်ပြီ…

သမီးလေးအား သတိရအောက်မေ့လျက် ပြုလုပ်သမျှ အလှူဒါနများကို ရောက်ရာကောင်းကင်ဘုံမှ ကျေနပ်ပျော်ရွှင်နိုင်ပါစေလို့ ဆုတောင်းလျက်…

ကိုကို-ရှံမွေလလင်း
ဖေဖေ-ဒံယေလလင်း
မေမေ-လီဗီဆပ်နိုင်ထန်း
i Love Myanmar

ဝမ်းနည်းကြေကွဲခြင်း
ဦးတင်အုန်း
အသက်(၆၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ သုမနလမ်း၊ အမှတ် ၂၂၃ နေ ဒေါ်စိန်လှ၏ခင်ပွန်း(အလုပ်အမှုဆောင်အဖွဲ့ဝင်၊ အောင်ပြည့်စုံဆောက်လုပ်ရေးနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်)သည် ၁၁-၆-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါကြောင်း။ **အမှုဆောင်အဖွဲ့**
အောင်ပြည့်စုံဆောက်လုပ်ရေးနှင့်အထွေထွေစီးပွားရေး
လုပ်ငန်း သမဝါယမအသင်းလီမိတက်၊ ဒေါပုံမြို့နယ်

အထူးဝမ်းနည်းကြေကွဲခြင်း
ကိုဖြိုးမင်းဦး
အသက် (၃၀)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး-ဒေါ်သန်းသန်းအေးတို့၏သား ကိုဖြိုးမင်းဦး အသက် (၃၀)သည် ၆-၆-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးရွှေကြိုင် (ဥက္ကဋ္ဌ)
ဝါဝါဝင်းဆောက်လုပ်ရေး

ပြည်တွင်းသတင်း

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ ပေးပို့တင်ပြလာသည့် ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ဖြေလျှော့ဆောင်ရွက်ပေးသွားမည့်အရေးယူဆောင်ရွက်ချက်များအား ပြည်သူများသိရှိစေရန်ထုတ်ပြန်ကြေညာ

၁။ သွင်းကုန်လိုင်စင်လျှောက်ထားနိုင်ရန် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက် လျှောက်ထားခြင်း

တင်ပြလျှောက်ထားရမည့်အချက်အလက်များ		ယခင်တင်ပြရမည့်အထောက်အထားများမှ ဖြေလျှော့သည့် အချက်အလက်များ
ယခင်သတ်မှတ်ချက်	ယခုသတ်မှတ်ချက်	
(က) အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဌာနသို့ သတ်မှတ်ပုံစံဖြင့် ပူးတွဲတင်ပြရမည့်စာရွက် စာတမ်းများ- (၁) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မိတ္တူ။ (၂) ထုတ်ကုန်၊ သွင်းကုန်လုပ်ငန်းမှတ်ပုံတင်လက်မှတ်မိတ္တူ။ (၃) အစားအသောက်အရည်အသွေးသတ်မှတ်ချက် (Specification)၊ (၄) ပါဝင်ပစ္စည်းဖော်ပြချက် (Ingredients)၊ (၅) တင်သွင်းမည့်အစားအသောက် ထုတ်လုပ်မည့်လုပ်ငန်းအား သက်ဆိုင်ရာနိုင်ငံ အစားအသောက် ကြီးကြပ်ကွပ်ကဲသည့် ဌာန/အဖွဲ့အစည်းမှ ထုတ်ပေးသည့်ထောက်ခံချက်၊ (၆) တင်သွင်းမည့်အစားအသောက်အား သက်ဆိုင်ရာ နိုင်ငံ အစားအသောက်၊ ကြီးကြပ်ကွပ်ကဲရေးဌာန/ အဖွဲ့အစည်းမှ ထုတ်ပေးသည့် ထောက်ခံချက်၊ (၇) ကုန်ပစ္စည်းမူရင်းနိုင်ငံ ထောက်ခံချက် (Country of Origin)။ (ခ) အစားအသောက်နမူနာ (Food Sample) အတွက် ထုပ်ပိုးအရွယ်အစားအလိုက်/ထုပ်ပိုးအမျိုးအစားအလိုက် တင်ပြရန်။ မူရင်းထုပ်ပိုးပုံစံအတိုင်း တင်ပြရန်နှင့် အစားအသောက်နမူနာပမာဏမှာ လက်လီရောင်းချ ထုပ်ပိုးပုံစံအတွက် (၁၅၀၀ ဂရမ်) သို့မဟုတ် (၁ ဒသမ ၅ လီတာ) (နမူနာပမာဏနှင့်အရေအတွက်ကို ဓာတ်ခွဲစစ်ဆေးရန် လိုအပ်မှုပမာဏဖြင့် အစားအသောက်အမယ်အလိုက် သီးခြားသတ်မှတ် တောင်းခံပါသည်) လက်ကားရောင်းချသည့် ထုပ်ပိုးပုံစံအတွက် (၁၅၀၀ဂရမ်) သို့မဟုတ်၊ (၁ ဒသမ ၅လီတာ) (ကိုယ်စားပြု နမူနာမှန်ကန်ကြောင်း အထောက်အထားပါရှိရမည်)	(က) အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ သတ်မှတ်ပုံစံဖြင့် ပြည့်စုံစွာလျှောက်ထားရာတွင် ပူးတွဲတင်ပြရန် လိုအပ်သည့် စာရွက်စာတမ်းများ- (၁) အစားအသောက်အရည်အသွေးသတ်မှတ်ချက် (Specification)၊ (၂) ပါဝင်ပစ္စည်းများဖော်ပြချက် (Ingredients)၊ (အမှတ်တံဆိပ်ပေါ်တွင် ပါဝင်ပစ္စည်းဖော်ပြမထားလျှင် တင်ပြရန်) (၃) တင်သွင်းမည့် အစားအသောက်အား သက်ဆိုင်ရာ နိုင်ငံ၏ အစားအသောက် ကြီးကြပ်ကွပ်ကဲသည့်ဌာန/ အဖွဲ့အစည်းမှ ထုတ်ပေးသည့် ထောက်ခံချက် (သို့) သက်ဆိုင်ရာနိုင်ငံတွင် လွတ်လပ်စွာရောင်းချခွင့် (Free Sale Certificate)၊ (၄) မူရင်းထုပ်ပိုးမှုပုံစံဖြင့် နမူနာ ပေးပို့ခြင်းမရှိသော ထုပ်ပိုးအရွယ်အစားကြီးသည် အစားအသောက်နမူနာဖြစ်လျှင် ကုန်ပစ္စည်း၏ ဓာတ်ပုံ(သို့)အမှတ်တံဆိပ်နမူနာ တင်ပြရန်။ (ခ) အစားအသောက်နမူနာ (Food Sample) အတွက် တင်သွင်းပစ္စည်းအမျိုးအစားအလိုက် လိုအပ်သော နမူနာပမာဏအသေးစိတ်ကို သီးခြားကြေညာထားပါမည်။ **မှတ်ချက်။** (၁) လျှောက်လွှာရေးသွင်းမှု ပြည့်စုံမှန်ကန်ရမည်။ (၂) ပူးတွဲတင်ပြသည့် စာရွက်စာတမ်းများ ပြည့်စုံမှန်ကန်ရမည်။ (၃) အစားအသောက် နမူနာလုံလောက်မှု ရှိရမည်။	(က) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မိတ္တူ။ (ခ) ထုတ်ကုန်၊ သွင်းကုန်လုပ်ငန်းမှတ်ပုံတင်လက်မှတ်မိတ္တူ။ (ဂ) တင်သွင်းမည့် အစားအသောက် ထုတ်လုပ်မည့်လုပ်ငန်းအား သက်ဆိုင်ရာနိုင်ငံ အစားအသောက် ကြီးကြပ်ကွပ်ကဲသည့်ဌာန/ အဖွဲ့အစည်းမှထုတ်ပေးသည့်ထောက်ခံချက်၊ (ဃ) ကုန်ပစ္စည်းမူရင်းနိုင်ငံထောက်ခံချက် (Country of Origin)။ **မှတ်ချက်။** တိုက်ရိုက်စားသုံးရန်မဟုတ်သောအစားအသောက် ကုန်ကြမ်းပစ္စည်းများအနက် Codex Alimentarius Commission အသိအမှတ်ပြု အစားအသောက် ထပ်ဖြည့်ပစ္စည်း (Food Additives) များ တင်သွင်းရန်အတွက် သွင်းကုန်လိုင်စင် လျှောက်ထားရန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက် လျှောက်ထားခြင်းမှကင်းလွတ်ခွင့်ပြုခြင်းဖြင့် ထပ်မံဖြေလျှော့ပါသည်။ ယင်းကုန်ပစ္စည်းများမှာ www.codexalimentarius.org Website တွင် ပါရှိသည့် General Standard for Food Additives (GSFA) Online ပါ Food Additives Index ရှိ စာရင်းအတိုင်းဖြစ်ပါသည်။

၂။ တင်သွင်းလာသည့် အစားအသောက်အတွက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်လျှောက်ထားခြင်း

တင်ပြလျှောက်ထားရမည့်အချက်အလက်များ		ယခင်တင်ပြရမည့်အထောက်အထားများမှ ဖြေလျှော့သည့် အချက်အလက်များ
ယခင်သတ်မှတ်ချက်	ယခုသတ်မှတ်ချက်	
(က) အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနသို့ သတ်မှတ်ပုံစံဖြင့် ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ- (၁) သွင်းကုန်လိုင်စင်မိတ္တူ။ (၂) ရည်ညွှန်းသွင်းကုန်အတွက် ထုတ်ပေးထားသော ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်မိတ္တူ။ (၃) တင်သွင်းလာသည့် အစားအသောက်အတွက် သက်ဆိုင်ရာနိုင်ငံအစားအသောက် ကြီးကြပ်ကွပ်ကဲသည့် ဌာန/အဖွဲ့အစည်းမှ ထုတ်ပေးသည့် ထောက်ခံချက်၊ (၄) ထုတ်လုပ်အပတ်စဉ်အလိုက် ဓာတ်ခွဲစစ်ဆေးချက်များ၊ (၅) အစားအသောက်အရည်အသွေး သတ်မှတ်ချက်၊ (၆) သင်္ဘောတင်အထောက်အထားများဖြစ်သည့် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးသော သွင်းကုန်ကြေညာလွှာနှင့် သင်္ဘောတင်ဆောင်မှုမှတ်တမ်း (Bill of Lading)။ (ခ) အစားအသောက် နမူနာ (Food Sample)အတွက် ထုပ်ပိုးအရွယ်အစားအလိုက်/ ထုပ်ပိုးအမျိုးအစားအလိုက် တင်ပြရန်၊ မူရင်းထုပ်ပိုးပုံစံအတိုင်း တင်ပြရန်နှင့် အစားအသောက် နမူနာပမာဏမှာ လက်လီရောင်းချထုပ်ပိုး ပုံစံအတွက် (၁၅၀၀ ဂရမ်) သို့မဟုတ် (၁ဒသမ၅လီတာ) (နမူနာပမာဏနှင့်အရေအတွက်ကို ဓာတ်ခွဲစစ်ဆေးရန် လိုအပ်မှုပမာဏဖြင့် အစားအသောက်အမယ်အလိုက် သီးခြားသတ်မှတ် တောင်းခံပါသည်) လက်ကားရောင်းချသည့် ထုပ်ပိုးပုံစံအတွက် (၁၅၀၀ ဂရမ်) သို့မဟုတ် (၁ဒသမ ၅လီတာ) (ကိုယ်စားပြု နမူနာ မှန်ကန်ကြောင်း အထောက်အထားပါရှိရမည်)	(က) အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ သတ်မှတ်ပုံစံဖြင့် ပြည့်စုံစွာလျှောက်ထားရာတွင် ပူးတွဲတင်ပြရန် လိုအပ်သည့် စာရွက်စာတမ်းများ- (၁) ရည်ညွှန်းသွင်းကုန်အတွက် ထုတ်ပေးထားသော ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်မိတ္တူ။ (၂) တင်သွင်းလာမည့် အစားအသောက်အတွက် သက်ဆိုင်ရာနိုင်ငံ အစားအသောက်ကြီးကြပ်ကွပ်ကဲသည့် ဌာန/အဖွဲ့အစည်းမှ ထုတ်ပေးသည့် ကျန်းမာရေးထောက်ခံချက် (သို့) ထုတ်လုပ်အပတ်စဉ်အလိုက် ဓာတ်ခွဲစစ်ဆေးချက်များ၊ (၃) သင်္ဘော/လေယာဉ်/မော်တော်ယာဉ်ဖြင့် တင်သွင်းသော အထောက်အထားများဖြစ်သည့် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးသော သွင်းကုန်ကြေညာလွှာ (Import Declaration) နှင့် ကုန်ပစ္စည်းတင်ဆောင်မှုမှတ်တမ်း (Bill of Lading/Invoice/Packing List)၊ (၄) မူရင်းထုပ်ပိုးမှုပုံစံဖြင့် နမူနာပေးပို့ခြင်းမရှိသော ထုပ်ပိုးအရွယ်အစားကြီးသည် အစားအသောက်နမူနာဖြစ်လျှင်ကုန်ပစ္စည်း၏ ဓာတ်ပုံ(သို့)အမှတ်တံဆိပ်နမူနာ တင်ပြရန်။ (ခ) အစားအသောက်နမူနာ (Food Sample)အတွက် တင်သွင်းပစ္စည်းအမျိုးအစားအလိုက် လိုအပ်သောနမူနာပမာဏ အသေးစိတ်ကို သီးခြားကြေညာထားပါမည်။ **မှတ်ချက်။** (၁)လျှောက်လွှာရေးသွင်းမှု ပြည့်စုံမှန်ကန်ရမည်။ (၂) ပူးတွဲတင်ပြသည့်စာရွက်စာတမ်းများ ပြည့်စုံမှန်ကန်ရမည်။ (၃) အစားအသောက်နမူနာ လုံလောက်မှုရှိရမည်။	(က) သွင်းကုန်လိုင်စင်မိတ္တူ။ (ခ) အစားအသောက်အရည်အသွေး သတ်မှတ်ချက်၊

၃။ ပို့ကုန်လိုင်စင်လျှောက်ထားနိုင်ရန် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်လျှောက်ထားခြင်း

တင်ပြလျှောက်ထားရမည့်အချက်အလက်များ		ယခင်တင်ပြရမည့်အထောက်အထားများမှ ဖြေလျှော့သည့် အချက်အလက်များ
ယခင်သတ်မှတ်ချက်	ယခုသတ်မှတ်ချက်	
(က) အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနသို့ သတ်မှတ်ပုံစံဖြင့် ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများ- (၁) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မိတ္တူ။ (၂) ထုတ်ကုန်၊ သွင်းကုန်လုပ်ငန်းမှတ်ပုံတင်လက်မှတ်မိတ္တူ။ (၃) အစားအသောက်အရည်အသွေးသတ်မှတ်ချက် (Specification)၊ အစားအသောက်ဝယ်ယူသည့်နိုင်ငံ၏ သတ်မှတ်ချက်ကိုတင်ပြရန် ဖြစ်သည်။)၊	(က) အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ သတ်မှတ်ပုံစံဖြင့် ပြည့်စုံစွာလျှောက်ထားရာတွင် တင်ပို့ရန် လျှောက်ထားသည့် အသင့်ထုပ်ပိုးထားသော အစားအသောက်များ (Prepackaged Food) များဖြစ်ပါက ဗဟိုအစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ၏အစားအသောက် ထုတ်လုပ်ခြင်း ထောက်ခံချက် ရရှိပြီး အစားအသောက်အမယ်များကိုသာ ထောက်ခံချက် ထုတ်ပေးမည်ဖြစ်ပါသည်။	(က) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မိတ္တူ။ (ခ) ထုတ်ကုန်၊ သွင်းကုန်လုပ်ငန်း မှတ်ပုံတင်လက်မှတ်မိတ္တူ။ (ဂ) အစားအသောက်အရည်အသွေးသတ်မှတ်ချက် (Specification) အစားအသောက် ဝယ်ယူသည့်နိုင်ငံ၏ သတ်မှတ်ချက်ကို တင်ပြရန် ဖြစ်သည်။)၊ (ဃ) ပါဝင်ပစ္စည်းဖော်ပြချက်၊ (င) အစားအသောက်

အချပ်ပို ခ သို့

ပြည်တွင်းသတင်း

အချပ်ပို က မှ (၄) ပါဝင်ပစ္စည်းဖော်ပြချက်၊ (၅) အစားအသောက်ထုတ်လုပ်ခွင့်လိုင်စင်များနှင့် ဗဟိုအစားအသောက်နှင့်ဆေးဝါးကြီးကြပ် ကွပ်ကဲရေးကော်မတီမှ ထုတ်ပေးထားသော ထောက်ခံချက်မိတ္တူ။ (ခ) အစားအသောက် နမူနာ (Food Sample) အတွက် ထုပ်ပိုးအရွယ်အစားအလိုက်/ ထုပ်ပိုးအမျိုးအစားအလိုက် တင်ပြရန်၊ မူရင်းထုပ်ပိုးပုံစံအတိုင်း တင်ပြရန်နှင့်အစားအသောက် နမူနာပမာဏမှာ လက်လီရောင်းချ ထုပ်ပိုးပုံစံအတွက် (၁၅၀၀ဂရမ်) သို့မဟုတ် (၁. ၅လီတာ) (နမူနာပမာဏနှင့် အရေအတွက်ကို ခွဲခြမ်းစိတ်ဖြာစစ်ဆေးရန်လိုအပ်မှုပမာဏဖြင့် အစားအသောက် အမယ်အလိုက် သီးခြားသတ်မှတ် တောင်းခံပါသည်) လက်ကားရောင်းချသည့် ထုပ်ပိုးပုံစံအတွက် (၁၅၀၀ဂရမ်) သို့မဟုတ် (၁. ၅လီတာ)(ကိုယ်စားပြုနမူနာမှန်ကန်ကြောင်း အထောက်အထားပါရှိရမည်)	(ခ) ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများမှာ- (၁) ကုန်ဝယ်နိုင်ငံမှ စားသောက်ကုန်ပစ္စည်းနှင့်ပတ်သက်၍ ထူးခြားတောင်းခံချက်ရှိလျှင် တင်ပြရန် (Buyer's Specification)၊ (၂) မူရင်းထုပ်ပိုးမှုပုံစံဖြင့် နမူနာပေးပို့ခြင်းမရှိသော ထုပ်ပိုးအရွယ်အစားကြီးသည့် အစားအသောက် နမူနာဖြစ်လျှင် ကုန်ပစ္စည်း၏ ဓာတ်ပုံ (သို့) အမှတ်တံဆိပ်နမူနာ တင်ပြရန်။ (ဂ) အစားအသောက်နမူနာ (Food Sample) အတွက် တင်သွင်းပစ္စည်းအမျိုးအစားအလိုက် လိုအပ်သောနမူနာပမာဏ အသေးစိတ်ကို သီးခြားကြေညာထားပါမည်။ **မှတ်ချက်။** (၁)လျှောက်လွှာရေးသွင်းမှု ပြည့်စုံမှန်ကန်ရမည်။ (၂) ပူးတွဲတင်ပြသည့် စာရွက်စာတမ်းများ ပြည့်စုံမှန်ကန်ရမည်။ (၃) အစားအသောက်နမူနာ လုံလောက်မှုရှိရမည်။	ထုတ်လုပ်ခွင့်လိုင်စင်များနှင့် ဗဟိုအစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီမှ ထုတ်ပေးထားသော ထောက်ခံချက်မိတ္တူ။

၄။ တင်ပို့သည့် အစားအသောက်များအတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်လျှောက်ထားခြင်း

တင်ပြလျှောက်ထားရမည့်အချက်အလက်များ		ယခင်တင်ပြရမည့်အထောက်အထားများမှ ဖြေလျှော့သည့် အချက်အလက်များ
ယခင်သတ်မှတ်ချက်	**ယခုသတ်မှတ်ချက်**	
(က) အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနသို့ သတ်မှတ်ပုံစံဖြင့် ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ- (၁) ပို့ကုန်လိုင်စင်မိတ္တူ၊ (၂) ရည်ညွှန်းသွင်းကုန်အတွက် ထုတ်ပေးထားသော ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်မိတ္တူ၊ (၃) အစားအသောက်အရည်အသွေးသတ်မှတ်ချက် (Specification) (၄) အစားအသောက်ဝယ်ယူသည့်နိုင်ငံမှ တောင်းခံထားသော အခြားဌာန/အဖွဲ့အစည်းများ၏ ထောက်ခံချက်မိတ္တူ၊ (၅) သင်္ဘောတင်အထောက်အထားများဖြစ်သည့် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးသောသွင်းကုန်ကြေညာလွှာနှင့် သင်္ဘောတင်ဆောင်မှုမှတ်တမ်း (Bill of Lading) (ခ) အစားအသောက်နမူနာ (Food Sample) အတွက် ထုပ်ပိုးအရွယ်အစားအလိုက်/ ထုပ်ပိုးအမျိုးအစားအလိုက် တင်ပြရန်၊ မူရင်းထုပ်ပိုးပုံစံအတိုင်း တင်ပြရန်နှင့် အစားအသောက် နမူနာပမာဏမှာ လက်လီရောင်းချထုပ်ပိုးပုံစံအတွက် (၁၅၀၀ဂရမ်) သို့မဟုတ် (၁ဒသမ၅လီတာ) (နမူနာပမာဏနှင့်အရေအတွက်ကို ခွဲခြမ်းစိတ်ဖြာစစ်ဆေးရန် လိုအပ်မှုပမာဏဖြင့် အစားအသောက်အမယ်အလိုက် သီးခြားသတ်မှတ်တောင်းခံပါသည်) လက်ကားရောင်းချသည့် ထုပ်ပိုးပုံစံအတွက် (၁၅၀၀ဂရမ်) သို့မဟုတ် (၁ ဒသမ ၅ လီတာ) (ကိုယ်စားပြု နမူနာမှန်ကန်ကြောင်း အထောက်အထားပါရှိရမည်)	(က) အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ သတ်မှတ်ပုံစံဖြင့် ပြည့်စုံစွာလျှောက်ထားရာတွင် ပူးတွဲတင်ပြရန် လိုအပ်သည့် စာရွက်စာတမ်းများ- (၁) ရည်ညွှန်းပို့ကုန်အတွက် ထုတ်ပေးထားသော ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက် မိတ္တူ (စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းနှင့် ရေထွက်ကုန်ပစ္စည်း Primary Produce များအတွက် တင်ပို့မည့်အစားအသောက်အတွက် ကျန်းမာရေးထောက်ခံချက်ကို ကုန်ဝယ်ယူသည့်နိုင်ငံ၏ လိုအပ်ချက်အရ တောင်းခံလျှောက်ထားလာပါက တင်ပို့မည့် အစားအသောက်အတွက် ပို့ကုန်ထောက်ခံချက် တင်ပြနိုင်ခြင်းမရှိသော်လည်း ကျန်းမာရေးထောက်ခံချက်ထုတ်ပေးမည် ဖြစ်ပါသည်။ (၂) ကုန်ဝယ်နိုင်ငံမှ စားသောက်ကုန်ပစ္စည်းနှင့်ပတ်သက်၍ ထူးခြားတောင်းခံချက်ရှိလျှင် တင်ပြရန် (Buyer's Specification) (၃) သင်္ဘော/ လေယာဉ်/ မော်တော်ယာဉ်ဖြင့် တင်ပို့သောအထောက်အထားများဖြစ်သည့် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးသော ပို့ကုန်ကြေညာလွှာ (Export Declaration) နှင့် ကုန်ပစ္စည်းတင်ဆောင်မှုမှတ်တမ်း (Bill of Lading/ Invoice/ Packing List) (၄) မူရင်းထုပ်ပိုးမှုပုံစံဖြင့် နမူနာ ပေးပို့ခြင်းမရှိသော ထုပ်ပိုးအရွယ်အစားကြီးသည့် အစားအသောက် နမူနာ ဖြစ်လျှင် ကုန်ပစ္စည်း၏ ဓာတ်ပုံ (သို့) အမှတ်တံဆိပ် နမူနာတင်ပြရန်။ (ခ) အစားအသောက်နမူနာ (Food Sample) အတွက် တင်ပို့ပစ္စည်းအမျိုးအစားအလိုက် လိုအပ်သောနမူနာပမာဏ အသေးစိတ်ကို သီးခြားကြေညာထားပါမည်။ **မှတ်ချက်။** (၁) လျှောက်လွှာရေးသွင်းမှု ပြည့်စုံမှန်ကန်ရမည်။ (၂) ပူးတွဲတင်ပြသည့် စာရွက်စာတမ်းများ ပြည့်စုံမှန်ကန်ရမည်။ (၃) အစားအသောက် နမူနာလုံလောက်မှုရှိရမည်။	(က) ပို့ကုန်လိုင်စင်မိတ္တူ၊ (ခ) အစားအသောက်အရည်အသွေးသတ်မှတ်ချက် (Specification) (ဂ) အစားအသောက်ဝယ်ယူသည့်နိုင်ငံမှ တောင်းခံထားသော အခြားဌာန/အဖွဲ့အစည်းများ၏ ထောက်ခံချက်မိတ္တူ။ (စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများဖြစ်ပါက စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲမှ ထုတ်ပေးသည့် ပိုးသတ်ဆေးကြွင်းကင်းရှင်းကြောင်း ထောက်ခံချက် Certificate of Residue Analysis Pesticide နှင့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး၊ ရိတ်သိမ်းချိန်လွန်နည်းပညာ အသုံးချဌာနမှ ထုတ်ပေးသည့် မှိုဆိပ်ကင်းရှင်းကြောင်း ထောက်ခံချက် Aflatoxin Certificate များ တင်ပြရန် လိုအပ်ပါသည်။)

၅။ သွင်းကုန်လိုင်စင်လျှောက်ထားနိုင်ရန် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်လျှောက်ထားခြင်း (အခြားကုမ္ပဏီတစ်ခုမှ ရရှိထားသော သွင်းကုန်လိုင်စင်လျှောက်ထားရန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်ကို ရည်ညွှန်း၍ လျှောက်ထားခြင်း)

တင်ပြလျှောက်ထားရမည့်အချက်အလက်များ		ယခင်တင်ပြရမည့် အထောက်အထားများမှ ဖြေလျှော့သည့် အချက်အလက်များ
ယခင်သတ်မှတ်ချက်	**ယခုသတ်မှတ်ချက်**	
(က) အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဌာနသို့ သတ်မှတ်ပုံစံဖြင့်ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ- (၁) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မိတ္တူ၊ (၂) ထုတ်ကုန်၊ သွင်းကုန်လုပ်ငန်းမှတ်ပုံတင်လက်မှတ်မိတ္တူ၊ (၃) အဆိုပါ အစားအသောက်အတွက် ထုတ်ပေးထားသော သွင်းကုန် လိုင်စင်လျှောက်ထားရန် ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်မိတ္တူ။ (ခ) တိုက်ဆိုင်စစ်ဆေးရန်အတွက် အစားအသောက်နမူနာတင်ပြရန်။	(က) အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ သတ်မှတ်ပုံစံဖြင့် ပြည့်စုံစွာလျှောက်ထားရာတွင် ပူးတွဲတင်ပြရန် လိုအပ်သည့် စာရွက်စာတမ်းများ- (၁) အဆိုပါအစားအသောက်အတွက် ထုတ်ပေးထားသော သွင်းကုန်လိုင်စင်လျှောက်ထားရန် ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်မိတ္တူ၊ (၂) အစားအသောက်နမူနာ (Food Sample) တိုက်ဆိုင်စစ်ဆေးရန်အတွက် အစားအသောက်နမူနာ တစ်ယူနစ်တင်ပြရန်။ **မှတ်ချက်။** (၁) လျှောက်လွှာရေးသွင်းမှု ပြည့်စုံမှန်ကန်ရမည်။ (၂) ပူးတွဲတင်ပြသည့် စာရွက်စာတမ်းများ ပြည့်စုံမှန်ကန်ရမည်။ (၃) အစားအသောက်နမူနာ လုံလောက်မှုရှိရမည်။	(က) ကုမ္ပဏီမှတ်ပုံတင်လက်မှတ် မိတ္တူ၊ (ခ) ထုတ်ကုန်၊ သွင်းကုန်လုပ်ငန်း မှတ်ပုံတင်လက်မှတ်မိတ္တူ။

၆။ သက်ဆိုင်ရာဝန်ကြီးဌာန၏ အရေးယူဆောင်ရွက်မှုများအပေါ် မကျေလည်မှုများ၊ မေးမြန်းစုံစမ်းလိုသည်များရှိခဲ့ပါက ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ ထပ်မံပေးပို့အကြောင်းကြားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (အယ်လ်-၁၇/၆၀)မြေကွက်အမှတ် ၁၁၇၄ အမည်ပေါက် ဦးခင်စိုး ၁၂/ဗဟန(နိုင်)၀၁၂၃၄၄၏ မြေကွက်အတွက် ဒေါ်ခင်သန်းရီ(ခ)ဒေစီကျော်ဝင်း ၁၂/ဗဟန(နိုင်)၀၁၂၃၄၅ က မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ်(၂၉/ဆ)၊ မြေကွက်တည်နေရာအမှတ် ၃၅၁၊ ဇာဝေရာလမ်း၊ (င/က)ရပ်ကွက်၊ သဃ်္ဃန်းကျွန်း၊ (ဦးသန်းထွန်း၊ ဒေါ်သန်းကြည်)အမည်ပေါက် နှစ်၆၀ဂရန်မြေအား ဦးသန်းထွန်း၊ ဦးဇော်မင်း(ခ)မိုးဇော်ဝင်းအား တရားပြိုင်ထား၍ တရားရုံးကိုယ်စား ဘီလစ်ဒေါ်နှင်းဝင့်ဝင့်ဖြူ ၈/ဆဖန(နိုင်)၀၅၁၂၄၃ က ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် (၇၆/၂၀၁၁)နှင့် တရားမဇာရီမှုအမှတ် (၈၉/၂၀၁၂)ဖြင့် ရရှိသည့် အနိုင်ဒီကရီတင်ပြ၍ ဧရိယာ ၀ ဒသမ ၆၄၂ ဧကထဲမှ မခွဲမစိတ်ရသေးသော ဧရိယာ၇၅ပေ×၂၃၅ပေ (၀ ဒသမ ၄၁)ဧကရှိ မြေကွက်ကို အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(အယ်လ်-၁၇/၆၀)မြေကွက်အမှတ်(၁၀၇)၊ အမည်ပေါက် ကမ္ဘာကျော်ငွေလှိုင် ၁၂/ဗဟန(နိုင်)၀၃၃၈၅၃ထံမှ ဝယ်ယူသူ ဒေါ်စန်းစန်းမိုး ၁၂/တမန(နိုင်)၀၀၁၃၁၆ သည်မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက် မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမူရင်းတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ် ထုတ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပြည်တွင်းသတင်း

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ ပေးပို့တင်ပြလာသည့် အကြံပြုစာများအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အရေးယူဆောင်ရွက်ချက်များကို ပြည်သူများသိရှိစေရန် ထုတ်ပြန်ကြေညာ

ရေစကြိုမြို့တွင် ဖုန်းလိုင်းများနှင့် အင်တာနက်လိုင်းများကို အသုံးပြု၍ မရရှိနိုင်အောင် ဆက်သွယ်ရေးဝန်ထမ်းများမှ နှောင့်ယှက်မှုပြုလုပ်နေခြင်းဖြစ်သည်ဟု ယူဆမိပါကြောင်းနှင့် ဆက်သွယ်ရေးဖုန်းလိုင်းများနှင့် အင်တာနက်လိုင်းများ အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးစေလိုပါကြောင်း အကြံပြုချက်အပေါ် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၏ဆောင်ရွက်မှု

ရေစကြိုမြို့ရုံးပေါင်းစုံ GSM-BTS စခန်းကို နိုင်ငံတော်ဘတ်ဂျက် (Regular) ဖြင့်တည်ဆောက်ခဲ့ပါသည်။ တပ်ဆင်သည့်စက်အမျိုးအစားမှာ B-3(B 8018) (S-4-4-4) စက်အမျိုးအစားဖြစ်ပြီး အဝေးဆက်သွယ်မှုအား (1 E1) ကိုသာ အသုံးပြုထားသည့်အတွက် အင်တာနက်အသုံးပြုရန် အနည်းငယ်ခက်ခဲမှုရှိပါသည်။ အဆိုပါစက်အား ပိုမိုခေတ်မီသောစက်ဖြင့် အစားထိုးပြောင်းလဲတပ်ဆင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

MICB Bank တွင် သင်္ဘောသားများ Account ဖွင့်လှစ်ရာ၌ Procedure ကို ရှင်းလင်းစွာမသိရပါကြောင်းနှင့် သင်္ဘောသား Account Processing အပိုင်း၌ စာရွက်စာတမ်းများပြားခြင်း၊ အလွယ်တကူ ချောမွေ့မှုမရှိခြင်းနှင့် ရှုပ်ထွေးမှုရှိနေပါကြောင်း အကြံပြုချက်အပေါ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ဆောင်ရွက်မှု

၁။ အကြံပြုတင်ပြခြင်းနှင့်ပတ်သက်၍ သင်္ဘောသားများ နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ရာတွင် အောက်ပါစာရွက်စာတမ်းများနှင့်အတူ လျှောက်ထားနိုင်မည်ဖြစ်ပါသည်-

(က) ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ သင်္ဘောသားများ အလုပ်အကိုင်ကြီးကြပ်ရေးဌာနခွဲ၏ စာရင်းဖွင့်ခွင့်ပြုရန် အကြောင်းကြားစာ၊

(ခ) နိုင်ငံသားစိစစ်ရေးကတ်၊

(ဂ) သင်္ဘောသားမှတ်ပုံတင်လက်မှတ် (Seafarer's Indentity Document)၊

(ဃ) ဘဏ်၏စာရင်းဖွင့်ပုံစံတို့ဖြစ်ပါသည်။

၂။ သင်္ဘောသား Account Processing အပိုင်း၌ စာရွက်စာတမ်းများပြားခြင်း၊ လွယ်ကူချောမွေ့မှုမရှိခြင်းနှင့် ရှုပ်ထွေးမှုရှိနေပါကြောင်း အကြံပြုတင်ပြခြင်းနှင့်ပတ်သက်၍ အထက်ပါစာရွက်စာတမ်းများ ပြည့်စုံစွာတင်ပြနိုင်ပါက နေ့ချင်းပြီးစာရင်းဖွင့်ပေးလျက်ရှိပြီး ပွင့်လင်းမြင်သာမှုရှိစေရန် MICB Bank ၏ နိုင်ငံခြားငွေစာရင်းဌာန TV Screen တွင် နေ့စဉ်ကြော်ငြာထားရှိပါသည်။

အခွန်ဆောင်ဝန်ထမ်းများထံမှရရှိသော အခွန်ငွေများအပေါ် မည်သည့်နေရာတွင် အသုံးပြုနေသည်ကို အသိပေးထုတ်ပြန်သင့်ကြောင်း အကြံပြုချက်အပေါ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ဆောင်ရွက်မှု

အကြံပြုတင်ပြခြင်းနှင့်ပတ်သက်၍ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးစာရင်းများကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရသုံးမှန်းခြေစာရင်းဦးစီးဌာနမှ တာဝန်ယူစာရင်းပြုစုဆောင်ရွက်ပြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူကာ နှစ်စဉ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ကို နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြေညာပြီး ပွင့်လင်းမြင်သာစွာဆောင်ရွက်လျက်ရှိပါသည်။

စင်ကာပူနိုင်ငံ မြန်မာသံရုံးတွင် Passport သက်တမ်းတိုးခြင်းအား Online စနစ်ဖြင့် ဆောင်ရွက်ပြီး Passport စာအုပ်ကိုသာ သွားရောက်ထုတ်ယူသည့်စနစ်မှာ ပို၍အဆင်ပြေနိုင်ပြီး ယခုအခါတန်းစီ၍ စောင့်ဆိုင်းနေရသဖြင့် အခက်အခဲများရှိနေကြောင်း အကြံပြုတင်ပြချက်အပေါ် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဆောင်ရွက်မှု

စက်ဖြင့်ဖတ်ရှုနိုင်သည့် မြန်မာနိုင်ငံကူးလက်မှတ်စာအုပ်ရယူရန်အတွက် ကာယကံရှင်ကိုယ်တိုင် ဓာတ်ပုံရိုက်ကူးခံရန်၊ လက်ဗွေနှိပ်ရန်နှင့်ထိုးမြဲလက်မှတ်ရေးထိုးပေးရန်လိုအပ်ပါသည်။ စင်ကာပူမြို့ရှိမြန်မာနိုင်ငံသံရုံးတွင် မြန်မာနိုင်ငံကူးလက်မှတ် အသစ်လျှောက်ထားရန် အပါအဝင် ကောင်စစ်ရေးရာကိစ္စအားလုံးနှင့် ဆောင်ရွက်နိုင်သည့် ရက်ချိန်းကို Online မှတစ်ဆင့် ရယူနိုင်ပါသည်။ နိုင်ငံကူးလက်မှတ် စာအုပ်အသစ်တစ်အုပ်၏ သက်တမ်းမှာ ငါးနှစ်သို့ တိုးမြှင့်ပေးထားသဖြင့် မြန်မာနိုင်ငံကူးလက်မှတ် စာအုပ်အသစ်ထုတ်ယူရန်အတွက် ငါးနှစ်ကြာမှ တစ်ကြိမ်သာ လာရောက်ရန်လိုအပ်ပြီး ယခင်က လနှင့်ချီ၍ကြာမြင့်ခဲ့ရာမှ လွယ်ကူလျင်မြန်စွာ အဆင်ပြေစေရေး ဆောင်ရွက်ပေးခဲ့ရာ (၂၆-၁၂-၂၀၁၂)ရက်နေ့မှစ၍ နေ့ချင်းအပြီး ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။ထို့ပြင် သံရုံးသို့ ကောင်စစ်ရေးရာ ကိစ္စရပ်များကို ဆောင်ရွက်ရန် လာရောက်သည့်အချိန်တွင် ယခင်က တန်းစီစောင့်ဆိုင်းရသည်များ ရှိခဲ့သော်လည်း ယခုအခါ တန်းစီစောင့်ဆိုင်းရန် မလိုအပ်ဘဲ (၁-၈-၂၀၁၁)ရက်နေ့မှစ၍ သံရုံးဝင်းအတွင်းရှိ ခေတ္တနားနေဆောင်တွင် ရုပ်မြင်သံကြားစက် ခုနစ်လုံးမှတစ်ဆင့် အလှည့်ကျနံပါတ် (Queue Number) ကို ကြည့်ရှု၍ မိမိအလှည့်ရောက်ရှိပါက သက်ဆိုင်ရာကောင်တာသို့ သွားရောက်ဆောင်ရွက်ရန်သာ ဖြစ်ပါသည်။

သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အရေးယူဆောင်ရွက်မှုအပေါ် မကျေလည်မှုများ ၊ မေးမြန်းစုံစမ်းလိုသည်များရှိခဲ့ပါက ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ ထပ်မံပေးပို့ အကြောင်းကြားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့

အမည်ပြောင်း

ဦးအောင်ကြည်၏သား မောင်ထက်အောင်ရှိုင်းအား မောင်စည်သူပြည့်စုံနှင့် အထက(၂) ဗဟန်း Grade 6 (A)မှ မောင်သီဟထက်ဇော်အား မောင်ကြည်လင်းသူဟု ပြောင်းလဲခေါ်ပါရန်။

မောင်စည်သူပြည့်စုံ
မောင်ကြည်လင်းသူ

သင့်သွေးဖြင့် အသက်ကယ်ပါ

လူမော် (ငါနဲ့မင်း)

ကိုယ်ပိုင်သံစဉ် သီချင်းသစ်များ DVD, Karaoke ထွက်ပြီ

ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ် ဖိုးခမီးဒေါင့် ကရင်စုမြစ်ကလေးကျေးရွာနေ မမာလာစန်း ၁၄/ဝခမ(နိုင်)၁၆၁၉၂၁၏ ဖခင်အမည်မှန်မှာ ဦးမော်စီတိုး ၁၄/ဝခမ(နိုင်)ဝ၈၉၇၃၆ဖြစ်ပါသည်။

အမည်ပြောင်း

ထီးချိုင့်မြို့နယ်၊ ကျီးကန့်ဒေါင့်ကျေးရွာနေ ဦးနေဝင်း၏သမီး မမေဇွန်ဖြိုးအား မစုစုဝင်းဟု ပြောင်းလဲခေါ်ပါရန်။

မစုစုဝင်း
၅/ထခန(နိုင်)ဝ၄၆၆၁၂

အမည်ပြောင်း

ဦးမြင့်ဇော်ဦး၏သား အထက ကြာအင်းဆိပ်ကြီး တက္ကသိုလ်ဝင်းတန်းမှ မောင်ကျော်ဇောမြတ်အား မောင်ရှိုင်းရဲရင့်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ရှိုင်းရဲရင့်

အမည်ပြောင်း

ဦးသူရိန်ဆန်း၏သား ဗန်းမော်မြို့ အထက (၁)ပဉ္စမတန်း (A)မှ မောင်မင်းချစ်ဖူးသူအား ယနေ့မှစ၍ မောင်မင်းချစ်သူရိန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်မင်းချစ်သူရိန်

ဝန်ထမ်းအလိုရှိသည်

စာရေး- မ- နှစ်ဦး
(အခြေခံပညာအထက်တန်းအောင်)
Mega Win Co.,Ltd.
ဖုန်း-၅၄၃၆၉၆၊ ၅၄၈၂၉၇၊ ၄၀၀၄၇၈၊
(၈)၊အေးသာယာလမ်း၊ဘောက်ထော်၊တာမွေ



တူဒေးစာအုပ်တိုက်

လူငယ်တို့အတွက် လက်ဆောင်မွန်

တူဒေးစာရေးဆရာများ

လူငယ်များအတွက် ခေတ်နှင့်အညီ တိုးတက်မြင့်မားပြီး အသိအမြင် အတွေးအခေါ် ဗဟုသုတများ ရင့်သန်စေရန်ရည်ရွယ်၍ ရေးသားထားပါသည်။ လူငယ်များ မဖြစ်မနေဖတ်သင့်သောစာအုပ်များ၊ လူငယ်တို့အတွက် အဆိုအမိန့်များ၊ လူငယ်များသို့၊ သိက္ခာရှိသော ဘဝနေထိုင်မှုပုံစံဖြစ်အောင်၊ မျက်မှောက်ခေတ်တွင် လူငယ်များ ပြင်ဆင်ဖြည့်ဆည်းထားသင့်သည်များပါဝင်သည့် လူငယ်များအတွက် လက်စွဲဆောင်ထားသင့်သည့် စာအုပ်ကောင်းတစ်အုပ် …

တန်ဖိုး - ၇၀၀ ကျပ်

အမြို့မြို့ဆိုင်တိုင်းတွင် ရနိုင်ပါသည်။

အများသိသာရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၉၊ မြေကွက်အမှတ် ၁၀၁၂/ခ၊ ဧရိယာ စတုရန်းပေ ၁၂၀၀ရှိ နှစ် ၆၀ ဂရန်မြေကွက် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များကို ဦးတင့်နိုင် ၁၂/ဥကတ(နိုင်)ဝ၂၈၈၉၄၊ ဒေါ်ဝင်းဝင်းမော် ၁၂/ဥကတ(နိုင်) ဝ၂၆၄၆၃တို့ကအမည်ပေါက် ပိုင်ဆိုင်ပါသည်။ ဦးတင့်နိုင်နှင့် ဒေါ်ဝင်းဝင်းမော်တို့ထံမှ ၄င်းမြေကွက်ဝယ်ယူရန် စရန်ငွေ ပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိန်ရီ
တရားလွှတ်တော်ရှေ့နေ
အမှတ် ၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၂၃၉၅၆၊ ၀၉-၅၀၃၀၃၇၄

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈အီး ၊ မြေကွက်အမှတ်၁၁၄/၈စီ၊ မြေကွက်တည်နေရာအမှတ်၂၇၅/စီ၊ပြည်လမ်း၊ စမ်းချောင်းမြို့နယ် ဦးစိုင်းကျောက်တစ်အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဦးစိုင်းကျောက်တစ် ၁၃/ကတန(နိုင်) ဝ၂၀၁၇၂ ထံမှ SP ရရှိသူ ဦးစိုးမြင့်သိန်း ၁၂/စခန(နိုင်)ဝ၅၅၁၇၁က အမည်ပေါက် အရောင်းအဝယ်စာချုပ်အမှတ်၉၀၆(၁၆-၅-၁၉၉၅)စာချုပ် မိတ္တူမှန်တင်ပြပြီး မြေတိုင်းနှင့်အဆောက်အအုံ ဆောက်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၀၆၊ မြေကွက်အမှတ် ၁၂၂၆(ခ)အမည်ပေါက် ဦးစန်းငွေ၁၂/လကန(နိုင်)ဝ၇၃၄၀၈ထံမှအဆင့်ဆင့်ဝယ်ယူထားသူ ဒေါ်ဆယ်သိန်း ၆/လလန(နိုင်)ဝ၃၈၁၄၆က မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့်ကန့်ကွက်ရန်ရှိပါကကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကိုဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းအသိပေး ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကြော်ငြာ

ရာနှုန်းပြည့် အောင်မြင်ကြသော ကျောင်းသား၊ကျောင်းသူများအား အထူးဂုဏ်ပြုခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့ ကံ့ကော် အဆင့်မြင့် စခန်းသွင်းဘော်ဒါမှ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲကြီးတွင် (၆)ဘာသာဂုဏ်ထူးရှင် (၂)ဦး၊ (၅)ဘာသာဂုဏ်ထူးရှင် (၁၁)ဦး၊ (၄)ဘာသာ ဂုဏ်ထူးရှင် (၁၈)ဦး၊ (၃)ဘာသာဂုဏ်ထူးရှင် (၁၆)ဦး၊ (၂)ဘာသာဂုဏ်ထူးရှင် (၁၅)ဦး ၊ (၁)ဘာသာဂုဏ်ထူးရှင်(၁၆)ဦး၊ ဖြေဆိုသူပေါင်း (၁၂၂)ဦး၊ အောင်မြင်သူပေါင်း (၁၂၂)ဦး၊ ကျရှုံးသူမရှိ အောင်ချက်ရာခိုင်နှုန်း (၁၀၀%)ဖြင့် ရာနှုန်းပြည့် အောင်မြင်သည့် ကျောင်းတစ်ကျောင်းအဖြစ် သမိုင်းမှတ်တမ်းဝင်ခဲ့ပါပြီ။

သို့ဖြစ်ပါ၍ ဂုဏ်ထူးရှင်ပေါင်း မြောက်မြားစွာဖြင့် ရာနှုန်းပြည့် အောင်မြင်အောင် သင်ကြားပို့ချပေးခဲ့ကြသော ဆရာ၊ ဆရာမများနှင့် အဆောင်မှူးများ၊ ရာနှုန်းပြည့် အောင်မြင်အောင် ကြိုးစားအားထုတ်ခဲ့ကြသော သားငယ်သမီးငယ်များကို အထူးဂုဏ်ပြုသည့်အနေဖြင့် သားတို့သမီးတို့ရဲ့ ဆရာ၊ဆရာမများ၊ အဆောင်မှူးများ၊ သူငယ်ချင်းများနှင့်အတူ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဖူးမြော်ရင်း ပျော်ပျော်ပါးပါး ရန်ကုန်မြို့အနှံ့လျှောက်လည်ကြရအောင်။

ဘုရားဖူးလိုက်ပါမည့် အောင်မြင်သူ **ကံ့ကော်** သားငယ်၊ သမီးငယ်များအားလုံး အမြန်ဆုံးဆက်သွယ် စာရင်းပေးကြပါရန်။

နောက်ဆုံးစာရင်းပေးရက်	-	၆-၇-၂၀၁၃ (စနေနေ့)
ဘုရားဖူးပို့ဆောင်ပေးမည့်ရက်	-	၁၀-၇-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ (၂)နာရီ (မွန်းတည့် ၁၂ နာရီ ကျောင်းသို့အရောက်)

မှတ်ချက်။ ။ စရိတ်ငြိမ်းပို့ဆောင်ပေးမည်ဖြစ်ပါသည်။ ခရီးစဉ်တစ်လျှောက် မြန်မာ့ယဉ်ကျေးမှုနှင့် မဆီလျော်သော အဝတ်အစားများ ဝတ်ဆင်ခွင့်မပြုပါ။

အနယ်နယ်အရပ်ရပ်မှ ယုံကြည်အားကိုးစွာ
အပ်နှံကြသော ကျေးဇူးရှင် ကျောင်းသားမိဘများအား
အစဉ်လေးစားလျက်

တက်နေ ဦးဝင်းမြင့် + ဒေါ်သီသီရွှေ
(တာဝန်ခံအုပ်ချုပ်သူ)
ကံ့ကော် အဆင့်မြင့် စခန်းသွင်းဘော်ဒါ
ရေဦးမြို့
ဖုန်း - ၀၇၅-၄၀၅၀၃၊ ၀၉-၆၄၇၀၂၄၂ ၊ ၀၉-၉၀၀၅၃၅၀၅

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်သန်းတင်
(မြင်းခြံ၊ တောင်သာ၊ ကျောက္ကာ)
အသက်(၉၇)နှစ်

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး-ဒေါက်တာ ဒေါ်ခင်မေအေးတို့၏မိခင် ဒေါ်သန်းတင်သည် ၁၅-၆-၂၀၁၃ရက် (စနေနေ့) နံနက်၁၀း၀၅နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစု နှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့်ဇနီး ဒေါ်သက်သက်ဆွေ
ပြန်ကြားရေးဝန်ကြီးဌာန

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေကန် ဒါယိကာမကြီး
ဒေါ်သန်းတင် (မြင်းခြံ၊ တောင်သာ၊ ကျောက္ကာ)
အသက်(၉၇)နှစ်

(ဦးသော်ရာ-ဒေါ်ငွေမှီ)တို့၏သမီး၊ (ဦးအုံးပင်-ဒေါ်အိ)တို့၏သမီးချွေးမ၊ တောင်သာမြို့နယ်၊ ပါလီမန်အမတ်ဟောင်း၊ လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်) (ဦးစံပြည့်)၏ဇနီး၊ ဒေါက်တာဦးကျော်တင့်-ဒေါ်ယဉ်ယဉ်မေ၊ (ဦးအောင်ဇေယျ)၊ ဒေါ်သန်းသန်းအိ (ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန)၊ ဒေါ်မြမြသန်း၊ ဦးတင်မိုး(မီးသတ်ဦးစီးဌာန)-ဒေါက်တာဒေါ်ခင်မေအေးတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေပင်လုံအိမ်ရာနေ ဒေါ်သန်းတင်သည် ၁၅-၆-၂၀၁၃ရက် (စနေနေ့) နံနက် ၁၀း၀၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဒေါက်တာဦးသက်တင်
(အငြိမ်းစားဆေးရုံအုပ်ကြီး)
အသက်(၈၂)နှစ်

ရစ်ကန်ကြီးကျေးရွာနေ (ဦးကီယား-ဒေါ်သန်း)တို့၏သား၊ ပျဉ်းမနားမြို့နေ (ဦးသိန်းမောင်-ဒေါ်အေးကြွယ်)တို့၏သားသမက်၊(ဦးပါ-ဒေါ်ကြင်ဥ)၊(ဦးအောင်စိန်-ဒေါ်နီ)၊(ဦးဘသောင်း)-ဒေါ်ကြင်တို့၏မောင်၊ပဲခူးမြို့၊ ပြည်တော်သာ ၁လမ်း၊ အမှတ် ၄၄၀နေ ဒေါ်အုံးရီ၏ခင်ပွန်း၊ ဒေါ်တင်တင်မိုး(ကထိက၊ သတ္တဗေဒဌာန၊ ပဲခူးတက္ကသိုလ်)၊ ဒေါက်တာမြတ်ကောင်းရွှေ-ဒေါက်တာတင်တင်တိုး (ခေတ္တ-UK)၊ ဦးမောင်မောင်မျိုး၊ ဦးမောင်မောင်စိုး၊ ဦးမောင်မောင်ဖြိုး-ဒေါ်အိမမဖြိုးမွန်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၅-၆-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၃ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ပဲခူးမြို့ ဆင်ဖြူကွင်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ညိုညိုစိန် (အလက-၇၊ မန္တလေး၊ အလပြ၊ ငြိမ်း)
အသက်(၆၅)နှစ်

မန္တလေးမြို့၊ ၁၄လမ်းနေ ဒေါက်တာမောင်မောင်၏ဇနီး၊ ဦးထွဋ်းလင်းစော-ဒေါ်ဥမ္မာခင်တို့၏မိခင်၊ မသန့်ရတီဆု၊ မဖူးမြတ်သီရိထွန်းတို့၏အဘွားသည် ၁၅-၆-၂၀၁၃ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၃ရက် ညနေ ၃နာရီတွင် ကြာနီကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၆-၂၀၁၃ရက် နံနက် ၁၀နာရီတွင် ၁၄လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ကျေးဇူးတင်ရှိခြင်း

နာရေးကိစ္စအဝဝတွင် ကူညီဆောင်ရွက်ခဲ့သော မိတ်ဆွေများ၊ ရပ်ဝေးရပ်နီးမှ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း ဆက်သွယ်သတင်းမေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု

ဗိုလ်ကြီးကျော်သက် (ငြိမ်း)
ကြည်း-၂၃၄၃၃၊ O.T.S (84)
နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်ဆုရှင် အလေးမအားကစားသမားဟောင်း
လက်ထောက်ညွှန်ကြားရေးမှူး (အား/ကာဦးစီးဌာန)
အသက်(၅၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ၂(က)စံပြရပ်ကွက်နေ (ဦးစိန်လှ)-ဒေါ်တင်မေ၏သားကြီး၊ (ဦးတင်မောင်-ဒေါ်နုတင်)တို့၏သားသမက်၊ (ဒေါ်မြင့်မြင့်စိန်)၏ခင်ပွန်း၊ ဦးစိန်တင်၊ ဦးထွန်းအောင်-ဒေါ်စန်းစန်းနု၊ ဦးအေးအောင်-ဒေါ်သက်သက်လှိုင်၊ ဗိုလ်ကြီးဟန်မြ-ဒေါ်မိမိ၊ ဒေါ်ဥမ္မာ၊ ဦးဝင်းနိုင်-ဒေါ်သီတာတို့၏အစ်ကိုကြီး၊ မအေးအေးသက်၏ဖခင်ဖြစ်သူ ဗိုလ်ကြီးကျော်သက်(ငြိမ်း) (လက်ထောက်ညွှန်ကြားရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန)သည် ၁၆-၆-၂၀၁၃ရက် ညနေ ၃း၅၀နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၈-၆-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် ကွင်းကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစောဖရင့်အော့ဖ်ဝေး
(ကျောင်းအုပ်ဆရာကြီး)
အမက(၁၂)အင်းစိန်
အသက်(၆၀)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဒေါ်လှဝင်းလမ်း၊ အမှတ် ၂၂၆ရနေ (ဦးစောညွန့်စိန်)-နော်ဂျူးမေတို့၏သား၊(ဦးစောဘထွန်းတင်-နော်ဖြူးထေ)တို့၏သားသမက်၊ နော်လယ်စေး၏ခင်ပွန်း၊ စောဂျင့်ပ်ဝေး၊ စောဂျက်စပယ်ဝင်း - နော်တောတောအယ်၊ စောဂျယ်ရီဝေး-နော်ဇာနီနီသိန်း၊ စောဂျဲစီဝေး၊ စောဂျူးဝဲလ်ဝေးတို့၏ဖခင်၊ နော်ဝမ်းဒါးဖိုးလေး၏အဘိုးသည် ၁၅-၆-၂၀၁၃ရက် (စနေနေ့)နံနက် ၁၂း၄၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇-၆-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် အင်းစိန်ကရင်နှစ်ခြင်းခရစ်ယာန်အသင်းတော်K.B.Cဘုရားကျောင်း (ယိုးဒယားဈေးအနီး)၌ ဆုတောင်းဝတ်ပြုပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန် ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဒေါ်ခင်ပြုံးသန်း(ခ)မပြုံး
(ဆလက/၄၁၆၃၉)
ရန်ကင်းဗဟိုပစ္စည်းထိန်းမှူးရုံး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အသက်(၅၁)နှစ်

ဦးမင်းမော်၏ဇနီး၊ မမီမီကျော်(ခ) ပုံ့ပုံ့(KUMON SCHOOL)၊ မဝင်းသီရိအောင်[(G.T.C) Second Year လှိုင်သာယာ]၊မောင်ဉာဏ်မြင့်မော်(ထ-၅၊တ/ဥ)တို့၏မိခင်သည် ၁၅-၆-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၂း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၆-၂၀၁၃ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးနိုင်ရောစ
မွန်ပြည်သစ်ပါတီ(NMSP)၏ ဒုတိယဥက္ကဋ္ဌ၊
ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင်
အသက်(၆၇)နှစ်

မွန်ပြည်သစ်ပါတီ (NMSP)၏ ဒုတိယဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဦးဆောင်ဦးရွက် ဆောင်ရွက်နေသူတစ်ဦးဖြစ်သော ဦးနိုင်ရောစသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တာဝန်များအား ထမ်းဆောင်နေရင်း ၁၅-၆-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရှိရသဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီမှ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ

ဝမ်းနည်းကြေကွဲခြင်း
ဦးနိုင်ရောစ
မွန်ပြည်သစ်ပါတီ(NMSP)၏ ဒုတိယဥက္ကဋ္ဌ၊
ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင်
အသက်(၆၇)နှစ်

မွန်ပြည်သစ်ပါတီ (NMSP)၏ ဒုတိယဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဦးဆောင်ဦးရွက် ဆောင်ရွက်နေသူတစ်ဦးဖြစ်သော ဦးနိုင်ရောစသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တာဝန်များအား ထမ်းဆောင်နေရင်း ၁၅-၆-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်းသိရှိရသဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီမှ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ

ဝမ်းနည်းကြေကွဲခြင်း
ဦးနိုင်ရောစ
မွန်ပြည်သစ်ပါတီ(NMSP)၏ ဒုတိယဥက္ကဋ္ဌ၊
ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင်
အသက်(၆၇)နှစ်

မွန်ပြည်သစ်ပါတီ (NMSP)၏ ဒုတိယဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဦးဆောင်ဦးရွက် ဆောင်ရွက်နေသူတစ်ဦးဖြစ်သော ဦးနိုင်ရောစသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တာဝန်များအား ထမ်းဆောင်နေရင်း ၁၅-၆-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်းသိရှိရသဖြင့် မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC)မှ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC)

ဝမ်းနည်းကြေကွဲခြင်း
ဦးနိုင်ရောစ
မွန်ပြည်သစ်ပါတီ (NMSP) ၏ ဒုတိယဥက္ကဋ္ဌ၊
ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင်
အသက်(၆၇)နှစ်

မွန်ပြည်သစ်ပါတီ (NMSP)၏ ဒုတိယဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဦးဆောင်ဦးရွက် ဆောင်ရွက်နေသူတစ်ဦးဖြစ်သော ဦးနိုင်ရောစသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တာဝန်များအား ထမ်းဆောင်နေရင်း ၁၅-၆-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်းသိရှိရသဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမိသားစုမှ ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်နှင့်
ရထားပို့ဆောင်ရေးဝန်ကြီးဌာနမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ
ဗိုလ်ကြီးသန်းထိုက်စိုး(ငြိမ်း) O.T.S (85)
ဒုတိယညွှန်ကြားရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)
ပြည်ထဲရေးဝန်ကြီးဌာန
အသက်(၄၆)နှစ်

ရန်ကုန်မြို့နေ ဦးမြသိန်း-ဒေါ်နီနီတို့၏သား၊ (ဗိုလ်မှူးအတာ)-ဒေါ်နန်းမြလေးတို့၏သားသမက်၊ ဦးသန်းထွန်းအောင်-ဒေါ်ခင်သီတာတို့၏ညီ/မောင်၊ ဒုတိယဗိုလ်မှူးကြီးကိုကိုလတ်(ငြိမ်း)-ဒေါ်စန္ဒာမြင့်၊ဦးညီညီလတ်၊ဦးနေလင်းဦး-ဒေါ်ခင်ချိုဦး၊ ဗိုလ်မှူးစိုင်းဆွေထိုက်၊ ဒေါက်တာချစ်အောင်မှူး၊ ဒေါ်နန်းမိုခမ်း (ခေတ္တ-U.K)တို့၏အစ်ကိုသည် ၁၅-၆-၂၀၁၃ရက် (စနေနေ့)ညနေ ၄နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၃ရက်(တနင်္လာနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကျင်စိန်(ခ)
ဦးထွန်းနိုင်
(ပေါင်းတည်)
အသက်(၆၆)နှစ်

ပေါင်းတည်မြို့၊ ရန်ကုန်လမ်းနေ (ဦးလှကြည် - ဒေါ်ဝင်းဘိ)တို့၏သားကြီး၊ ပြည်မြို့နေ (ဦးကျင်ဟင်း-ဒေါ်ခင်ကြူ)တို့၏သားသမက်၊ ဒေါ်ခင်အေးကြိုင်၏ခင်ပွန်း၊ ကိုကြည်မျိုးမင်း-မမေဇင်စိုး၊ မအေးစုစုခိုင်တို့၏ ဖခင်သည် ၁၅-၆-၂၀၁၃ရက်(စနေနေ့) မွန်းလွဲပိုင်းတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၃ရက်(တနင်္လာနေ့)မွန်းလွဲ ၂း၃၀နာရီတွင် ပေါင်းတည်မြို့ မြောက်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးကျော်မင်း
(ပုဇွန်တောင်မြို့နယ် ဆန်ကုန်သည်
အသင်းဥက္ကဋ္ဌ၊ ပုဇွန်တောင်ဈေး)
အသက်(၅၈)နှစ်

ရန်ကုန်မြို့နေ (ဦးအချွန်-ဒေါ်သန်းရှင်)တို့၏သား၊ မော်လမြိုင်မြို့နေ ဦးမြဟန် - ဒေါ်သန်းတင်တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၁၃(ငါးလွှာ)၊ မဟာသုခလမ်း၊ ရေကျော်ရပ်၊ ပုဇွန်တောင်မြို့နယ်နေ ဒေါ်ခင်မြင့်နွယ်၏ခင်ပွန်း၊ မဥပိုးဖြူ၏ဖခင်၊ ဦးခင်ဝင်း-ဒေါ်သန်းအေး၊ ဦးမျိုးထွန်း - ဒေါ်ဝင်းကြည်၊ (ဦးမြတ်ခိုင်)-ဒေါ်ရီတင်၊ဦးခင်ခိုင်-ဒေါ်ကြင်ကြင်ငွေးတို့၏ညီ/မောင်၊ ဦးကြည်ဝင်း-ဒေါ်ညွန့်ညွန့်၊ ဦးမင်းအောင်-ဒေါ်အေးအေးချို၊ ဒေါ်ဖြူဖြူခိုင်၊ ကိုဇော်မိုး၊ ကိုလေးနိုင်-မယဉ်ယဉ်အေးတို့၏အစ်ကိုသည်၁၅-၆-၂၀၁၃ရက်(စနေနေ့)မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
ဒေါ်အေးမြင့်
(ညောင်ပင်ဆိပ်၊ အောင်လံ)
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ MAC Tower II၊ တိုက်အမှတ် ၇၉၇၊ အခန်း ၅၀၁-Aနေ (ဦးထွန်းကြည်)၏ဇနီး၊ ဦးသော်ဇင်(Ex-R/O)-ဒေါ်ခင်ဦးသွင်၊ ဦးသိန်းဇော်ဦး (အင်ဂျင်နီယာ၊ ငြိမ်း)-ဒေါ်ဘေဘီ(အထည်ဆိုင်၊ အောင်လံ)တို့၏မိခင်၊ ဒေါက်တာစံသာနှင်းထက်(1st Year, M.Medsc-OG, IM-2)၊ နန္ဒာဝင်းဆက်၊ ဝင့်သန္တာဖြိုး၊ မောင်ရှန်းဘုန်းထူးတို့၏အဘွားသည် ၁၅-၆-၂၀၁၃ရက် (စနေနေ့)နံနက် ၁၁း၁၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၇-၆-၂၀၁၃ရက်(တနင်္လာနေ့)မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းတည့်၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးလီစိန် (မိုးကောင်း)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်၊ အမှတ် ၁၃၃နေ 99 ခန်းဆီးလိုက်ကာ ဦးထွန်းမောင် - ဒေါ်နန်းစံဖောင်၊ ဒေါ်အေးအေးမြင့်၊ ဦးထွန်းရွှေ-ဒေါ်ရွယ်တောင်၊ ဦးသက်နိုင်-ဒေါ်စန်းစန်းမြင့်၊ ဦးကျော်သက်အောင်(ခ)ကိုပေါက်-ဒေါ်ချယ်ရီဦးတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၁၅-၆-၂၀၁၃ရက် ည ၅း၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၆-၂၀၁၃ရက် (တနင်္လာနေ့)တွင် ရေဝေးအအေးတိုက်မှယူနန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၁-၆-၂၀၁၃ရက် (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးထွန်းမင်း(ခ)ဆရာနန်း
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊လမ်း ၄၀(အလယ်)၊ အမှတ် ၁၉၆၊ သုံးထပ်(ဝဲ)နေ (ဦးလီအဟောင် - ဒေါ်ထောင်ဖုန်လန်)တို့၏သား၊ဒေါ်သန်းသန်း၏ခင်ပွန်း၊ ဦးပေါက်ကြီး-ဒေါ်ပုစုး၊ဦးကျော်ညွန့်-ဒေါ်သီတာသန်း၊ ဦးကျော်ဝင်း-ဒေါ်စန်းစန်းဝင်း၊ ဦးအေးဝင်း-ဒေါ်တင်တင်အေး၊ ဦးရန်နိုင်-ဒေါ်အေးချို၊ ဦးမင်းမောင်မောင်-ဒေါ်မီးမီး၊ ဦးစိုးစိုး-ဒေါ်ရွှေစင်အောင်တို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည်၁၅-၆-၂၀၁၃ရက်(စနေနေ့)မွန်းလွဲ ၁း၄၅နာရီတွင် အမှတ် ၁၃၄/၁၃၅၊ ဝေဇယန္တာဥယျာဉ်ရိပ်သာ၊ သင်္ဃန်းကျွန်းမြို့နယ်နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးမရန်ဂျာနော်
အသက်(၆၀)

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်နေ (ဦးဒယ်နီယယ်တန်-ဒေါ်ဒေစီထူး)တို့၏သား၊ (ဦးဂိုမ်းစ်သော်) - ဒေါ်မေမေထားတို့၏ သားသမက်၊ ဒေါက်တာဘင်ဂျမင် - ဒေါ်အကိန်၊ (ဒေါ်ခေါန်မိုင်)-ဦးလမာတူးတို့၏ညီ/မောင်၊ ဒေါ်ဂျီးလု-ဦးငွေးသွင်၊ ဒေါ်ရွယ်ဆိုင်း - ဦးအောင်တင်စိန်တို့၏အစ်ကို၊ မဂျူးဒစ်ဂျာခေါန်ဘူ၊ မောင်အောင်ဆန့်မိုင်-မခိုင်ငြိမ်းငြိမ်းသူ၊ မောင်ဗျူးမြတ်အောင်တို့၏ဖခင်၊ မအေရီယာရ်ဆိုင်းမိုင်၏အဘိုး၊ ဒေါ်မူးရာသော်၏ခင်ပွန်းသည် ၁၅-၆-၂၀၁၃ရက် (စနေနေ့) ည ၁၀း၅၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇-၆-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ဝတ်ပြုဆုတောင်းမည်ဖြစ်ပါ၍ သန်လျင်မြို့၊ ယမ်းတိုက်ကွင်းခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ (အမှတ် ၂၂၊ ရွှေဝါလမ်းသွယ်-၂၊ အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

သီရိပျံချီ ဗိုလ်မှူးကြီးတင်ဦး (ငြိမ်း)
ကြည်း-၃၅၄၆၊ သူရဲကောင်းမှတ်တမ်းဝင်
ဒုတိယညွှန်ကြားရေးမှူး (အမြောက်နှင့်သံချပ်ကာ)
ဒုတိယဝန်ကြီး၊ ပို့/ဆက်ဝန်ကြီးဌာန(ငြိမ်း)
မော်ကွန်းဝင်(ပထမဆင့်)၊ နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)
အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ပါရမီရိပ်သာ၊ စပါယ်ရုံလမ်း၊ အမှတ်(၆၅၈)နေ (ဦးကျော်ခိုင်-ဒေါ်မယ်ထိန်)၏သား၊ (ဦးမောင်-ဒေါ်နွယ်)တို့၏သားသမက်၊ (ဒေါ်လှလှခင်)၏ခင်ပွန်း၊ ဒေါက်တာမျိုးခင်(ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ ဆေးသုတေသနဦးစီးဌာန၊ အောက်မြန်မာပြည်)-ဒေါက်တာခင်မေဦး(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဆေးသုတေသနဦးစီးဌာန၊ အောက်မြန်မာပြည်)၊ ဦးခင်မောင်ဦး၊ ဦးထွန်းအောင်(2/AE MTM Ship Management Co.,Ltd.)-ဒေါ်ရွှေဇင်ဦး(အထပြ၊ အထက-၁၊ စမ်းချောင်း)၊ ဒေါ်တင်နွယ်ဦး(ဌာနခွဲမှူး၊ အမှတ်-၃၊ အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန)တို့၏ဖခင်၊ မောင်သူရိန်မျိုးခင်၊ မခိုင်စန္ဒာမျိုးခင်၊ မောင်ဗညားထွန်းအောင်၊ ဒေါက်တာရည်မွန်ထွန်းအောင်၊ မအိန္ဒြာမျိုးခင်တို့၏အဘိုးသည် ၁၅-၆-၂၀၁၃ရက် (စနေနေ့) နံနက် ၅း၁၅နာရီတွင် သုခမ္မာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၃ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယကာကြီး
ဦးစိုးဝင်း (မုံရွာ)
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊မြေနီကုန်း(မြောက်)ရပ်ကွက်၊ ရှမ်းကုန်းလမ်း၊ အမှတ် ၃၅နေ ဒေါ်ခင်ဝင်း၏ခင်ပွန်း၊ ဦးအောင်နိုင်-ဒေါ်အေးအေးခိုင်၊ဒေါ်အေးအေးစိုး (ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)၊ ဦးစိုးနိုင် (Schlumberger) - ဒေါ်ခင်ဥမ္မာ၊ ဒေါက်တာဒေါ်နီလာစိုး[ပါမောက္ခ (ဌာနမှူး) ဥပဒေပညာဌာန၊ တောင်ကြီးတက္ကသိုလ်]၊ ဒေါ်စန္ဒာစိုး(မစန္ဒာစတိုးဆိုင်)တို့၏ဖခင်၊ မဆုမြတ်စန္ဒီ၊ မဆုသီရိစိုး၊ မောင်ထူးမြတ်နိုင်တို့၏ဘိုးဘိုးကြီးသည် ၁၆-၆-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၄း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးလှမြင့်
(ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့)
ဒုလက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊
စားသောက်ကုန်လုပ်ငန်း(သကြား)၊
အမှတ်(၁)စက်မှုဝန်ကြီးဌာန
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ MWEA Tower ၊ အခန်း ၁၀၀၂နေ ဒေါ်သန်းသန်းစိန်၏ခင်ပွန်း၊မသီတာ၊ မသီဂီ၊ ကိုကျော်ထွဋ်၊ကိုတင်ထွဋ်၊ မမေအောင်၊ ကိုမင်းမင်းထွေးတို့၏ဖခင်၊ မောင်သန်းထွဋ်ဦး၊ မဘရဏီတင်ထွဋ်၊ မခေတ်ဆုဟေကိုတို့၏အဘိုးသည် ၁၆-၆-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၈-၆-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၂-၆-၂၀၁၃ရက် (စနေနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်သိန်းရီ
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်းနေ ဦးဘိုးသင်း-ဒေါ်အိုမတို့၏သမီး၊(ဦးဝင်းရွှေ)၏ဇနီး၊ ကိုစိုးမိုးနိုင်-မသီတာခိုင်၊ ကိုသက်ထူးမောင်-မခင်ခင်ဦး၊ ဗိုလ်မှူးကျော်သီဟ-မစန်းစန်းအေးတို့၏မိခင်၊ မဝင်းပပသက်၊ မအေးအေးထက်၊ မပိုးသီရိကျော်တို့၏ဘွားဘွားကြီးသည် ၁၅-၆-၂၀၁၃ရက် ည ၁၀း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမြင့်နိုင်(ခ)ဦးကံမြင့်
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ငြိမ်း)
မိုးကုတ်/စမ်းချောင်း
အသက်(၇၀)

မိုးကုတ်မြို့၊ ရှမ်းတောရပ်နေ (ဦးစံရှိန်-ဒေါ်ငွေပင်)တို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ အမှတ် ၇(က)၊ သီရိမင်္ဂလာလမ်းနေ (ဦးဖိုးမှင်-ဒေါ်လှမိ)တို့၏သားသမက်၊(ဦးစံသူ-ဒေါ်ရင်ရင်)၊(ဦးစံကူ)၊ (ဒေါ်ခင်မိမိ)၊ ဦးကံပွင့်၊ ဦးကံတင့်-ဒေါ်ခင်ပြုံးရီ၊ (ဦးလှအေး)-ဒေါ်အေးကြည်၊ (ဒေါ်သန်းနု)၊ (ဦးအောင်ခင်)-ဒေါ်သိန်းနွဲ့တို့၏ညီ/မောင်၊ [ဒေါ်ကြင်သိန်း(ခ)ဒေါ်ချယ်ရီ]၏ခင်ပွန်း၊ ကိုဝင်းနိုင်ဦး၊ ကိုသော်ဇင်-မဇင်ဇင်မြင့်၊ မနေခြည်၊ မောင်ကျော်ဇေယျတို့၏ဖခင်သည် ၁၅-၆-၂၀၁၃ရက်(စနေနေ့)ညနေ ၄နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၇-၆-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၁-၆-၂၀၁၃ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်တင်တင်အုန်း(ခ)
လီလီသိန်း (ကူမဲ)
ကျောက်ဆည်အသင်းရန်ကုန်၏
ရာသက်ပန်အသင်းဝင်
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပြည်သာယာဘောက်ထော်ရပ်ကွက်၊ ဂီတမာလာလမ်း၊အမှတ် ၆၉နေ(ဦးသိန်းမောင်-ဒေါ်ကြင်ဆိုင်)တို့၏သမီး၊ ဦးမင်းဆွေ (B.A, R.L တရားလွှတ်တော်ရှေ့နေ၊ ကျောက်ဆည်အသင်း၊ ရန်ကုန်၏ဥပဒေအကြံပေးနှင့်ကျောက်ဆည်အသင်း ဓမ္မာရုံဗိမ္မာန်တော်၏ ဂေါပကဥက္ကဋ္ဌ)၏ဇနီး၊ ဦးမြင့်ဆွေ - ဒေါ်မိုးမိုးလှိုင် (ကောင်းမြတ်ထက် ပါတိတ်ဆိုင်၊ မင်္ဂလာဈေး)၊ ဦးအောင်သန်း - ဒေါ်သိန်းသိန်းလှိုင် (U.S.A)တို့၏မိခင်၊ မောင်ကောင်းမြတ်ထက်၊ မသင်းမြတ်စပယ်သန်းတို့၏အဘွားသည် ၁၅-၆-၂၀၁၃ရက် နံနက် ၁၁း၄၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစောရောဂျာအောင်
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃) ရပ်ကွက်၊ကံဘဲ့၊အမှတ် ၁၇၇နေ (ဦးစောလင်းဘတ်)-ဒေါ်နော်စေးဖောတို့၏သားကြီး၊ ဒေါ်နော်လှလှ၏ခင်ပွန်းသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁) ရပ်ကွက်၊ ကံ့ကော်လမ်း၊ အမှတ် ၇၃၃ နေအိမ်၌ ၁၃-၆-၂၀၁၃ရက် ည ၉း၁၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၆-၆-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

အထက်ပါနေအိမ်၌ ၁၈-၆-၂၀၁၃ရက် နံနက် ၇နာရီတွင်ဝတ်ပြုဆုတောင်းပွဲပြုလုပ်ပါမည်။ ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

ရွှေရတုမြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ ဆက်

နေပြည်တော် ဇွန် ၁၆

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ရွှေရတု မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**

နံနက်ပိုင်းမှစတင်၍ ပြည်တွင်းပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမရှေ့ ဥပစာနှင့် ကျောက်စိမ်းခန်းမ ပရိဝုဏ်ဘေးဝဲယာနှစ်ဖက်တွင် တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချရန်သတ်မှတ်ဧရိယာအလိုက် ခင်းကျင်းပြသထားသော ကျောက်စိမ်းအတွဲများအား စိတ်ဝင်တစား လိုက်လံကြည့်ရှုလေ့လာကြကာ ဝယ်ယူလိုသည့် ကျောက်စိမ်းအတွဲများကို အမှတ်အသားပြုကြသည်။

အလားတူ မဏိရတနာကျောက်စိမ်းခန်းမအပေါ်ထပ် ရတနာဈေးတွင် ခင်းကျင်းပြသထားသော ကျောက်မျက်အတွဲများရောင်းချရာ ခန်းမများတွင်လည်း ပြည်တွင်းပြည်ပရတနာကုန်သည်များ စိတ်ဝင်တစားလေ့လာကြည့်ရှု၍ဝယ်ယူရန် မှတ်သားနေကြသည်ကို တွေ့မြင်ရသည်။

ကျောက်စိမ်း ခန်းမအတွင်း လက်ဝတ်ရတနာ ဖက်ရှင်ရှိုးပွဲကို ဒုတိယနေ့အဖြစ် ဆက်လက်တင်ဆက်ပြသလျက်ရှိရာ ခေတ်မီဆန်းသစ်လှပသော ကျောက်မျက်ရတနာ လက်ဝတ်တန်ဆာများကို မြန်မာဆန်သည့်ရိုးရာအလှဝတ်စုံများ၊ ပုသိမ်ထီးရောင်စုံများဖြင့် လှပျိုဖြူလေးများက တွဲဖက်ပေါင်းစပ်ပြသကြသည်။

အလှတွင် အယဉ်ဆင့်ကာ လှပပြေပြစ်သည့် လှပျိုဖြူလေးများ၏ မြန်မာဆန်သော ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် တန်ဖိုးအနဂ္ဃထိုက်တန်သည့် *စာမျက်နှာ ၉ ကော်လံ ၁* ✻

ရှမ်းပြည်နယ်ထွက် စားကည္ဂတ်များ ထိုင်းသို့ ပို့ကုန်အမယ်သစ်တင်ပို့

နေပြည်တော် ဇွန် ၁၆

ကြံတိုင်းအောင်-ရေးသည်

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ပို့ကုန်လုပ်ငန်း၏ အဓိကအခန်းကဏ္ဍမှာ ပါဝင်လျက်ရှိပြီး ယခုလဆန်းပိုင်းမှစပြီး မြန်မာနိုင်ငံဒေသထွက် စားကည္ဂတ်များ ထိုင်းနိုင်ငံသို့ ပို့ကုန်အမယ်သစ်အဖြစ် တင်ပို့လာနိုင်ကြောင်း မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်မှ ကည္ဂတ်တင်ပို့ရောင်းချသူတစ်ဦးက ပြောသည်။

"ယခုအခါမှာ မြန်မာနိုင်ငံမှ စားကည္ဂတ်များ ထိုင်းနိုင်ငံမှ အလွန်အဝယ်လိုက်နေပါတယ်။ ယခုလဆန်းပိုင်းကစပြီး ပို့တာပါ။ ဝယ်လိုအားကောင်းပါတယ်။ ယခုအထိ ထိုင်းနိုင်ငံဘက်ကို မြန်မာနိုင်ငံမှ ကည္ဂတ် ကီလိုဂရမ် ၈၀၀၀ ကျော်လောက် ပို့ပြီးပါပြီ။ ဆက်လက်ပြီးလည်း တင်ပို့နေပါတယ်" ဟု ကည္ဂတ်ရောင်းဝယ်သူ ဦးသိန်းထွန်းက ပြောသည်။

စာမျက်နှာ ၉ ကော်လံ ၅ ❀

ယနေ့

မာတိကာ

တောင်အာရှ အမျိုးသမီးများ ရင်သားကင်ဆာပိုဖြစ်

စာမျက်နှာ-၅

ယူရို-၂၁ အီတလီနှင့် စပိန်ဗိုလ်လုမည်

စာမျက်နှာ-၁၄

ရေအိုင်ငယ်လေး တစ်အိုင်

စာမျက်နှာ-၁၇

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

မကွေးနှင့်ဟံသာဝတီတို့ နိုင်ပွဲရ

မကွေးနှင့် ရခိုင်တို့ယှဉ်ပြိုင်နေစဉ်။

➤ သတင်း-ညီမြတ်သော်တာ ➤ ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် ဇွန် ၁၆

MNL Myanmar 2013 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၁၃) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ သုဝဏ္ဏကွင်း၌ ကစားသောပွဲတွင် မကွေးက ရခိုင်ယူနိုက်တက်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မကွေးအသင်းမှာ အမှတ်ကွာဟမှု ကျဉ်းမြောင်းစေရန်အားကုန်ထုတ် ကစားခဲ့သည်။ နိုင်ငံခြားသားကစားသမားအချို့ မပါဝင်နိုင်သော်လည်း မကွေးအသင်းမှာ ရခိုင်နောက်တန်း၏ အမှားကိုအသုံးချကာ နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယခုပွဲတွင်တောင်ပံကစားသမား ကိုကိုနိုင်က မကွေးနိုင်ပွဲအတွက် ခြေစွမ်းပြကစားခဲ့ပြီး ၃ မိနစ်နှင့် ၁၉ မိနစ်တွင် နှစ်ဂိုးသွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် ရခိုင်အသင်း ချေပဂိုးရရှိရန်ကြိုးစားခဲ့ပြီး ၅၆ မိနစ်တွင် ပီနာက ချေပဂိုးတစ်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရခိုင်တို့ချေပဂိုးထပ်ရရန် ကြိုးပမ်းခဲ့သော်လည်း မကွေးက ထိန်းကစားသွားခဲ့သည်။

အောင်ဆန်းကွင်း၌ ကစားသောပွဲတွင် ဟံသာဝတီက မနောမြေကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပွဲစဉ် (၁၃) အပြီးတွင် လက်ရှိ ချန်ပီယံ ရန်ကုန်အသင်းက ၂၆ မှတ်ဖြင့် ပထမနေရာတွင် ရပ်တည်နေပြီး ကမ္ဘောဇနှင့် ဇေယျာရွှေမြေအသင်းတို့မှာ ၂၅ မှတ်စီ တူနေသော်လည်း ဂိုးကွာခြားချက်ဖြင့် ကမ္ဘောဇ က ဒုတိယ၊ ဇေယျာရွှေမြေ က တတိယ၊ နေပြည်တော်အသင်း က ၂၄ မှတ်ဖြင့် စတုတ္ထ၊ မကွေးအသင်းက ၂၃ မှတ်ဖြင့် ပဉ္စမ၊ ရောဝတီအသင်းက ၂၁ မှတ်ဖြင့် ဆဋ္ဌမနေရာတို့တွင် ရပ်တည်နေသည်။ ပွဲစဉ် (၁၄)ကို ဇွန် ၁၉ ရက် နှင့် ၂၀ ရက်တို့တွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ကလေးမြို့ သာစည်ဘေလီတံတားကျိုးပြတ်

ကလေး ဇွန် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကလေး-နတ်ချောင်းလမ်း မိုင်တိုင် ၈၀/၀ နှင့် ၈၀/၁အကြား ကလေးမြို့မှ သုံးမိုင်အကွာရှိ သာစည်ကျေးရွာအနီး သာစည်ဘေလီတံတားပေါ်တွင် ဇွန် ၁၅ ရက်က ယာဉ်မောင်း အောင်ကျော်ဦး မောင်းနှင်လာသည့် မြန်မာ့သစ်လုပ်ငန်းပိုင် ၁၂ ဘီးကားကြီး NISSAN အမျိုးအစား ၅ခ/. . . ကားကြီးသည် KOMATSU၊ PC 300 LC မြေကော်စက်ကြီး တင်ဆောင်လျက် တံတားပေါ်ဖြတ်ကူးနေစဉ် တံတားကျိုးပြတ်သွားပြီး အဆိုပါမြေကော်စက်ကြီးသည် တံတားအောက်သို့ ကျသွားကာ ၁၂ ဘီးကားကြီးသည် တံတားပေါ်၌ တင်ကျန်လျက်ရှိသည်။ **(ယာပုံ)**

ကလေး-နတ်ချောင်းလမ်းမသည် နည်းပညာတက္ကသိုလ်ကျောင်းသွားရာလမ်းနှင့် ကလေး-ဂန့်ဂေါ-မုံရွာ- မန္တလေး-ရန်ကုန်မြို့များသို့ ခရီးသည်တင်မှန်လုံကားကြီးများ အသုံးပြုနေသည့် လမ်းမလည်းဖြစ်သဖြင့် ခရီးသွားပြည်သူများနှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ အဆင်ပြေစေရေးအတွက် ကလေးမြို့ ပြည်သူ့ဆောက်လုပ်ရေးမှ အချိန်မီ လမ်းလွှဲဖောက်လုပ်ပေးရာ ယခုအချိန်တွင် ယာဉ်ကြီးယာဉ်ငယ်များ၊ ပြည်သူများနှင့် တက္ကသိုလ်ကျောင်းသားကျောင်းသူများ အဆင်ပြေစွာသွားလာနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

ဂျူနိုင်း